
www.burmeseclassic.com

# ကိုဂိုက်

## အစိမ်းပြောသော မြစိမ်း



ဝန်းချီထွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၀၉၆၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၀၇၄၀၆၀၉

အကြိမ် – ပထမအကြိမ်

၂၀၀၇–ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံး – ဦးမြတ်စိုး

ပုံနှိပ်သူ မြင့်မြတ်သူအော့ဖ်ဆက် (၀၈၁၁၉)

အမှတ်၁/၇၊ အခန်း (၃)အနော်ရထာလမ်း၊

ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်


# ကိုပိုက်

## အစိမ်းပြောသော မြစိမ်း



www.burmeseclassic.com

www.burmeseclassic.com



မွေးမေ၊ မွေးဖေ
ဦးရသေ့
ပြီးတော့…
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။





မည်သို့ဖြစ်လေသည်မသိ။ ညဥ့်ဦးပိုင်းကတည်းက အိပ်ယာထက်တွင် ပက်လက်အနေအထားဖြင့် အိပ်ပျော်ရန်ကြိုးစားခဲ့သော်လည်း ညဥ့်သန်းခေါင်ယံရောက်သည့်တိုင် အိပ်မပျော်ခြင်းမရှိချေ။

ကျွန်တော့်နံ့ဘေးတွင်အိပ်ပျော်နေသည့် လင်းမြင့်လှိုင်တစ်ယောက်ကမူ ဟောက်လို့ပင်နေသေးတော့၏။ သို့ဆိုလျှင်တော့ စကားပြောဖော်လည်းမရှိချေပြီ။ အတွေးနယ်လည်းမချဲ့ချင်။ သည်တော့ အိပ်ယာထက်မှ ညင်သာစွာ ထလိုက်၏။ သို့ဖြင့် ဝါးကြမ်းခင်းသည်လှုပ်သွားလေခြင်းကြောင့် လင်းမြင့်လှိုင်သည် ဖျတ်ခနဲမျက်စိတစ်ဘက်ဖွင့် ကြည့်လာ၏။

အအိပ်ဆတ်လွန်းလှပါကလား။

“ဆောရီး”

သို့ကျွန်တော်က ပြောလိုက်လေပြီး တဲပေါ်မှဆင်း ကာ ဆင်းမီးပုံနားသွားလိုက်၏။

ဘယ်လိုကြောင့် အိပ်မပျော်မျက်လုံးတွေကြောင်နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထင်းမီးပုံပြာဖုံးနေခြင်းကို တုတ်တချောင်းဖြင့်ဆွပေးလိုက်သည်ကြောင့် မီးခဲတို့ပိုရဲလာ၏။ ထင်းခြောက်တုံးအနည်းငယ်မျှထပ်တိုးလိုက်သည်တွင် မကြာခင်အချိန်ကလေးမှာပင် ထင်းမီးတောက်ကြီးပြန်ဖြစ်လာတော့၏။

"ဖလပ် ဖရော့ ဖရော့"

သို့အသံကြောင့် ရုတ်တရက်မို့ ရင်ထိတ်သွား သော်လည်း အသံလာရာအမှောင်ထုတွင်း လှမ်းကြည့်လိုက်၏။

ဆိတ်ငြိမ်လို့နေသည်၊ မြေဝပ်ငှက်တစ်ကောင် ထပျံသွားခြင်းလေလား။

"ဖလပ် ဖလပ် ဖရော ဖရော"

နောက်ဘက်မှကြားလိုက်ရပြန်၏။ သို့ကြောင့် ကပျာကသီလှမ်းကြည့်လိုက်၏။

ဆိတ်ငြိမ်လို့နေပြန်၏။ သို့ဆိုတော့ အမှတ်တမဲ့ထားလိုက်ပြန်သည်ဆိုပေမင့်–

သို့အသံသည် တစ်ဖက်အာရုံပြုလိုက်လေတိုင်း ဆန့်ကျင်ဘက်နေရာလောက်ဆီမှပြန်ပြန်ပေါ်လာတတ်ခြင်းကြောင့် ရှုးခြားသည်ဟုထင်မိသဖြင့် စခန်းတဲပေါ်မှသေနတ်ကို သွားယူလိုက်ကာ မီးပုံနားရပ် ပြန်ထိုင်လိုက်ပြန်၏။

"ဖလပ် ဖလပ် ဖရော ဖရော"

"ဒိန်း"

အလွတ်မပေးလိုပြီဖြစ်ခြင်းကြောင့် ရုတ်ခြည်းဆိုသလိုတုန့်ပြန်ပစ်လိုက်၏။





"ကိုပိုက် . . . ဘာကောင့်တုန်း"

ယမ်းအားပေါက်ကွဲသံကြောင့် လင်းမြင့်လှိုင်နိုးလာပြီးမေးလေသဖြင့် အကျိုးအကြောင်းကိုပြောပြလိုက်၏။

"တောချောက်တာနေမှာပေါ့"

မပြောတတ်ချေပြီ။

သားကောင်တော့ဖြင့် မဟုတ်လောက်ပြီ၊ ဘယ့်အတွက်မှ ထိုအသံကိုကြားလိုက် ပျောက်လိုက်မဟုတ်ပါကလား။

သားကောင်ဆိုလျှင် ပြေးထွက်သွားသင့်ပြီ၊ လင်းမြင့်လှိုင် ပြောသလိုတောချောက်တာလို့ မှတ်လိုက်တော့၏။

"ကျွီး"

"ဟာ"

တဲအရှေ့ဘက်ခြမ်း ချောင်းကမ်းစပ်မှ တောဆင်ရိုင်းကြီးတစ်ကောင် ကျွန်တော်တို့တဲဘက်သို့နှယ် အသံပြုလျှောက်လှမ်းလာနေပါကလား။

ညဥ့်သန်းခေါင်ယံအချိန် ဘယ်ကဘယ်လိုရောက်လာပါလိမ့်။

တောဆင်ရိုင်းတော့ဖြင့် မဖြစ်လောက်ချေပြီ၊ ထိုဆင်မှာင် ထူးသံကြိုးတန်းလန်းတရွတ်တိုက် ပါလာခြင်းကြောင့် ပင်။

"ချလွင် .. ချလွင် .. ချလွင်.."

" ချလွင် .. ချွင် "

"ကျွီး"



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ ထိုဆင်တကောင်တည်း မဟုတ်၊ ဆင်ကောင်၏ဂုတ်ပိုးထက်တွင် ဆင်ဦးစီးတစ်ယောက်ပါလာချေ၏။ သို့ကြောင့်

"ဖိုးခွား . အချိန်မတော် မင်းဘယ်ကဘယ်လိုရောက်လာတာတုံး" လို့မေးလိုက်၏။

ဆင်ထူးသံကြိုးသံ။

"ကျိုးလ်" အော်မြည်သံတို့ကြောင့်၊ ကျွန်တော့်အမေးကိုမကြား၍လားမသိ။

ဆင်ကောင်သည်ရှေ့တိုးလာမြဲဖြစ်သလို ဆင်ဦးစီးသည်လည်း ခြေထောက်ကဆတ်ခါဆတ်ခါဖြင့်ရှိငြား။ ဆင်ထက်တွင်အိပ်ပျော်နေပုံပင်။ အတော်ထူးဆန်းသည် မဟုတ်ပါကလား။ ဆင်ကိုတော့ဖြင့် အလျင်မပြတ်ဘဲ သတိပေးခိုင်းနေပေမင့်။ သူသည်ထိုင်လျှက် အိပ်ပျော်နေခြင်းလား၊ ငိုက်မြည်းနေခြင်းလေလား။ သို့တည်းမဟုတ် တမင်တကာမျက်လုံးအစုံကို မှိတ်ထားလေခြင်းလားမသိ။

"ဟာ . .ဟော့ကောင် ဖိုးခွား ဖိုးခွား .."

လွန်စွာထိတ်လန့်ရပြန်၏။ ဆင်ကောင်သည်လည်းကောင်း၊ ဆင်ဦးစီးသည်လည်းကောင်း၊ ကျွန်တော့်ကိုမြင်ပုံမပေါ်၊ ရှေ့ဘက်ခပ်လှမ်းလှမ်းရှိ ထင်းမီးပုံကြီးကိုလည်း မြင်ပုံမပေါ်။

တရွေ့ရွေ့တည့်တည့်မတ်မတ် လျှောက်လာပြီးဖြစ်နေ၏။





"ဟော့ကောင် ဖိုးခွား မီးပုံကြီးရှိတယ်လေကွာ ဟာ"

"အား"

ဆင်ကောင်ကြီးသည် ထင်းမီးပုံကြီးကို ဝင်တိုးလိုက်လေခြင်းကြောင့် ထင်းမီးစတို့သည် ဖြန့်ထွက်ဖွာကျဲကျကုန်၏။ ကျွန်တော့်ထံသို့ တိုးဝင်လာတော့၏။

"အလားလား . . ပူလိုက်တာ"

ထင်းမီးခဲတို့ ကျွန်တော့်ခန္ဓာကိုယ်အနှံ့ ထိခက်လာခြင်းကြောင့် ပူလောင်ခြင်းဒဏ်ကိုမခံနိုင်တော့သည်ကြောင့် ရှောင်တိမ်းပြေးလွှားရင်း အော်ဟစ်လိုက်မိတော့၏။

"အား"

"ကိုပိုက် . . ကိုပိုက်"

'ဗျာ '

ကျွန်တော်အိပ်မက် မက်နေခြင်းပါကလား။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ငုံ့ကြည့်ရင်း ပြောသာ၏။

မိုးစင်စင်လင်းလေပြီလည်းဖြစ်၏။

"ကျွန်တော် မိုးလင်းလုမှာအိပ်ပျော်သွားပြီး အိပ်မက်မက်နေတာဗျ"

သို့ပြောရင်း လူးလဲထကာစခန်းတဲပေါ်မှဆင်းလိုက် ၏။

"ဟာ"

စခန်းတဲရှေ့တွင် ဆင်ချေးပုံကြီးတွေ့လိုက်ရခြင်း ကြောင့် အံ့သြသွားတော့၏။ ကျွန်တော့်ဖြစ်အင်ကိုသိလိုက် သော



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က–

"ဆင်ချိုးပုံမြင်တာနဲ့ ဘယ်လိုဖြစ်ရတာတုန်းဗျ"လို့ မေးလေသည်တွင် ကျွန်တော်က အိပ်မက်ဆိုးအကြောင်းပြောလိုက်လေ၏။

"တိုက်ဆိုက်လိုက်တာဗျာ၊ မိုးလင်းလုအချိန်မယ် အထက်ဆင်စခန်းက ဆင်တစ်ကောင်လာသွားတယ်ဗျ။ ကိုပိုက်ညကအတော်ကလေးများသွားတော့ကာ မကြားလိုက်မသိလိုက်တာပါ။ ဘယ့်နှယ့် မိုးလင်းလုမှအိပ်ပျော်သွားရမှာတုန်း၊ ညတုန်းကခေါင်းချလိုက်တာနဲ့အိပ်နေတာခုထိပါပဲဗျာ ဟင်း ဟင်း . .ဟင်း . . ဟင်း"

"အဲလိုလားဗျာ"

"ဟုတ်ပါ့"

"ကဲ . . ကဲ အစာရှိပုံမပေါ်ဘူး၊ စားလိုက်ချေဦး" ဆိုလျက် လင်းမြင့်လှိုင်သည် အသားကင်တစ်ချောင်းကိုထိုးပေးလာသဖြင့် –

"ဘယ်ကရတာတုန်း"

"ဘယ်ကရ ရမှာတုန်းဗျာ၊ ဆင်ဦးစီးလေးပေးသွားတာလေ"

"နို့နေပါဦး . . ဘယ်ဆင်ပိုင်းကလဲ"

"ကန့်ကျုံနီဆင်စခန်းကတဲ့ဗျ"

"နို့ဖြင့် ဆင်ခေါင်းကြီးစောသာဒင် ဆင်စခန်းကပေါ့"

"ဟုတ်ပါ့ဗျာ"



"မသိပါဘူးဗျာ ကျွန်တော့်အိပ်မက်ကလည်း အဆန်းသားကလား၊ တိုက်ဆိုင်မှုတစ်ခုလို့ပြောရမယ်"

သို့ဖြင့် ကျွန်တော်တို့သည် ဆင်ဦးစီးလေးပေးသွားသောဆတ်သားမီးကင်ကို စားလိုက်ကြပြီးနောက် အမဲရှာပစ်ရန်အလို့ငှာ စခန်းမှထွက်ခဲ့ကြတော့၏။

ကျွန်တော်တို့တောတိုးလျှောက်ခဲ့သည့်လမ်းတစ်လျှောက်ဆင်ခြေရာ၊ ဆင်ချေးပုံတို့ကိုတွေ့နေရ၏။

"မနက်ကဆင်ဦးစီးလေး သည်လမ်းကြောအတိုင်းသွားတာဖြစ်ရမယ်"

"နို့ဖြင့် သည်ကြောကနေဖြတ်ဆင်းသွားတာ ပေါ့"

သို့ဆိုလျက် ရှေ့မှတောတိုးသွားနေသော လင်းမြင့်လှိုင်သည် ဝါးပုန်းပင်တို့ကိုဖယ်ကာ ဆင်ခြေလျောတောင်ကြောလေးကိုဖြတ်၍ မြောင်ရှိရာသို့ထိုးဆင်းသွားလေ၏။ သို့ဖြစ်၍ ကျွန်တော်သည်လည်း သူ့နောက်မှဆင်းလိုက်သွားတော့၏။

မြေပြင်ထဲသို့ရောက်သွားသည်တွင် ကျောက်ရေအိုင်တစ်ခုနှင့်တန်းတိုးလေတော့၏။

ဆင်းလာပြီးမှမည်သို့မျှမတက်နိုင်၊ အိုင်တွင်းသို့ဆင်းသိုက်ကြရ၏။

"အလိုလေးဗျာ၊ အေးလိုက်တာ"

ထင်ထားသည်မှာ ထိုရေအိုင်၏အနက် ပေါင်လယ်လောက်ဟုထင်လိုက်မိပြား ခါးထိလောက်သည့်တိုင် ရေအနက်





www.burmeseclassic.com

www.burmeseclassic.com



ရှိချေ၏။

ကျွန်တော်တို့သည် သေနတ်ကိုယ်စီကို ပုခုံးထက် ထမ်းပိုး၍ ရေအိုင်ကိုဖြတ်ကျော်လိုက်၏။

ဟူးတော်ပါသေးရဲ့၊ အိုင်မှဆက်၍မြောင်းကြောအတိုင်း စီးဆင်းသွားသောရေသည် အိုင်အထက်တွင် ခြေသားလုံးသာ ခန့်မှသည် မြောင်းအတိုင်းလျှောက်ခဲ့ကြရာမှ ခြေမျက်စိခန့်သာ လျှင်ရေစီးရှိပေ၏။ မြေပြင်တစ်ဖက်တဝိုက် နံရံတွင်မတော့ ဆေးမြင်းခွာပင်နှင့် ကြက်ခြမ်းပင်တို့ပေါက် လျက်ရှိချေ၏။

ထိုနေရာတဝိုက် ပေါက်လျှက်ရှိသောဆေးမြင်းခွာမင် တို့တွင် အနက်ရောင်အုံတို့တွေ့ရသော်လည်း ကျွန်တော်တို့ အတွက် အသုံးဝင်လှခြင်းမရှိသဖြင့် ကျွန်တော်တို့အတွက် အသုံး တည့်သည့် ကြက်ခြမ်းသီးနီနီလေးတွေကိုသာလျှင်အနည်းငယ်မျှ ဆွတ်ခူးခဲ့ခြင်းသာရှိချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် မြောင်းပေါက်ဝသို့ ရောက် ခဲ့ကြ၏။

"အုဥ ・ အုဥ ・ အုဥ ・ အုဥ ・"

မြေပြင်မှထွက်သည်တွင် ရေခမ်းခြောက်လုဖြစ်သော ချောင်းသွယ်တစ်ခုသို့ရောက်လာသည်နှင့် ချောင်းတစ်ဖက် ကမ်းမှ မျောက်တစ်အုပ်ကိုတွေ့လိုက်ကြသဖြင့် –

"မျောက်မြီးရှည်တွေဗျ"

သို့ကျွန်တော်ကပြောလိုက်၏။





"မျောက်သားကဖြင့်မစားချင်ပေဘူးဗျ .. အဲဒီချောင်း တစ်ဖက်ကမ်းတောတိုးကြတာပေါ့"

သို့လင်းမြင့်လှိုင်ကပြောလာသဖြင့် ကျွန်တော်သည် လည်း မျောက်တစ်အုပ်လှုပ်ရှားပျာယာခတ်နေသည့် ချောင်း ကမ်းပေါ်တက်လိုက်တော့၏။

လင်းမြင့်လှိုင်သည် မျောက်အုပ်အား ခဲဖြင့်လှမ်းပစ် ခြောက်လှန့်လိုက်၏။

ဆူညံစွာအော်ဟစ်ရင်း ထွက်ပြေးကြကုန်၏။ သို့ဆို ဆမင့်လည်း ထိန်ပင်အထက်တွင်လွန်စွာကြီးမားသော မျောက် တစ်ကောင်နှင့် သာမန်အရွယ်အစားရှိမျောက်ထီးတစ်ကောင် ကျန်ရှိနေလေ၏။

"ခွီးလ်စ်"

"ဂွီးစ်"

တစ်ကောင်နှင့်တစ်ကောင်မျက်နှာချင်းဆိုင် အနေ အထားတွင်ရှိနေလေ၏။

မိတ်ဖက်တော့ဖြင့်မဖြစ်နိုင်၊ အကွာအဝေးနှစ်လံခန့်ရှိ ကြ၏။ တစ်ကောင်နှင့်တစ်ကောင်မာန်ဖီသွားဖြဲနေကြ၏။

ဗိုလ်လုတိုက်ခိုက်လိုခြင်းရယ်လေလားမသိချေ။

"ခွီးလ် ကွီးလ်"

"ဂွီးလ်"

"ခွီးလ်"

တစ်ကယ်ပင် မျောက်နှစ်ကောင်သဲကြီးမဲကြီးတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်လာကြတော့၏။

အလိုလေးဗျာ သို့ကြောင့်သာမျောက်လိုခေါ်ကြလေလားမသိချေ။ သစ်ပင်ထက်ကိုင်းခွဲတစ်ခုပေါ်တွင် တိုက်ခိုက်နေကြသည်မှာ အသည်းယားဖွယ်ပင်ဖြစ်တော့၏။

"ဟိုအကောင်ကြီးကနိုင်မပေါ့ဗျာ"

သို့ဆိုသလို ကျွန်တော်ကပြောလိုက်သည်တွင်

"အသေးကောင်က ပိုဆွာတယ်ဗျ"

ကျွန်တော်တို့သည် မျောက်နှစ်ကောင်တိုက်ပွဲကိုကြည့်ကောင်းသည်နှင့်ကြည့်နေကြတော့၏။

မျောက်နှစ်ကောင်သည် ကိုင်းခွဲပေါ်တွင်တိုက်ခိုက်နေရင်း တကိုင်းပြီးတကိုင်းကူးလူးသွားကြရာမှ

"ဟင်"

"ဟာ"

မျောက်ကောင်ကြီးသည် သစ်ပင်ပေါ်မှခြေချော်ကျလာတော့၏။

'ဘုတ်'

မြေပြင်တွင် ကျောက်စိုင်ကျောက်တုံးများရှိလေခြင်းကြောင့် ထိုမျောက်ကောင်ကြီးကံဆိုးစွာဖြင့် သေပွဲဝင်သွားရတော့၏။

သစ်ပင်ထက်မှ မျောက်ကောင်သည်သွားတဖြီးဖြီးမာန်ဖီနေလေတော့၏။ ပြီးလေမှ အခြားအပင်ကိုင်းထက်တို့မှ လွှဲခို၍ထွက်ပြေးသွားလေသည်။





"အသက်လုတိုက်ခိုက်တဲ့နေရာမယ် အကောင်ကြီးတာသေးတာနဲ့ဘာမှမဆိုင်ဘူးဗျ"

သို့သာ လင်းမြင့်လှိုင်ကပြောပြီး မျောက်သေကြီးထံသွားလေ၏။

"မျောက်သားမစားချင်လို့မပစ်ဖဲနေပါတယ်၊ မျောက်သေကောင်နဲ့လာတိုးရတယ်လို့ဗျာ" ပြောပြီး မျောက်သေကောင်ကိုကောက်ဆွဲမလိုက်လေသည်။

"ကျည်တစ်တောင့်မကုန်ဘဲရတော့လဲ စားရသေးတာပေါ့ဗျာ"

သို့ပြောရင်း လင်းမြင့်လှိုင်သည် မျောက်သေကောင်ကိုပုခုံးထက်တွင်ထမ်းပိုးသွားလေတော့၏။

သို့ဖြင့် တောတိုးလျှောက်ခဲ့ကြရာမှ –

"ဖလပ် . ဖလပ် . ဖလပ် . ဖျပ် . ဖလပ်"လို့အသံကြောင့် ရှေ့မှသွားနေသော လင်းမြင့်လှိုင်ခြေလှမ်းတုန့်သွားပြန်၏။ ကျွန်တော်တို့သည် ဆိတ်ငြိမ်စွာနေရန်လက်ကာပြပြီးနားစွင့်နေလေတော့၏။

"ဖလပ် . ဖလပ် . ဖလပ် . ဖျပ် . ဖလပ်"

နံဘေးနေရာဘက်ဆီခပ်လှမ်းလှမ်းချုံပုတ်နွယ်ပင်နောက်ကွယ်မှထွက်ပေါ်လာသောအသံကြောင့် နှစ်ယောက်သားစူးစိုက်ကြည့်နေရင်း သစ်ပင်ကြီးနောက်ကွယ်ပြေးကပ်နေလိုက်ကြ၏။

"ဘာကောင်ဖြစ်မတုန်း"



www.burmeseclassic.com

www.burmeseclassic.com



တိုးညင်းသောလေသံဖြင့်မေးလိုက်၏။

"သိပေဘူးဗျာ"

ကျွန်တော်တို့သည် သစ်ပင်နောက်ကွယ်မှချောင်းမြောင်းစူးစိုက်ကြည့်နေကြ၏။

"ဖလပ် . ဖျပ် . ဖလပ် . ဖျပ် . ဖလပ်"

'ချောက်'

လင်းမြင့်လှိုင်သေနတ်မောင်းတင်လိုက်၏။

"ဘာကောင်ဆိုတာသိပြီး မြင်လိုက်လို့လား"

လင်းမြင့်လှိုင်ခေါင်းခါပြ၏။

သို့ကြောင့် ကျွန်တော်တို့သည် ထိုချုံပုတ်နွယ်ပင်ကြီးနောက်ကွယ်မှ ဘာကောင်ထွက်လာမည်ကိုသိလိုဇော်ဖြင့်စူးစိုက်ကြည့်နေမိ၏။

အတန်ကြာလာသည့်တိုင် မည်သည့်အကောင်မျှထွက်မလာ၊ ချုံပုတ်နွယ်ပင်ကြီးနောက်ကွယ်မှလည်း မည် သည့်အသံမျှမကြားရ။

"ထွက်သွားပြီထင်တယ်"

ချုံပုတ်နွယ်ပင်ကြီးနောက်ကွယ်ရှိသတ္တဝါ ကျွန်တော်တို့မမြင်ကွယ်ရာနောက်ကွယ်မှထွက်သွားလေပြီထင်၍ပြောလိုက်ခြင်းဖြစ်၏။

"မဖြစ်နိုင်ဘူးဗျ . . ချုံပုတ်နွယ်ပင်ကြီး နောက်မယ်ထင်းထင်းကြီးရယ်၊ ရှေ့လည်းထွက်မလာဘေးထွက်မလာ၊ မမြင် ကွယ်ရာနောက်ကလှည့်ထွက်သွားချေဦးတော လှမ်းမြင်





ရတော့မပေါ့ဗျာ"

အင်း . . မှာတ်ပေသားပဲ၊ ချုံပုတ်နောက်ကွယ်ကထွက်လာလာ၊ ဘေးထွက်သွားသွားနောက်ဘက်လှည့်သွားသွား၊ မြင်ကွင်းရှင်းနေတာပဲလေ။ သို့ကြောင့် ချုံပုတ်နွယ်ပင်ကြီးနောက်ကွယ်တွင် အသံရှင်သတ္တဝါရှိနေနိုင်ပေ၏။ အသံမကြားရခြင်းသာဖြစ်၏။

ဘာရယ်ကြောင့်ငြိမ်သက်သွားရတာပါလိမ့်၊ ဘာကောင်ပါလိမ့်။

"နေဦးဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်က မျောက်သေကောင်ကိုမြေပြင်သို့အသာချလိုက်လေပြီး သေနတ်ကိုပစ်ခတ်ရန်အသင့်အနေအထားဖြင့်ကိုင်လိုက်လေပြီး ချုံပုတ်နွယ်ပင်ကြီးရှိရာသို့ခြေဖွနင်းချောင်းမြောင်းသွားလေ၏။

ကျွန်တော်သည်လည်း သေနတ်ကိုမောင်းတင်လိုက်လေပြီး လင်းမြင့်ကိုမျက်ခြေမပြတ်လိုက်ကြည့်နေလေ၏။

ဘာကောင်ဖြစ်နိုင်ပါလိမ့်။

လင်းမြင့်လှိုင်အတွက် သားကောင်ဖြစ်လေမလား၊ လင်းမြင့်လှိုင်ကထိုသတ္တဝါကောင်၏ သားကောင်ဖြစ်လေမလား၊ မပြောတတ်ချေပြီ။

ရင်ထိတ်နေမိသည်မှာအမှန်ဖြစ်၏။ ဘာကောင်ရယ်ဟုသိခြင်းထက် လင်းမြင့်လှိုင်အလစ်အငိုက်မခံရစေရေးအတွက် စိုးရိမ်စိတ်ကပိုများရလေ၏။

www.burmeseclassic.com



လင်းမြင့်လှိုင်သည် တဖြည်းဖြည်းချုံပုတ်နွယ်ပင်ကြီး နားရောက်သွားတော့၏။ လင်းမြင့်လှိုင်ခြေသံလုံပေလို့လား။ ချုံပုတ်နွယ်ပင်ကြီးတစ်ဖက်တွင် မည်သည့်သတ္တဝါမျှမရှိလေ၍ပေလားမသိချေ။

လေပြင်းတိုက်ခတ်၍ သစ်ရွက်ကိုင်းခက်ငယ်တို့လှုပ်ခပ်ခြင်းသာရှိချေ၏။

သို့ငြိမ်သက်နေသည်ကို ကျွန်တော်သဘောမကျပါချေ။

"အလိုလေးဗျာ" လင်းမြင့်လှိုင်တစ်ယောက် ချုံပုတ်နွယ်ဝင်ကြီးနောက်ဘက်ဆီသို့ချောင်းမြောင်းကြည့်နေလေ၏။

လင်းမြင့်လှိုင် ဘာကောင်များမြင်လိုက်လေပြီး၊ ရုတ်ခြည်းပစ်ခတ်လေမည်ကို ရင်တထိတ်ထိတ်ကြည့်နေမိ၏။

"အလိုလေးဗျာ" လင်းမြင့်လှိုင်ထံမှမကြာမီ အချိန်ကလေးတွင်ပြင်းထန်သောယမ်းအားပေါက်ကွဲသံကြားရလိမ့်မည်ဟုထင်ထားပေမင့် အထင်နှင့်အကြားတခြားစီဖြစ်လေတော့၏။

"ဟား ဟား ဟား ဟား ဟား ဟား ဟိ ဟိ ဟား ဟား"

လင်းမြင့်လှိုင်တစ်ယောက် ဘယ်လိုဖြစ်သွားလေသည်မသိ။ ခွက်ထိုးခွက်လန်ရယ်မောနေလေတော့၏။

ရူးများသွားလေပြီလား ဘယ်လိုဖြစ်သွားရတာ ပါလိမ့်။

လင်းမြင့်လှိုင်သည် သို့နှယ်ရယ်ရင်း ချုံပုတ်နွယ်ပင်





ကြီးနောက်ကွယ်သို့ ပတ်ဝင်သွားတော့၏။

အတန်ကြာတွင် ချုံပုတ်နွယ်ပင်ကြီးနောက်ကွယ်မှပြန်ထွက်လာတော့၏။

"ဟင်း"

ကျွန်တော်သက်ပြင်းချလိုက်သည်။

လင်းမြင့်လှိုင်လက်ထဲတွင် တောကြက်ဖတစ်ကောင်ပါလာချေရာ တောကြက်ဖ၏လည်ပင်းတွင် ကြိုးတန်းလန်းပါနှင့်ဖြစ်ချေ၏။

သုတ်ကိုင်းမိနေသည့် တောကြက်ဖကောင်၏ ရုန်းကန်လှုပ်ခတ်ကန်ကြောက်သံကို တလွဲချော်တွေးမိသွားခြင်းပါကလား။

"ကိုလင်း . . ဘာလို့ယူလာရတာတုန်း သူ့နေရာမှာပဲပြန်ထားလိုက်ပါဗျာ ....ဝါးခုတ်၊ သစ်ခုတ် သမားတွေရဲ့သုတ်ကိုင်းဖြစ်မှာပေါ့ ..."

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက် လေ၏။

"သည်ကြက်ပိုင်ရှင်ကို ကျွန်တော်သိတယ်ဗျ၊ ခုကျွန်တော်တို့ သူ့ဆီသွားမှာပဲ ယူသွားရမှာပေါ့။"

'ဗျာ'

လင်းမြင့်လှိုင် ဘယ်တွက်သို့ပြောတာပါလိမ့်၊ သည်နားတဝိုက်မှာလဲ ဝါးခုတ်တဲမရှိသည့် အနေအထားကြည့်ရုံခြင်းသိနိုင်၏။ ရှိချေတော့ ဘယ်သူ ဘယ်ဝါတွေ ဘယ်နှယ့်



www.burmeseclassic.com

www.burmeseclassic.com



သိနိုင်မှာလဲ။

ကျွန်တော် လင်းမြင့်လှိုင်ကို တအံ့တသြကြည့်လိုက်တော့၏။

"ဘာလဲ ကိုပိုက်အံ့သြနေလား ရော့ဒီမယ် တောကြက်ဖလည်ပင်းကကြိုးကို အသေအချာကြည့်ချေဗျာ"

သို့ဆိုကာ ကျွန်တော်အနားရောက်လာပြီးလျှင် တောကြက်ဖသေကို ကမ်းပေးလာ၏။

အလိုလေးဗျာ အစိမ်းရောင်နိုင်လွန်ကြိုးလေးပါကလား။

သုတ်ကိုင်းထောင်ကြသည့်တွင် အနက်ရောင်ကို အသုံးပြုသူများကြ၏။ သို့အစိမ်းရောင်နိုင်လွန်ကြိုးဖြင့် သုတ်ကိုင်းထောင်တက်သူသည် "ကင်းမတီး"ရွာသား စောထွန်းရွှေသာဖြစ်ချေ၏။

စောထွန်းရွှေသည် ကြံ့ရာကျွမ်းလုပ်သူဖြစ်၏။ သစ်ခုတ်သည်၊ ဝါးခုတ်သည်၊ အမဲလိုက်သည်၊ အဖော်ကောင်းလျှင် ပျားဖွတ်လိုက်တက်သူလည်းဖြစ်၏။

စောထွန်းရွှေသည် အစိမ်းရောင်ကိုကြိုက်နှစ်သက်သူဖြစ်၏။ ဆေးပေါ့လိပ်သောက်လျှင် ဖက်စိမ်းစိမ်းလေးများကို ရွေးသောက်[illegible]တ်၏။ ကွမ်းစားသူဖြစ်ခြင်းကြောင့် ကွမ်းရွက်စိမ်းစိမ်းလေးများသူ့ထံတွင်အမြဲတမ်းရှိတတ်၏။

သူသည်အင်္ကျီတောင်မှ အင်္ကျီအစိမ်းဖြစ်ချေ၏။

အစိမ်းရောင်ကိုနှစ်သက်ပြား မိတ်ဆွေအပေါင်းသင်း





များကိုမှ ခပ်စိမ်းစိမ်းဆက်ဆံတတ်သူမဟုတ်၊ ဖက်လှဲတကင်းနေတတ်ပြီး ပျော်ပျော်နေတတ်၏။

ကင်းမတီးထွန်းရွှေဆိုလျှင် မသိသူမရှိ။

သူ့တွင်သားတစ်ယောက်ရှိ၏။ ဇနီးသည်ကမူ ဆုံးပါးသွားချေပြီဖြစ်၏။ သူအစိမ်းကိုမည်မျှသဘောကျသည်ကိုကြည့်၊ တစ်ဦးတည်းသောသားကို "စောစိမ်း"လို့ နာမည်မှည့်ထားလေ၏။

"ဟိတ်ကောင် ဖိုးခွား မင်းနာမည်ငါစောစိမ်းလို့မှည့်ထားတယ်၊ နာမည်စောစိမ်းဆိုတဲ့အတိုင်း လူတကာကို စိမ်းစိမ်းကားကားမဆက်ဆံနဲ့၊ လေစိမ်းတွေမတိုက်နဲ့၊ အေးအစိမ်းရောင်ဆိုတော့ မျက်စိကိုအေးစေတယ်၊ နို့ကြောင့်မင်းနဲ့ဆက်ဆံမိတဲ့သူတိုင်း အမြင်ရှင်းကြည်လင်ရလေအောင် စောစိမ်းလို့မှည့်ထားတာကွသိလား၊ လူတွေရဲ့မျက်စိကို အေးသွားအောင်လို့ကွ မှတ်ထား"

"ဟုတ်ကဲ့ အဖေ"

သို့ဆိုပေမင့် စောစိမ်းသည် ဖခင်ဖြစ်သူစောထွန်းရွှေနှင့်ဆန့်ကျင်ဘက်တခြားစီဖြစ်နေတော့၏။

ကလေးဘဝကတည်းကပေပေတေတေ၊ လူမျိုးဆိုးလေးဖြစ်လာတော့ လူဆိုးလေးဖြစ်လာ၏။

ကင်းမတီးရွာသူကြီးဦးဖိုးစိန်က စောစိမ်းကိုကြည့်မရ အသည်းတွက်မှုစောစိမ်း သူတို့ရွာသို့မကြာခဏရောက်လာတတ်သည့်တောခေါင်းကြီးသိန်းလွင်နှင့်ဆုံကြ၍ သောက်စားကြလျှင်



www.burmeseclassic.com

www.burmeseclassic.com



သိန်းလွင်က "မင်းတို့ဘာမှတ်လဲ ဒါဖိုးစိန်ရပ်ကွက်ကွ" လို့မူးမူးနှင့်ကြွေးကြော်လေပါလျှင် သူကလည်း "ဒါဖိုးစိန်ရပ်ကွက်ကွ"လို့ သံယောင်လိုက်အော်ဟစ်တတ်သောကြောင့် ဖြစ်လေ၏။

တောခေါင်းကြီးသိန်းလွင်သည် သူကြီးဦးဖိုးစိန်နှင့် လွန်မင်းခင်မင်သူဖြစ်ခြင်းကြောင့် သို့နောက်ပြောင့်ခေါ်ခြင်းကို ဦးဖိုးစိန်ကခွင့်လွှတ်ကျေနပ်ပေမင့်၊ မလောက်လေးမလောက် စားသူ့ရွာသားလူပေလူတေကောင်လေးက "ဖိုးစိန်ရပ်ကွက် ဘာမှတ်လဲ" လို့အော်ဟစ်ပြောတတ်လေခြင်းကိုမူ ဦးဖိုးစိန် လက်မခံလိုပေ။ သို့ပေမင့် တောခေါင်းကြီးသိန်းလွင်ကြောင့် တားမှတ်ထားခြင်းသာရှိချေ၏။ စောထွန်းရွှေကိုခေါ်ပြော လေသော်လည်း-

"သူကြီးကလဲဗျာ၊ ကလေးပဲ၊ ခွင့်လွှတ်လိုက်ပါ။ သူကြီးနာမည်ကကော ဖိုးစိန်မဟုတ်ပေဘူးလား၊ ဖိုးစိန်လူကြီး အုပ်ချုပ်တဲ့ရပ်ကွက်က ဖိုးစိန်ရပ်ကွက်ပဲမဟုတ်လား"လို့ စောထွန်းရွှေကပြောလေသည်တွင်

"ဟုတ်တော့ဟုတ်တာပေါ့ကွာ၊ နို့ပေမင့်လို့ မလေး မစားနဲ့ အဲလိုလူကပါလိုက်အော်တော့ ဘယ်ကောင်းပါ့မတုန်း ဟ" ဆိုလာချေတော့၏။

"နို့ပြီးဖြင့်လည်း သူကြီးမကြိုက်လည်းပြောထားပါ့ မယ်" ဆိုတော့

"ဟာ အပါးကလည်း ကိုသိန်းလွင်ကြီးက သူ့လိုလို





အော်ရမယ်ဆိုလို့လိုက်အော်တာပါဗျာ"

ဆိုလာပြန်တော့လည်းဟုတ်ပေသားကလား။

သူကော သူ့သားပါ သစ်ခုတ်သမားများမဟုတ်ကြ ပါကလား၊ သို့ကြောင့် သိန်းလွင်နှင့်မကင်းနိုင်ကြသူများ ဖြစ်၏။

ကင်းမတီးရွာသို့ တောခေါင်းကြီးသိန်းလွင်ရောက် လာလျှင် သူကြီးမှအစပြု၍ လိုက်လိုက်လှဲလှဲဧည့်ခံဆက်ဆံ တတ်ကြ၏။

တောခေါင်းကြီးသိန်းလွင်ကလည်း သဘောမနော ကောင်းသူဖြစ်ခြင်းကြောင့် တော်ရုံကိစ္စကိုမျက်နှာလွှဲနေတတ် သူဖြစ်၏။

သို့ကြောင့်လည်း သူကြီးသည် သိန်းလွင်နှင့်ပတ် သက်လေခြင်းကြောင့် စောထွန်းရွှေနှင့်သားစောစိမ်းကို မသိ လိုက်မသိဘာသာနေပေးလေရတော့၏။

စောထွန်းရွှေ၊ စောစိမ်းတို့ကို သူကြီးသာလျှင်မဟုတ်၊ ကင်းမတီးတစ်ရွာလုံးအလိုက်အထိုက်ပေါင်းသင်းနေကြရတော့ ၏။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် စောထွန်းရွှေနှင့်သူ၏သားဖြစ်သူစောစိမ်းကို အတွင်းသိအစင်း သိဖြစ်ခြင်းကြောင့် ရင်းနှီးပေါင်းကြလေ၏။

သို့ဖြစ်ရန်လည်း စောထွန်းရွှေတို့သားအဖ ဖင်ပေါ ကြလေသဖြင့် အန္တတာခံကြလေ၏။

ကျွန်တော်တို့တောထဲတွင် အမဲပစ်ချင်လျှင် စောထွန်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေသည်မဖြစ်မနေလိုက်ပါသူဖြစ်၏။ ဘယ်တွက်မှုသူသည် ကင်းမတီးချောင်းဖျားတစ်ဝိုက်ဒေသကျွမ်းကျင်သူဖြစ် ၏။

လမ်းပြကောင်းတစ်ယောက်အဖြစ်အသုံးချနိုင်၏။

သူ၏သားဖြစ်သူစောစိမ်းကိုမူ ကျွန်တော်တို့သူ့အဖေ လောက်မရင်းနှီးကြချေ။ စောထွန်းရွှေသည် လမ်းပြကောင်း တယောက်သာမက အချက်အပြုတ်ကောင်းသူလည်းဖြစ်၏။

ရှင်းရှင်းပြောရလျှင်ဖြင့် စောထွန်းရွှေသည် အားကိုး လောက်သောသူဖြစ်၏။ မတွေ့တာကြာပြီဖြစ်သောကြောင့် ယခုစောထွန်းရွှေ၏ခြေရာကိုကောက်မိလေပြီ၊ (ကြက်ကောင် လည်တွင်း သုတ်ကိုင်း၌အသုံးပြုနိုင်လွန်ကြိုးအစိမ်းလေးတွေ့ လိုက်ခြင်း) စောထွန်းရွှေကိုတွေ့လိုဟန်ဖြစ်လေ၏။ သို့ဖြစ်၍ ကျွန်တော်သည် လင်းမြင့်လှိုင်ဦးဆောင်ရာနောက် ကျောက် ကောက်ပါအောင်လိုက်သွားချေတော့၏။

"အလိုလေးဗျာ" လင်းမြင့်လှိုင်ကိုမချီးကျူးဘဲမနေနိုင် တော့ပြီဖြစ်၏။

ပျဉ်းမပင်အောက်တွင်နားနေလဲလျောင်းအိပ်နေ ဟန်ဖြစ်သည့် စောထွန်းရွှေကိုတွေ့လိုက်ကြလေ၏။

"ဖထီ ဘာလုပ်နေတာတုန်း"

သို့ဆိုသလို ကျွန်တော်က စောထွန်းရွှေရှိရာသို့သွား လိုက်ကာ အိပ်နေသည်ထင်၍ လက်ဖြင့်ထိခတ်နှိုးလိုက်၏။

အင်းမလုပ်အဲမလုပ်။ သည်တော့အသေအချာကြည့် လိုက်၏။





"ဟာ"

"ဟင်"

စောထွန်းရွှေဘယ်လိုဖြစ်ရတာပါလိမ့်၊ အံ့ဖွယ်ပင် ကောင်းပေတော့၏။

စောထွန်းရွှေတစ်ယောက်အသက်မရှိတော့ချေပြီ။

"ဘယ်လိုဖြစ်ရတာလဲ ဖထီရယ်"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် စောထွန်းရွှေကို မည်သို့ကြောင့်သေဆုံးရသည်ကို လေ့လာစူးစမ်းကြည့်နေကြ အခိုက်–

"ဖလပ် ဖလပ် ဖျပ် ဖလပ် ဖျပ် ဖျပ် "လို့အသံကြား လိုက်သည်ကြောင့် ကပျာကသီအသံလာရာသို့လှည့်ကြည့် လိုက်ကြ၏။

"ဒိန်း"

ရိုပ်ခနဲမြင်လိုက်ရသောသင်္ကာန်ကို လျှပ်တစ်ပြက်ဆို သလို လင်းမြင့်လှိုင်ကပစ်လိုက်ပြီးဖြစ်၏။

မည်သည့်သားကောင်ရယ်လို့တော့မသိ။ ခွေလဲသွား သည်ကြောင့် ကျွန်တော်သည်နေရာမှဖြေးလေးစွာသွားလိုက် ၏။

လင်းမြင့်လှိုင်သည် စောထွန်းရွှေနားတွင်ကျန်ခဲ့လေ ပြီး ကျွန်တော့်ကိုကြည့်နေလေ၏။

ကျွန်တော်လည်း သတိကိုမပြတ်ထားကာတရွေ့ရွေ့ ချဉ်းကပ်သွားပြီးဖြစ်၏။ သင်္ကာန်တစ်ခုမြေပေါ်တွင်ပုံချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသိပြီး ဘာကောင်ရယ်မှမသိလေခြင်း၊ လင်းမြင့်လှိုင်ပစ်လိုက်သည့်ကျည်ကြောင့် သေဆုံးနေလေပြီလား၊ သို့တည်းမဟုတ် ပရိယာယ်သုံးကာ ကျွန်တော်တို့ကိုတိုက်ခိုက်ရန်ဟန်ဆောင်နေခြင်းရယ်လားမသိခြင်းကြောင့် လက်တွင်းရှိသေနတ်ကိုအရံသင့်ပစ်ခတ်နိုင်ရန်ကိုင်လျှက်မှ တရွေ့ရွေ့ချဉ်းကပ်သွားနေရခြင်းဖြစ်တော့၏။

"ကိုပိုက်သတိထားဗျ"

သို့နှယ်လင်းမြင့်လှိုင်ကလည်း သတိချေ၏။

ကျွန်တော်သည်တရွေ့ရွေ့ဖြင့်နီးကပ်သွားသည်နှင့်အမျှ ကိုယ်လုံးကိုပိုးတဝါးမြင်လိုက်ရ၏။

ခြေလေးချောင်းသတ္တဝါလည်းမဟုတ်၊ ခြေနှစ်ချောင်းသတ္တဝါလည်းမဟုတ်၊ ချုံပုတ်ပင်ငယ်တစ်ခုကလည်း ရှေ့မှကာခံနေခြင်းကြောင့် သဲသဲကွဲကွဲမသိရချေ။ သို့ပေမင့်လို့ ထိုသတ္တဝါသည် လှုပ်ခတ်နေခြင်းတော့ဖြင့် မရှိသည်ကြောင့် အနည်းငယ်တော့ဖြင့်စိတ်အေးရပေသည်။

'ဟင်' ဘာများလဲလို့ လုံးပတ်ခြေသားလုံးသားခန့်ရှိ မြွေကြီးတစ်ကောင်ဖြစ်ချေ၏။

မြွေကြီးသည် လင်းမြင့်လှိုင်လက်ချက်ဖြင့် သေဆုံးနေလေပြီဖြစ်ပြီး၊ မြွေကြီးပါးစပ်အတွင်းဦးခေါင်းအပါ ခန္ဓာကိုယ်တစ်ဝက်ခန့်ဝင်နေသည့် တောယုန်ညိုကြီးတစ်ကောင်ကိုတွေ့လိုက်လေမှ သဘောပေါက်သွားရတော့၏။

မြွေကြီးဆီကယုန်ကောင်ကိုမြိုနေစဉ် ယုန်ကောင်က





ရုန်းကန်နေလေသည်၌ သစ်ရွက်သစ်ကိုင်းများကို ယုန်ကောင်၏ခြေနှစ်ချောင်းနှင့်ထိခတ်ကြလေခြင်းမှပေါ် ထွက်လာသောအသံကြောင့် မြွေကောင်သည်လင်းမြင့်လှိုင်ကျည်မှန်၍သေရခြင်းဖြစ်လေ၏။

ကျွန်တော်သည် မြွေကောင်ကိုခွေလိပ်ယူလိုက်ကာ လင်းမြင့်လှိုင်ရှိရာသို့ ပြန်ခဲ့လေတော့၏။

"အလိုလေးဗျာ" လင်းမြင့်လှိုင်ဘယ်ရောက်သွားပါလိမ့်၊ စောထွန်းရွှေအလောင်းသည်လည်းမတွေ့လေပြီ။ ကျွန်တော်ပင်အမြင်မှားလေရော့လား၊ သို့တည်းမဟုတ် လင်းမြင့်လှိုင်သည် စောထွန်းရွှေအလောင်းကိုဘယ်ယူသွားပါလိမ့်။ သို့အတွေးဖြင့်ကျွန်တော်သည် ထိုနေရာတဝိုက်ဝေ့ဝိုက်ရှာကြည့်သေး၏။

အံ့ဖွယ်ပင်ကောင်းလေသည်။

မဝေးလောက်သောနေရာလေးသွားလိုက်လေခြင်း ခဏအချိန်အတောအတွင်း ခရီးတိုလေးတွင် လမ်းမှားစရာအကြောင်းလည်းမရှိနိုင်ချေ။ ဘယ့်တွက်သို့ဖြစ်ရပါလိမ့်။

စောထွန်းရွှေအလောင်းတွေ့သည့်သစ်ပင်အောက်တွင်မတော့ လင်းမြင့်လှိုင်၏ခြေရာလက်ရာကိုတော့ဖြင့်တွေ့ရ၏။ သို့ပေမင့် ဘယ်ဘက်ခြေဦးလှည့်သွားသည်ဆိုသည့်ခြေရာကိုတော့ဖြင့်ရှာမတွေ့ပြီ။ ကျွန်တော်သည် လင်းမြင့်လှိုင်လိုတော့ဖြင့် ခြေရာကောက်ပညာမတတ်ကျွမ်းခြင်းကြောင့်လည်းဖြစ်ချိမ့်မည်။ လင်းမြင့်လှိုင်ဆိုပါလျှင် မျက်စိလျှင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သွက်လက်ဖျက်လတ်မှုလည်းရှိ၏။ ကျွန်တော့်နေရာတွင် လင်းမြင့်လှိုင်ဆိုပါလျှင်ခြေရာကောက်နိုင်ပေမည်။

"ဝူး"

လို့ဆိုသလို ကျွန်တော်သည်အံချက်ပေးအသံပြုလိုက်၏။

"ဝူး"

"ဝူး"

ထပ်ကာထပ်ကာအသံပြုပေငြား မည်သည့်တုန့်ပြန်မှုမှုမရှိပါချေ။ သို့ကြောင့် ကျွန်တော်သည်ထမ်းပိုးလာသောမြွေကောင်ကိုမြေပြင်သို့ပစ်ချလိုက်ကာ လင်းမြင့်လှိုင်ကိုရှာဖွေရန် ထိုနေရာမှအစပြု၍ ဝါးတောသို့လျှောက်ခဲ့ရင်း

'ဝူး' 'ဝူး' 'ဝူး' လို့အသံပြုနေလိုက်တော့၏။

အံ့ဖွယ်ပင်ကောင်းပေတော့၏။ ဘယ်တုန်းကများ လင်းမြင့်လှိုင်သည် ကျွန်တော့်ကိုထားရစ်ခဲ့၍ထွက်သွားလေ့မရှိတတ်ချေ။ ယခုမူ လင်းမြင့်လှိုင်၏အရိပ်အယောင်ပင်မတွေ့မိပါချေ။

သို့ဖြစ်၍ကျွန်တော်သည် လင်းမြင့်လှိုင်အားအချက်ပေးရင်း ရှေ့ဆက်တောတိုးလျှောက်ခဲ့သည်တွင် အင်ကြင်းတောသို့ရောက်လာလေ၏။

ဆာလောင်လေသည်လည်းဖြစ်၍ အင်ကြင်းပင်တပင်အောက်တွင်ထိုင်ချလိုက်၏။ ပစ်ခတ်ရရှိလာသောမြွေကောင်ကို မယူမလာမိခြင်းအတွက်တော့ဖြင့် နောင်တရမိသေး





တော့သည်။ သို့ဖြစ်၍ ခဏတာမျှနားပြီးလျှင် လင်းမြင့်လှိုင်နှင့်ပြန် ဆုံဖို့ရာနောက်ထား၍ ဆာလောင်ခြင်းပြဿနာအရင်ဖြေရှင်းရပေမည်။

ကျွန်တော်သည် အင်ကြင်းပင်အောက်တွင် သက်သောင့်သက်သာထိုင်ရင်း သစ်ပင်ကိုကျောမှီမှိန်းနေလိုက်၏။

သို့ရှိစဉ် 'ပီးစ်လ်' 'ပီးစ်လ်' 'ပီးစ်လ်' လို့ချေကောင်၏အော်သံကြောင့်မျက်လုံးဖွင့်နားစွင့်လိုက်၏။

တစ်ဖက်တောင်ကြောစွယ်အစပ်မှ လာသောအသံဖြစ်ခြင်းကြောင့် ကျွန်တော်သည်သေနတ်ကိုဆွဲ၍ ကပျာကသီထလိုက်၏။ အသံလာရာတောင်ကြောဘက်ဆီသို့ တရွေ့ရွေ့ချောင်းမြောင်းလျှောက်သွားလိုက်၏။

ကျွန်တော်၏ပစ်မှတ်သည် ငြိမ်သက်နေ၏။ မောင်းထိန်းခလုတ်ကိုဆွဲညှစ်ရန်သာရှိတော့၏။

သို့ရှိစဉ်

"အမေပျောက်လို့လိုက်ရှာနေတဲ့ 'ချေ'ကောင်လေးကိုမသတ်ချင်စမ်းပါနဲ့ကွာ"

သို့အသံနှင့်အမေး ကျွန်တော့်ပုခုံးကိုဆုပ်ကိုင်လာခြင်းခံရသဖြင့်လှည့်ကြည့်လိုက်၏။

'ဟင်'

ကျွန်တော်လွန်မင်းစွာထိတ်လန့်သွားတော့၏။ ရယ်ကျဲကျဲမျက်နှာနှင့်စောထွန်းရွှေသည် လူသေကောင်မဟုတ်ပါကလား၊ ဘယ့်တွက်သို့ဖြစ်ရတာပါလိမ့်၊ တရွှေသူရဲ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်ခြင်းခံရပါကောလား။

"ဖထီ . . ခင်ဗျားသေပြီမဟုတ်လား"

သို့လွှတ်ခနဲပါးစပ်မှထွက်သွား၏။

"ဖထီမသေလို့၊ ခုတွေ့ရတာပေါ့ဗျာ"

'ဟင်' 'ကိုလင်း'

ဘယ်လိုကဘယ်လိုရောက်လာကြပါလိမ့်။ ကျွန်တော်သည်အံ့ဩတကြီးသူတို့နှစ်ယောက်ကိုငေးကြောင်ကြည့်နေမိ၏။

လင်းမြင့်လှိုင်ကတော့ထားပါတော့။ စောထွန်းရွှေကသေလူ၊ ဘယ်လိုကြောင့်ခုလိုပုံစံနှင့်တွေ့ရတာပါလိမ့်၊ သို့ကြောင့် လင်းမြင့်လှိုင်ကိုအမိပွါယ်ပါပါကြည့်လိုက်၏။ လင်းမြင့်လှိုင်သည် သူ့ဝသီအတိုင်းသွားတက်လေးပေါ်ရုံပြုံးပြလာလေပြီး။

" ဖထီမသေပါဘူးကိုပိုက်ရဲ့၊ ကျွန်တော်တို့နှစ်ယောက်ကိုနောက်ပြောင်လိုလို့ သေဟန်ဆောင်နေတာဗျ၊ ကိုပိုက်လည်း ကျွန်တော်ပစ်လိုက်တဲ့ မြွေကောင်ကိုသွားကောက်နေတုန်း . . . . .

"ဆရာပိုက်ကိုနောက်ဦးမှဗျ"ဆိုပြီး ဖထီကပြောလည်းပြော၊ ကျွန်တော့်ကိုလည်း အဲဒီနေရာကနေဆွဲခေါ်သွားတော့တာပဲဗျ၊ ဝေးဝေးလေးတော့မဟုတ်ပေဘူး ကိုပိုက်ကိုမြင်နေရလောက်တဲ့ မမြင်ကွယ်ရာကိုပဲလေ ဟင်းဟင်းဟင်း"

အတော်ကလေးပျော်ပျော်နေတက်သည့် စောထွန်းရွှေ





ပါကလား၊ ကျွန်တော့်မှာဖြင့် လင်းမြင့်လှိုင်နှင့် အမှန်တကယ်သမ်းကွဲကြပြီထင်ထားမိပေ၏။

"ဆရာပိုက်ဆာနေပြီထင်တယ်၊ ငါ့မယ် ဆတ်သားခြောက်တွေပါတယ်ဟ"

သို့ဆိုလျှက် စောထွန်းရွှေသည် သူ့လွယ်အိတ်နီကျားကြီးအတွင်းမှ ဆတ်သားခြောက်အမြှောင်းတစ်ခုကိုထုတ်ပေးလာချေ၏။

သည့်နောက် ကျွန်တော်တို့သည် ခြေခင်းလက်ခင်းသာသည့်နေရာထိုင်ခင်းလေးကိုရှာလိုက်ကြကာ နားနေလိုက်ကြရင်း ဆတ်သားခြောက်ကိုထင်းမီးဆိုင်ဖုတ်စားလိုက်ကြ ၏။

ဆတ်သားခြောက်ဖုတ်နှင့် ဝီစကီသောက်ရင်း စကားစမြည်ပြောကြ၏။

"နို့ဖြင့် ဖထီသား 'အစိမ်း' တစ်ယောက်ဘာလုပ်နေတုန်း"

သို့ကျွန်တော်ကမေးလိုက်သည့်တွင် စောထွန်းရွှေချထ်နှာပျက်သွားလေပြီး။

"သူအိမ်ကထွက်သွားတာကြာပြီ၊ ဘယ်ရောက်လို့ရောက်နေမှန်းမသိပါဘူး၊ အိမ်ပြန်မလာတာတစ်လလောက်ရှိနေပြီ" လို့ပြောလေ၏။

"ဟုတ်လား . . ဘယ်လိုဖြစ်သွားရတာတုန်း၊ ဖထီနဲ့စကားများပြီးထွက်သွားတာလား"

"ဟုတ်ဘူး သူဘာသူထွက်သွားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ပြောကြည့်စမ်းပါဦး"

"သည်လိုကွ . . သူငွေးတို့နဲ့ ကျွန်းသင်းသတ်ပြန်လာပြီးကတည်းက"

"မြစိမ်းဆီ သွားမယ်ချည်းပြောနေတော့တာပဲ"

"ဘယ်သူလဲ မြစိမ်းဆိုတာ"

ကျွန်တော်ကမေးလိုက်၏။

"သိပေဘူးကွ၊ ငါလဲမေးပါတယ်၊ မြစိမ်းဆိုတာဘယ်သူလဲ၊ ဘယ်ကလဲပေါ့"

"သည်တော့ဘာပြောလဲ"

"မြစိမ်းဆီပဲသွားမယ်"ပြောတယ်၊ တခြားဘာမှမပြောဘူး၊ တမှိုင်မှိုင်တတွေတွေနဲ့ကွာ၊ သည်တော့ ငါ . . ငွေးကိုတော့သွားမေးကြည့်တယ်"

"ဘာပြောလဲ"

"သူလဲဘာမှမသိဘူးတဲ့"

"ဟင်"

"ငွေးကခုတော့ပြောတယ်"

"ပြောစမ်းပါ"

"သူနဲ့သစ်ခုတ်လိုက်ရင်း တစ်ရက်နဲ့တညသူတောထဲမှာလမ်းပျောက်သွားဖူးတယ်တဲ့၊ နို့ကြောင့်များသွေးလန့်သွားတာလားမသိဘူးတဲ့လေ"

"ဘယ်လိုကဘယ်လိုအိမ်ကပျောက်သွားရတာလဲ"

"မှတ်မှတ်ရရပြောရမယ်ဆိုလျှင်ဖြင့် အဲဒီညကမိုးအတော်က





လေးရွာတယ်ကွ၊ ငါလဲမိုးအေးအေးနဲ့အိပ်နေတာ အဲဒီအချိန်မှာပဲ"

"မြစိမ်းရေငါလာပြီကွ" ဆိုပြီး အစိမ်းမိုးရေထဲထွက်ပြေးသွားလို့ငါလိုက်ခေါ်ရသေးတယ်။ ငါ့အထင်ပြောရလျှင်တော့သည်ကောင်ရူးသွားပြီလားမသိပါဘူးကွာ၊ နေ့လယ်ခင်းကျ ငါတောထဲသွားပြီးပြန်လာတော့ အိမ်မှာသူမရှိတော့ဘူး၊ ခုထိပါပဲကွာ"

သို့စောထွန်းရွှေကပြောလေတော့၏။

"ဖထီးကလိုက်မရှာဘူးလား"

"လိုက်ရှာတာပဲပေါ့ကွာ၊ တစ်ဦးတည်းသောသားလေကွာ၊ ငါခုထိကိုရှာပြန်မရောက်သေးတာ"

"ဟင်"

ကျွန်တော်သည် လင်းမြင့်လှိုင်ကိုအဓိပ္ပါယ်ပါမျက်လုံးဖြင့်ကြည့်လိုက်၏။

"ဖထီးရယ် . . သိပ်လဲစိတ်မပူပါနဲ့၊ ကျွန်တော်တို့နဲ့ဆုံပြီပဲ၊ လိုက်ကူရှာပေးမှာပေါ့ဗျာ"

သို့လင်းမြင့်လှိုင်ကပြောလိုက်ရာတွင် စောထွန်းရွှေတစ်ယောက်ဝမ်းသာအဲလဲဖြစ်သွားချေတော့သည်။

စားသောက်နားနေပြီးနောက် ထိုနေရာလေးမှထွက်ခဲ့ကြတော့၏။

အင်ကြင်းတောလွန်လေသည်တွင် ဖုန်းဆိုးမြေတစ်ခုသို့ရောက်လာလေ၏။ ထိုဖုန်းဆိုးမြေကိုဖြတ်ခဲ့ကြသည့်တွင်



www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်ငယ်တစ်ခုအတွင်းမှ ယုန်ညိုကြီးတစ်ကောင်ထွက်ပြေးသွားလေသည်ကြောင့် စောထွန်းရွှေသည်လည်း ပြေးလိုက်သွားတော့၏။

ယုန်ညိုကြီးသည်ကွင်းဖြစ်နေခြင်းကြောင့် ချုံပုတ်နွယ်ပင်ငယ်တို့တွေ့တိုင်းလုံခြုံလိုလုံခြုံငြား ပြေးဝင်ဝပ်တွားတတ်လေ၏။

မုဆိုးကြီးစောထွန်းရွှေသည် ယုန်ညိုကြီးဝင်ရောက်ပုန်းခိုရာချုံတိုင်းကိုထိုးကော်ဖြိုရှာလေ၏။ သို့ဆိုတော့ ယုန်ညိုကြီးသည်ချုံတစ်ဘက်နောက်ကွယ်မှ ပြေးလွှားသွားပြန်လေ ၏။

ကျွန်တော်သည် စောထွန်းရွှေအဖြစ်ကိုကြည့်၍ သဘောကျမိလေတော့၏။

စောထွန်းရွှေ ထိုယုန်ကိုမည်သို့ရနိုင်ပါမည်နည်း၊ သို့တောင်မှကွင်းစပ်စပ် ဖုန်းဆိုးမြေဖြစ်နေခြင်းကြောင့်ဖြစ်၏။ အကယ်၍များသစ်တောအုပ်ဆိုပါလျှင် စောထွန်းရွှေတစ်ယောက် ယုန်ကောင်ကိုမျက်ခြေပြတ်သွားသည်မှာကြာချေပြီဖြစ်၏။

"ဖထီးမောရှာရောပေါ့"

သို့ကျွန်တော်ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သဘောပေါက်သွားပုံရပြီး

"ဖထီးယုန်ကောင်နောက်ထပ်မလိုက်နဲ့တော့ဗျို့"

လို့လင်းမြင့်လှိုင်ကအော်ပြောလိုက်သည်တွင် စောထွန်းရွှေတစ်ယောက်ချုံပုတ်ပင်မှထွက်ရပ်လေသည်။





"ဒိန်း"

သို့ယမ်းအားပေါက်ကွဲသံကြီးထွက်သွားသည်နှင့် အစ်ပြိုင်နက် ဖုန်းဆိုးမြေအစပ်သို့ရောက်လုပြီဖြစ်သော ယုန်ညိုကြီးရှေ့ဆက်မပြေးနိုင်၊ ယိမ်းယိုင်လဲကျသွားလေ၏။

စောထွန်းရွှေသည် လင်းမြင့်လှိုင်ကိုအံ့သြတကြီးကြည့်နေတော့၏။

"စောစောကသာပစ်လိုက်ပါတော့လား ဆရာလင်းရယ်၊ ခုတော့ ငါလျှာထွက်နေပြီကွ"

သို့မောဟိုက်လေသံဖြင့်ပြောရင်း ယုန်ညိုကြီးလဲကျသွားသောနေရာသို့သွားလိုက်လေတော့၏။

လင်းမြင့်လှိုင်နှင့်ကျွန်တော်ကလည်း စောထွန်းရွှေဖြန်အလာကိုမစောင့်လေတော့ဘဲ နောက်မှလိုက်သွားကြတော့၏။

ဦးခေါင်းမရှိတော့သော ယုန်ညိုကြီးကိုအသေအချာဆိုင်တွယ်ကြည့်နေသည့်စောထွန်းရွှေနားရောက်သွားကြသည်တွင်–

"ရှေ့တောတန်းလေးထဲဝင်ကြပြီး၊ ခြေခင်းလက်သင်းသာတဲ့နေရာမယ် ညအိပ်စခန်းချကြတာပေါ့" လို့ လင်းမြင့်လှိုင်ကပြောလေ၏။

သို့ဖြစ်၍ ကျွန်တော်တို့သည် အောက်ပေါင်းရှုတ်ပန်းစုံသောအတွင်းရှိလမ်းမြောင်လေးအတိုင်း လျှောက်ခဲ့ကြရာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုသောင်းဝါးတောသို့ရောက်လာကြပြန်၏။

ကြိုသောင်းဝါးတောသို့ရောက်သည်တွင် နေအတော်စောင်းလေပြီဖြစ်သည်။

ထိုကြိုသောင်းဝါးတောအတွင်း တောဆင်ရိုင်းများရောက်လာတတ်ပုံမပေါ်ချေ။ တစ်ပင်တိုင်ဝါးအပေါက်များချေ၏။

ကံအားလျော်စွာပင် ကျွန်တော်တို့သည် ဝါးတောအတွင်းဖြတ်စီးဆင်းနေသည့် ချောင်းလေးအနားတွင်ရှိ ဇင်ပြွန်းပင်အောက်ခြေတွင် စခန်းချရန်ဆုံးဖြတ်လိုက်၏။

သို့ဆိုတော့ ကျွန်တော်နှင့်စောထွန်းရွှေသည် နေရာထိုင်ခင်းကိုရှင်းလင်းနေခိုက် လင်းမြင့်လှိုင်သည် အမဲရှာရန်ကျွန်တော်တို့အပါးမှသေနတ်ဆွဲထွက်သွားလေတော့၏။

ဝါးတောအတွင်းဖြစ်သည့်ကြောင့် လဲပြိုနေသောဝါးခြောက်များနှင့်ထင်းအခြောက်များကို အတော်များများစုဆောင်းရလိုက်တော့၏။

ကျွန်တော်နှင့်စောထွန်းရွှေသည် သစ်ကိုင်းခြောက်စုဆောင်းပြီးနေရာထိုင်ခင်းရှင်းလင်းပြီးဖြစ်သည့်တိုင် လင်းမြင့်လှိုင်ပြန်ရောက်မလာသေးပေ၊ သေနတ်သံလည်းမကြားမိသေးချေ။

"ဖထီး ... ကျွန်တော်ရေသွားချိုးဦးမယ်"

ကျွန်တော်သည် ချောင်းသို့သွားလိုက်၏။ ချောင်းရေသည် စီးဆင်းနေသည်ဆိုငြား ခြေမျက်စိသာသာလျှင်





ရေအနက်ရှိလေခြင်းကြောင့် ထိုချောင်းရေစီးအတိုင်း စုန်၍ဆင်းခဲ့တော့၏။ စခန်းနှင့်အတော်ကလေးလှမ်းသောက်တွင် ဒူးဆစ်သာသာရေအိုင်လေးရှိလေသဖြင့် ထိုအိုင်တွင်သာဆင်း၍ရေစိမ်လိုက်ရတော့၏။

အလိုလေးဗျာ အေးလိုက်တာ။

စိမ်းချောင်းလေးဖြစ်နေခြင်း၊ ညနေအတော်စောင်းလေပြီဖြစ်ခြင်းကြောင့် အေးစိမ့်လာခြင်းဖြစ်ချိမ့်မည်။

သို့ကျွန်တော်သည် ရေအိုင်လေးအတွင်းစိမ်းပြေနားပြေကိုယ်အနှံ့ပွတ်သပ်ချိုးနေစဉ်–

"ဒိန်း"

ပြင်းထန်သောယမ်းအားပေါက်ကွဲသံနောက်မှ တောကျီးတစ်အုပ်လန့်ဖျတ်အော်ဟစ်သံများဆူဆူညံညံကြားလိုက်၏။

ရှေ့ဘက်တောင်ကြောပေါ်မှဖြစ်၏။

လင်းမြင့်လှိုင်သာလျှင်ဖြစ်ချိမ့်မည်။ သို့တွေးလိုက်မိခြင်းကြောင့် အမှတ်တမဲ့နေလိုက်၏။

ကျွန်တော်သည်လည်း ရေစိမ်ချိုးပြီးသည့်နောက် စခန်းသို့ပြန်ခဲ့တော့၏။

စခန်းတွင်လင်းမြင့်လှိုင်ရောက်နေ၏။

မြန်လိုက်လေခြင်း၊ စောစောကပင် အရှေ့ဘက်ခြမ်းမှသေနတ်သံကြားရ၏။ ယခုလင်းမြင့်လှိုင် စခန်းသို့ပြန်ရောက်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း . . ဘာကောင်ပစ်ရလာတုန်း"

ကျွန်တော်ကလှမ်းဆုံသည်နှင့်မေးလိုက်၏။ ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည်ပြုံး၍ပြလာချေပြီး

"ဘာသားကောင်မှမတွေ့လို့ မပစ်ခဲ့ရပါဘူးဗျာ၊ သွားရင်းလာရင်းတောင်လိပ်တစ်ကောင်ရလို့တော်ပါသေးရဲ့၊ မှောင်စလည်းပျိုးလေပြီဆိုတော့ စခန်းပြန်ခဲ့ရတာပေါ့"လို့ ပြောလာ၏။

"ဟင် . . နို့ဖြင့် ကျွန်တော်ကြားလိုက်ရတဲ့သေနတ်သံကတော့ကိုလင်းပစ်လိုက်တာမဟုတ်ဘူးပေါ့၊ ကျွန်တော်က ကိုလင်းပစ်လိုက်တာထင်နေတာဗျ"

"ဘယ်တုန်းကသေနတ်သံကြားလိုက်ရတာတုန်း"

လင်းမြင့်လှိုင်ကမေးလာသလို စောထွန်းရွှေကလည်း ကျွန်တော့်ကိုကြည့်၍ နားစွင့်ထားလေ၏။

သို့ကြောင့် စောကရေချိုးနေစဉ်ကြားလိုက်ရသည့် သေနတ်သံနှင့်ကျီးတအုပ်ပြိုစင်းသံကိုပြောလိုက်၏။

"မဖြစ်နိုင်တာချည်းဗျာ . . ကိုပိုက်ရေချိုးနေတာမြင်နေရတာပဲ၊ ဘာဝေးမှတ်လို့၊ သေနတ်သံကိုပိုက်ကြားလျှင်ဖြင့် ကျွန်တော်တို့ကြားရပေမပေါ့"

သို့လင်းမြင့်လှိုင်ကပြောသလို စောထွန်းရွှေကလည်း

"ငါလဲ သေနတ်သံမကြားမိပါလားဆရာပိုက်ရယ်" လို့ပြောလာသဖြင့် ကျွန်တော်အံ့သြမိသွားလေ၏။

ကျွန်တော်ကြားပြီး သူတို့ဘာလို့မကြားကြပါလိမ့်





သေနတ်သံမှသေနတ်သံပင်၊ နားကြားမလွဲလောက်ပါချေ။ ကျီးတစ်အုပ်လန့်ပျံနေသည်ကိုပင်မြင်လိုက်ရသည်ပဲ။

"ကဲ . ကိုပိုက်လာချေဗျာ၊ ရှိတာလေးစားလိုက်ကြတာပေါ့"

သည့်နောက်ကျွန်တော်တို့သည် လိပ်သားမီးကင်ဖြင့် အမြည်းလုပ် ဝီစကီသောက်လိုက်ကြ၏။

"ကိုလင်းမနက်ကိုဘယ်သွားမယ်စိတ်ကူးရှိနေလဲ"

သို့ဆိုသလို ကျွန်တော်က လိပ်သားကင်တစ်ဖတ်ကောက်ဝါးရင်းမေးလိုက်၏။

"ဘယ်ရယ်လို့တော့စိတ်ကူးမရှိပါဘူး၊ ဘာလို့များလဲ"

"အော် . . ကျွန်တော်ရေချိုးနေတုန်းကြားလိုက်ရတဲ့ သေနတ်သံနဲ့ကျီးတစ်အုပ်လန့်ဖျတ်အော်ဟာစ်ပြိုလဲသံကြားတဲ့နေရာ သွားမလားလို့"

"ကိုပိုက်သဘောပဲလေ"

သို့ဖြင့် စားသောက်ကြရင်း သစ်ပင်ကိုကျောမှီ၍ နားနေလိုက်ကြတော့၏။

ကျွန်တော်တို့အိပ်ပျော်လုတွင် စောထွန်းရွှေက ထင်းမီးပုံကြီးအတွင်း ထင်းခြောက်တုံးများထပ်ထိုးထည့်လေသည်ကိုသိလိုက်ရသည့်နောက်ပိုင်း ဘယ်လိုကဘယ်လို အိပ်ပျော်သွားသည်မသိပါတော့ချေ။

မည်မျှကြာကြာအိပ်ပျော် သွားလေသည်မသိ။

"ကျွီးလ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွီးလ်"

"ဝူး . . ကျွီးလ်"

သို့တောဆင်ရိုင်းကောင်၏အသံကြောင့် လန့်နိုးခဲ့ရ၏။

"တောဆင်ကောင်ဗျ"

ကျွန်တော့်အလျှင်နိုးနှင့်ပြီးသော လင်းမြင့်လှိုင်က ပြော၏။

"သည်ဘက်များဦးတည်လာနေတာလားမသိဘူး"

"ပြောမရဘူးဗျ"

သို့ဖြစ်သည်ကြောင့် ကျွန်တော်တို့သည် ထင်းမီးပုံကို ထင်းခြောက်များထပ်တိုးထည့်လိုက်၏။ အတန်ကြာတွင် မီးတောက်မီးလျှံကြီးဖြစ်လာ၏။

စောထွန်းရွှေက ဝါးလုံးစိုများကိုသွားယူလေပြီး မီးပုံတွင်းကန့်လန့်ဖြတ်ထိုးထည့်လေ၏။

"ဘောင်း"

"ဘောင်း"

"ဘောင်း"

အတန်ကြာအချိန်တွင် ဝါးပေါက်ကွဲသံများထွက်လာ၏။ သို့ကြောင့်လေလားတော့မသိ။ တောဆင်ကောင်၏အသံ မကြားရတော့ချေ။

"သည်ကောင်ကြီး ဝါးပေါက်သံကြောင့်လစ်သွားပြီထင်တယ်"





စောထွန်းရွှေကပြော၏။ ပြီးနောက် သူ့နေရာတွင် မြှန်လှဲလိုက်၏။ ကျွန်တော်လည်းမအိပ်ချင်တော့ပြီဖြစ်၍ မီးပုံနားတွင်ထိုင်ရင်း တံစို့ထိုးမီးကင်တစ်ချောင်းကို ယူစားနေလိုက်၏။

"ရော့လေ ကိုပိုက်"

လင်းမြင့်လှိုင်ကအနားရောက်လာပြီး ဝီစကီပြားလေးတိုကမ်းပေးလေ၏။

ကျွန်တော်သည်လှမ်းယူရင်းပြုံးပြလိုက်ကာ တစ်ငုံမော့လိုက်သည်။

"ကျွီးလ်"

"ကျည်းလ်"

"ဟာ"

"ဟင်"

လုံးဝထင်မှတ်မထား၊ တောဆင်ရိုင်းကောင်သည် ကျွန်တော်တို့နှင့်ခပ်လှမ်းလှမ်းအမှောင်ရိပ်တွင်းမှထွက်လာလေ၏။ သို့ကြောင့် ကပျာကသီဆိုသလိုပင် လက်တွင်းရှိသေနတ်တို့ဖြင့် နှစ်ယောက်သားမတိုင်ပင်မိဘဲနှင့်လှမ်းချိန်လိုက်၏။

တောဆင်ကောင်မဲမဲကြီးသည် ကျွန်တော်တို့ထံဦးတည်လာခြင်းဖြစ်သည်ကြောင့် ခြောက်လှန့်သည့်အနေဖြင့် လှမ်းပစ်လိုက်၏။

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှံး"

"ကျိုးလ်"

"ဝူး ကျည်းလ်"

"ဝေါ ဝေါ ဝေါ ဝရော ဝေါ ဝေါ" တောဆင်ကောင် နောက်လှည့်တောတိုးပြေးသွားတော့၏။

"ဟူးလ် "

သည်တော့မှသက်ပြင်းချလိုက်နိုင်သည်။ စောထွန်းရွှေတစ်ယောက်ဆူညံသောဆင်ကောင်အော်သံနှင့် သေနတ်သံတို့ကြောင့်အိပ်ယာမှနိုးလာလေ၏။

"ဘာဖြစ်တာလဲ" မေးလာသဖြင့်ကပျာကသီဖြင့်ဖြစ်စဉ်ကိုပြောပြ လိုက်၏။ သို့ရှိစဉ် –

" ဝူး "

" ဝူး " လို့ဆင်ကောင်ကြီးဝင်သွားရာဘက်မှ အချက်ပေးအော်ဟစ်သံကြားရလေခြင်းကြောင့် အံ့ဩမိလေတော့၏။ တစ်ယောက်မျက်နှာတစ်ယောက် ငေးကြည့်မှင်တက်မိတော့သည်။

"သည်ဆင်ကောင် အိမ်ဆင်ဖြစ်မယ်ဗျ၊ သူပြေးသွားရာလမ်းကြောင်းမယ် ဆင်ဦးစီးရှိနေပုံပဲဗျ"

"သည်နားတဝိုက် ဆင်စခန်းရှိတယ်လို့မကြားမသလိုအလုပ်လုပ်နေတဲ့ဆင်တွေလည်းမရှိပါဘူး"

စောထွန်းရွှေကပြောလေ၏။

"တောခြောက်ခံနေကြရတာများလား"





ဖြစ်လေ့ဖြစ်ထရှိခြင်းကြောင့် ကျွန်တော်ကပြောလိုက်၏။

"ဘယ်လိုဖြစ်နိုင်မှာလဲဗျ"

လင်းမြင့်လှိုင်ကသို့နှယ်ပြောပြီး သစ်ပင်ကျောမှီလိုက်တော့သဖြင့် –

"ကိုလင်းအိပ်ပြီလားဗျ" မေးလိုက်၏။

"အေးဗျာ အိပ်ချင်နေလေတော့ အားရှိသွားအောင်တရေးလောက်တော့ အိပ်လိုက်ဦးမယ်"

"ငါတော့ မအိပ်ချင်သေးဘူး"

စောထွန်းရွှေက သို့ပြောရင်း မီးပုံနားကပ်၍ အပူခါတ်ယူထိုင်လိုက်၏။ ကျွန်တော်သည်လည်း အိပ်ချင်နေသေးသော်လည်း ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် ဝေ့ဝိုက်ကြည့်၊ နားစွင့်လိုက်၏။ ဝတ်ဝန်းကျင်တဝိုက် လေပြေတိုက်ခတ်၊ သစ်ရွက်လှုပ်ခတ်တိုးသည်မှလွဲ၍ တိတ်ဆိတ်နေ၏။

အတန်ကြာသည့်တိုင် သို့ရှိနေသည်ကြောင့် ကျွန်တော်သည်လည်း–

"ဖထီထင်းမီးပုံကိုတော့ မီးမပြတ်စေနဲ့ဗျာ"

ပြောဆိုမှာကြားလိုက်ပြီး လင်းမြင့်လှိုင်နံဘေးတွင်မှီအိပ်လိုက်တော့သည်။

မကြာမီအချိန်ကလေးတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

မိုးစင်စင်လင်းမှ နိုးလာ၏။ သို့တောင်မှ လင်းမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



ကလှုပ်ခတ်နိုး၍ဖြစ်သည်။

"ဘယ်လိုမှတော့မထင်နဲ့ ကိုပိုက်ရေ သည်နေရာက နေခပ်စောစောခွာချင်လို့"

ထူးဆန်းလှချည်လား အရေးတကြီးကိုစွ မရှိလေဘဲ ဘယ်တွက် လောနေရတာပါလိမ့်။

သို့စဉ်းစားလိုက်ပြီး လင်းမြင့်လှိုင်ကို အံ့သြတကြီး ကြည့်နေမိသည်ကြောင့်လားမသိ–

"ဘာရယ်တော့မဟုတ်ပါဘူးဗျာ၊ မိုးလင်းလုအချိန်မှာ ခပ်လှမ်းလှမ်းနေရာလောက်က လူသံကြားရလို့ပဲဗျ" လို့ ပြောလာ၏။

သို့လည်းဘာဆန်းလို့လည်း။ တောတောင်ထဲ သစ်ခုတ်ဝါးခုတ်သမားတွေရှိနိုင်တာပဲ၊ စောစောသွားလာနေ ကြတာပဲ၊ ခုမှဘာယ်လိုစိတ်ကူးပေါက်သွားရလေသည်မသိ။

"ဆရာပိုက်ရဲ့လူ့သံဆိုပေမင့် တုန်လှုပ်ခြောက်ခြားသံဖြစ်နေလို့ဗျ"

စောထွန်းရွှေကဝင်ပြောသဖြင့်–

"ဆိုပါဦးဗျာ" ဆိုလျက် စောထွန်းရွှေဘာပြောလာမည်ကိုနားစွင့်နေလိုက်၏။

"တရုံတရာအန္တရာယ်ကိုရှောင်တိမ်းပြေးလွှားအော်ဟစ်သွားသံကြောင့်ဗျ"

"ဟင်"

ကျွန်တော်ဘာမှဆက်မမေးတော့ချေ။ လင်းမြင့်လှိုင်





ဦးဆောင်ထွက်သွားရာနောက် အသားကင်တစ်ချောင်းကို စားလျက်လိုက်သွားတော့၏။

စခန်းနှင့်ခပ်ဝေးဝေးရောက်လာသည်တွင် ဆင်ချေးပုံများနှင့် ဆင်ခြေရာများတွေ့လိုက်ကြ၏။

"ညက အကောင်ကြီးဖြစ်မယ်"

ကျွန်တော်က ပြောလိုက်၏။ လင်းမြင့်လှိုင်သည် ညီသည့်သုံးသပ်ချက်မျှမပေး၊ ရှေ့မှခပ်သွက်သွက်လျှောက်သွားနေခြင်းသာရှိ၏။

"သည်မယ် လူတစ်ယောက်ခြေရာလတ်လတ်ဆတ်ဆတ်ပေပဲဗျ"

လင်းမြင့်လှိုင်က ရှေ့မှလျှောက်သွားရင်းမြေပြင်သို့ငုံကြည့်ပြောလေ၏။

"ဖတီပြောတဲ့ အော်ဟစ်ပြေးလွှားသွားတဲ့သူ့ရဲ့ခြေသံဖြစ်မပေါ့"

ကျွန်တော့်နံဘေးတွင်ကပ်ပါလာသည့် စောထွန်းရွှေသို့ပြောလိုက်၏။ သို့ဖြင့် ကျွန်တော်တို့သည် တောတိုးလျှောက်ခဲ့သည်ဆိုရာ၌ ခြေရာကိုရှာလိုက်ခဲ့ကြခြင်းဖြစ်၏။ အတန်ကြာကြာလျှောက်ခဲ့ကြသည်တွင် ဝါးရန်းတောတစ်ခု သို့ရောက်ခဲ့ကြ၏။ သည်တွင် ခြေရာပျောက်သွားလေ၏။

"ဝါးရန်းတော"ကို ဖြတ်၍သွားခြင်းဖြစ်မည်၊ သို့ဖြစ်သည်ကြောင့် ကျွန်တော်တို့သည် ဝါးရန်းတောကို တိုးဝှေ့ကာ ဖြသ်လျှောက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား . . အား . . အား
အား . . အား . . အား . . အား"

ဝါးရုန်းတောအစပ်မှ ကြားလိုက်ရသောအသံဖြစ်ခြင်းကြောင့်လှမ်းကဲကြည့်လိုက်၏။

"ဟာ"

"ဟင်"

"အာ"

လူတစ်ယောက်ဖြစ်၏။ ခုန်ပေါက်အော်ဟစ်ပြေးလွှားသွားခြင်းဖြစ်၏။ ဘယ်လိုအန္တရာယ်နှင့်ကြုံလို့ပါလိမ့်။

ထိုသူ့နောက်တွင် မည်သည့်အန္တရာယ်ကောင်မျှလိုက်ပါသွားခြင်းမရှိ၊ သို့ဆိုလျှင် မြေပြင်၌သာရှိရိမ့်မည်။

မြွေဆိုးကောင်လည်းဖြစ်ကောင်းဖြစ်နိုင်၏။ အခြားအန္တရာယ်ပြုလောက်သည့်အကောင်လည်းဖြစ်နိုင်၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ခုန်ပေါက်ပြေးလွှားသွားသူနောက်လိုက်သွားတော့၏။

"ကိုလင်း ညကတွေ့လိုက်တယ်ဆိုတဲ့ အသံရှင်ဖြစ်မယ်"

ကျွန်တော်က ပြောလိုက်၏။

"ဖြစ်နိုင်တယ်"

"ဘာလို့အထိတ်တလန့်အော်ဟစ်ပြေးနေရပါလိမ့်၊ သည်လူ ဝါးခုတ်သမားလား၊ သစ်ခုတ်သမားလား၊ မုဆိုးတော့မဖြစ်နိုင်ဘူးထင်တယ်" စောထွန်းရွှေကသုံးသပ်ပြောလာ၏။





သို့ဖြင့် ကျွန်တော်တို့သည် ဝါးရုန်းတောအစပ်ရောက်သည်တွင် ထိုသူဝင်ပြေးသွားရာ လမ်းကြောင်းလေးအတိုင်း ခပ်သုတ်သုတ်လိုက်သွားကြ၏။ သို့လျှောက်ခဲ့ကြရာမှ –

"ဟာ"

"ဟာ"

"ဟင်"

လူတစ်ယောက်ခွေလဲနေသည်ကိုတွေ့လိုက်ကြ၏။

ဘယ်သူများပါလိမ့်၊ ဘယ်လိုဖြစ်ရတာပါလိမ့်။

အော်ဟစ်ခုန်ပေါက်ပြေးလွှားသွားသူတော့ဖြင့် မဟုတ်နိုင်၊ လင်းမြင့်လှိုင်သည် မှောက်ရုံကြီးလဲကျနေသောလူကိုပွေ့လှန်လိုက်၏။

"အာ"

ရုတ်တရက်မြင်လိုက်ရသည့် ထိုသူ့မျက်နှာကြောင့် ထိတ်လန့်သွားသည်တော့ဖြင့် ဝန်ခံရပေမည်။

ထိုသူ့ကို ဝံကောင်ဒုက္ခပေးသွားခြင်းဖြစ်သည်။

ထိုလူ၏မျက်နှာတပြင်လုံးအသားဖတ်တို့ လန်တွဲကျနေတော့၏။

မျက်လုံးအစုံသည်လည်း ပြူးထွက်အံ့ကျနေ၏။ သွားတို့နီနီရွဲနေ၏။ မကြာသောအချိန်လေးကမှ ဝံကောင်၏ ထိုးကိုက်ခြင်းကိုခံလိုက်ရခြင်းဖြစ်နိုင်၏။

"ဒီလူ ဝံကောင်နဲ့ပက်ပင်းတိုးသွားရတာဗျ၊ ဘယ်လိုပြေးသာလို့ဖြစ်မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို လင်းမြင့်လှိုင်က မြေပြင်တွင်တွေ့ရသည့် လူခြေရာ၊ ဝံ၏ခြေရာများကိုကြည့်၍ သုံးသပ်ပြောလာခြင်း ဖြစ်၏။ ကျုပ်တို့ထိုလူကို လှေ့လာသုံးသပ်ကြည့်နေကြစဉ်–

"အား . . အား . . အား . ."

"အား . . အား . . အား . ."

"ဟင် ဟိုမယ် ဟိုမယ်"

စောထွန်းရွှေက အလန့်တကြားအော်ဟစ်သံကြား သည့် ချုံပုတ်နွယ်ပင်ကြီးရှိရာသို့ လှမ်းကြည့်လိုက်၏။

ကျွန်တော်တို့ခြေရာခံလိုက်နေသောလူပါကလား။ သည်တခါတွေ့လိုက်ပုံသည် ထိုသူခုနစ်ပေါက်ပြေးလွှားခြင်း မဟုတ်ပေ။ မြေပြင်တွင်ထိုသူကိုဒုက္ခပေးလာသောသတ္တဝါ ကြောင့်ခုနစ်ပေါက်နေခြင်းဖြစ်နိုင်၏။

ကျွန်တော်တို့ကိုမြင်ပုံတော့ဖြင့်မပေါ်ချေ။

သို့ဖြစ်၍ ကျွန်တော်တို့သည် ထိုလူရှိရာသို့ ချောင်း မြောင်းကြည့်လိုက်ကြ၏။

"ဟာ ဖိုးခွား"

ထိုလူအနားရောက်လုတွင် စောထွန်းရွှေက အလန့် တကြားအော်လိုက်သံကြောင့် ထိုလူသည် ကျွန်တော်တို့ဘက် တစ်ချက်မျှကြည့်လိုက်လေပြီး ထိုနေရာလေးမှရုတ်ခြည်းပြေး သွားလေသဖြင့် –

"ဒိန်း"

ကျွန်တော်ကခြောက်လုန့်ပစ်လိုက်ငြား ထိုလူသည်





ရှေ့ဆက်ပြေးမြဲဖြစ်သည်ကြောင့် ကျွန်တော်သည် လင်းမြင့် လှိုင်ကိုအဓိပ္ပါယ်ပါပါကြည့်လိုက်၏။ သည်တွင် လင်းမြင့် က သူ့လက်တွင်းရှိသေနတ်ဖြင့် ထိုလူ၏ကျောပြင်ကို လှမ်းချိန် ထိုက်သည်တွင်–

"ဆရာလင်း . . . မပစ်နဲ့ . . . မပစ်နဲ့" ဆိုလျက် သင်းမြင့်လှိုင်ကို စောထွန်းရွှေက ရုတ်ခြည်းဆိုသလို တွန်းထိုး ထိုက်၏။ သို့လုပ်ရပ်ကြောင့် လင်းမြင့်လှိုင်တစ်ယောက် ဘေး သို့ယိုင်၍ ကျသွားတော့၏။

"ဖထီ ဘာလုပ်လိုက်တာလဲ"

လျှပ်တစ်ပြက်ဖြစ်ပျက်လာခြင်းကြောင့် ကျွန်တော် သည်ပင် စောထွန်းရွှေကိုလွန်မင်းစွာအံ့ဩမိသလို စက်ဆုတ်ရွံ မှာ ရှိ၍သွားရလေသဖြင့် ခပ်စိမ်းစိမ်းကြည့်လိုက်၏။

စောထွန်းရွှေတစ်ယောက် သူ့တွင် အပြစ်ရှိသည် ကြောင့် မျက်လုံးချင်းရင်ဆိုင်မဝံ့၊ မျက်လွှာကိုချထားလျှက် ငြိမ်သက်စွာရပ်နေရင်းမှ –

"အဲဒါ ကျုပ်သား 'အစိမ်း'ပါဗျာ"လို့ တိုးညင်းသော လေသံဖြင့်ပြောလာသည်ကြောင့် အံ့ဩကြရချေ၏။

ကျွန်တော်တို့သည် စောထွန်းရွှေ၏သား 'အစိမ်း'ကို ယခုစဉ်ကလေးဘဝ ခြောက်နှစ်သားလောက်က မြင်တွေ့ဖူး ခြင်းဖြစ်ရာ ယခုလို လူထွားကြီး လူပျိုပေါက်ကိုမြင်ဖူးခြင်းမရှိ သည်ကြောင့် 'စောစိမ်း'မှန်းမသိလေခြင်းဖြစ်၏။

"နို့ဖြင့်ကံကောင်းတာပေါ့ဗျာ . . ကျွန်တော်ကဆော်



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်ထင်လို့ဗျို့"

သို့လင်းမြင့်လှိုင်ကပြောလာသည်ကြောင့် ကျွန်တော် ကြိတ်၍ပြုံးလိုက်မိလေတော့၏။

လင်းမြင့်လှိုင် စကားကိုယုံသွားသော စောထွန်းရွှေ တစ်ယောက်မျက်နှာသေလေးဖြစ်သွားရ၏။

တကယ်တော့ လင်းမြင့်လှိုင်သည် ခုန်ပေါက်ပြေး လွှားသွားသူကို အသေပစ်ရန်စိတ်နှင့်ချိန်မည်မဟုတ်၊ ခြေ ထောက်ကိုပစ်ခတ်ဖမ်းဆီးရန်အလို့ငှာသာဖြစ်ပေ၏။

စောထွန်းရွှေက သူ့သားဆိုလာလေတော့ ခြေ ထောက်ကိုမပစ်လိုက်မိသည်ကို ဝမ်းသာသွားတော့၏။

သို့ပေမင့်လို့ ဘယ်လိုလုပ်သူ့နောက်လိုက်ကြဦးမည် နည်း။

"ဖထီသားဆိုတော့ လက်လွှတ်လိုက်ရပြီပေါ့"

ကျွန်တော်ကလင်းမြင့်လှိုင်ကိုကြည့်၍ပြောလိုက် ၏။

"သူသည်လမ်းကြောလေးအတိုင်းသွားတာနေမှာ ပါ"

လင်းမြင့်လှိုင်ကသူပြေးဝင်သွားသည့် လမ်းကြောင်း ကို လှမ်းကြည့်၍ပြောလေ၏။

"နို့ဖြင့်လည်း မြန်မြန်လိုက်ကြတာပေါ့"

သို့ကျွန်တော်က လောဆော်လိုက်၏။

"လိုက်ကြတာပေါ့ဗျာ . . နို့ပေမင့် ဟိုတစ်ယောက်ကိုမှ ကိုရှင်းလိုက်ကြဦးမှဖြစ်မယ်ထင်တယ်"





သို့ဆိုလျှက် လင်းမြင့်လှိုင်သည်ပင် ဝံကုတ်ဒဏ်ရာ ဖြင့်သေဆုံးနေသူကို မြေမြှုပ်ပေးလိုက်ပြီးလေမှ စောထွန်း ရွှေသားပြေးလွှားသွားရာနောက် လမ်းမြောင်လေးအတိုင်း ခပ်သွက်သွက်လိုက်သွားကြတော့၏။

သို့တောတိုးလိုက်ခဲ့ကြရာမှ ရေအိုင်ကြီးတစ်ခုသို့ ရောက်ခဲ့ကြ၏။

ရေအိုင်ပတ်လည်တွင် တောင်ကပ်ပျောပင်တို့ပေါက်နေ ၏၊ ချုံနွယ်တို့လည်းရှိ၏။

သည်တောသည်တောင်ထဲတွင် ရေအိုင်ကြီးရှိနေခြင်း အတွက်အံ့သြမိသွားတော့၏။

ကျွန်တော်တို့သည် ရေအိုင်ကြီးအစပ်သို့သွားလိုက် ကြပြန်၏။

" ဟင် "

ရေအိုင်အစပ်တွင် လူတစ်ယောက်ခြေရာကိုတွေ့လိုက် ကြသည်တွင် စောထွန်းရွှေတစ်ယာက် အံ့သြထိတ်လန့်သွား ရှာရချေ၏။

ရေအိုင်စပ်မှခြေရာကိုသေသေချာချာအချိန်ကြမြင့် စွာ ကြည့်နေပြီးလေမှ –

'သည်ခြေရာရှင်က ငါ့သားအစိမ်းများဖြစ်လေမလား' သို့ပြောလာသဖြင့် –

"အဲဒီတော့ဘာဖြစ်တုန်းဗျာ" လို့ကျွန်တော်ကမေး လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲဆရာပိုက်ရဲ့၊ သည်ခြေရာကသည်မှာတင်ဆုံးသွားတယ်လေ၊ ရေအိုင်ထဲဆင်းသွားပုံပဲ၊ ရေအိုင်ထဲကပြန်တက်လာပြီး သည်နေရာကပြန်လှည့်သွားတဲ့ခြေရာမှမရှိလေတော့"

ကျွန်တော်သဘောပေါက်လိုက်လေပြီဖြစ်၏။

စောထွန်းရွှေစကားအရ အစိမ်းတစ်ယောက် ရေအိုင်ထဲဆင်းပြီးပြန်တက်လာပုံမတွေ့လေတော့ ရေနစ်လေပြီလား စိုးရိမ်သံသယဖြစ်နေပုံပင်။

"ကန်တဖက်ကနေပြန်တက်သွားတာဖြစ်မပေါ့"

ကျွန်တော်က ပြောလိုက်၏။ သို့ရှိစဉ်

ကိုပိုက်လာဗျာဆိုလျှက် လင်းမြင့်လှိုင်ကကန်ထဲဆင်းလိုက်၏။

" ဟာ "

လင်းမြင့်လှိုင်တစ်ယောက် ကန်ကရေတိမ်သည်ထင် ၍ ဆင်းလိုက်ခြင်းဖြစ်မည်၊ တကယ်တော့ အနက်ကြီးပါပဲ ကလား။

လင်းမြင့်လှိုင်တစ်ယောက် ရေထဲခြေချလိုက်သည်နှင့် ရင်စို့လောက်မြုပ်သွားတော့၏။

ကန်စပ်တွင်ပင် သို့လောက်ရေအနက်ရှိလျှင် အလယ်တွင်လူတစ်ယောက်ကောင်းကောင်းမြုပ်သွားနိုင်လောက်၏။

လင်းမြင့်လှိုင်သည် ကပျာကသီကမ်းပေါ်သို့ပြန်တက်လာလေ၏။





"အတော်နက်သွားကလားဗျ"

"ဟုတ်ပါပြီဗျာ"

စောထွန်းရွှေက တုန်ယင်သောလေသံဖြင့်ပြောလာသဖြင့် -

"ဘာဟုတ်ပြီလဲဗျ"

ကျွန်တော်ကမေးလိုက်၏။

"ငါ့သားအစိမ်းရေနစ်သွားတာဖြစ်နိုင်တယ်"

သို့ဆိုလာတော့လည်း ဟုတ်နိုင်သလိုပင်၊ စောထွန်းရွှေသူ့သားအတွက် စိုးရိမ်စိတ်များပါလျှင်လည်း များလောက်ချေ၏။

"ဖထီသားကရေမကူးတတ်လို့လား"

"အေး "လို့ဆိုလျှက်မျက်နှာညိုးသွားလေ၏။

"ဖထီရယ်၊ စိတ်မကောင်းလဲမဖြစ်ပါနဲ့ဦး၊ ဖထီသားဟုတ်ချင်မှလဲဟုတ်မှာပါ၊ ပြီးတော့ ရေနစ်နေပြီဆိုတာလဲဖြစ်နိုင်ပါဦးမလား၊ စိတ်မှန်းနဲ့ရမ်းပြီးစိုးရိမ်ပူပန်မနေပါနဲ့ဗျာ"

သို့ဆိုလျှက် ကျွန်တော်သည် ရေအိုင်အနေအထားကို အသေအချာအကဲခတ်ကြည့်လိုက်၏။

ကန်သည် အတော်ကလေးကျယ်ပုံရ၏။

ရေကူးတတ်သူတစ်ယောက်ဆိုပါလျှင်လည်း ဟိုဖက်ကမ်းသို့ကူးသွားလိမ့်မည်မဟုတ်ချေ။ ရေဆင်းကူးပြီး ဤနေရာလေးသို့ပြန်လာရမည်သာဖြစ်၏။ ဘယ့်တွက်ရှ အဘက်တစ်ချက်ကန်အစပ်တွင် ချုံပုတ်နွယ်ပင်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောပင်တို့ဖြင့် ပြည့်ကြပ်နေသောကြောင့်ဖြစ်၏။

သို့ဆိုပါလျှင် ကန်အစပ်ခြေရာရှင်သည် ဘယ်ရောက်နေပါလိမ့်။ သို့တွေးမိရင်း ရေအိုင်သို့မမိုတ်မသုန်ကြည့်နေမိ၏။

သို့ရှိစဉ် –

"ဟာ"

"ဟင်"

ရေအိုင်အလယ်ကောင်ဆီမှ ရေပွက်ထလာသဖြင့် စေ့စေ့ကြည့်နေလိုက်ကြ၏။

ဘာကောင်ပါလိမ့်။

လူတစ်ယောက်လေလား။

"ဟာ"

"ချောက်"

"ဒိန်း"

လျှင်မြန်ဖြတ်လတ်သော လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိသေနတ်ဖြင့် ရေပေါ်မှပေါ်လာသောသတ္တဝါကောင်ကိုပစ်လိုက်၏။

ပစ်မှတ်လွဲချော်သွားပုံရ၏။

လင်းမြင့်လှိုင်သည် ရေအိုင်တွင်းမှလွန်မင်းစွာကြီးမားသောမိချောင်းကြီးတစ်ကောင်ကို ရုတ်တရက်တွေ့လိုက်သ ဖြင့် ရုတ်ခြည်းလှမ်းပစ်လိုက်သော်လည်း မိချောင်းကြီးလည်း လုစ်ခနဲဆိုသလို ရေအောက်ပြန်ငုတ်သွားချေလေသဖြင့် ပစ်မှတ်လွဲချော်ရခြင်းဖြစ်သည်။





"အစိမ်းတော့ ရေအိုင်ထဲဆင်းလိုက်တာ မိချောင်းကြီးကိုက်သတ်စံလိုက်ရတာသေချာပါပြီ" လို့စော်ထွန်းရွှေကဒိုသံကြီးဖြင့်ပြောလာလေပြန်၏။

"ကိုလင်း ရေအိုင်ထဲဆင်းလိုက်တုန်းက သည်ကောင်ကြီးနဲ့မတိုးမိတာဝမ်းသာစရာပေပဲဗျ"

ကျွန်တော်ကပြောလိုက်၏။

"ဆရာလင်းကံကောင်ပေမင့် 'အစိမ်း'ကံဆိုးတာပဲဗျ"

"သည်လောက်ကြီးလဲ ကြိုတင်စိတ်မဆင်းရဲရပါနဲ့ ဗျာ၊ ထိသားအစိမ်း ဟုတ်ချင်မှလဲဟုတ်မှာပါ၊ အခြားသစ် ခုတ်၊ ဝါးခုတ်သမားတစ်ယောက်ယောက်လဲဖြစ်နိုင်ပါတယ် ဗျာ"

သို့ပြောပြီး ကျွန်တော်သည် လင်းမြင့်လှိုင်ကို "ဘာဆက်လုပ်မလဲ"လို့ မျက်နှာရိပ်မျက်နှာကဲဖြင့်မေးလိုက်၏။

"သည်နားလေးမယ် ခဏပြန်ဆက်စောင့်ကြည့်နေလိုက်ဦးမယ်ဗျာ"

သို့ဆိုတော့ ကျွန်တော်တို့သည် ကန်စပ်မျက်ရိုင်းမင်တို့အပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လိုက်ကြ၏။

ကန်အစပ်တွင်ထိုင်ရင်း ကန်တွင်းသို့စိုက်ကြည့်နေလိုက်ကြ၏။

ကန်ရေပြင်သည်ငြိမ်သက်လို့နေ၏။

လေပြေလေးကြောင့် လှိုင်းကြက်ခွပ်လေးများဖြစ်နေခြင်းသာရှိ၏။ အခြားထူးခြားမှုမရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် –

“နောင် . ခေ . ဝေ . ဝေ” လို့ကြေးစည်သံလွင်လွင်လေးကြားလိုက်ကြသဖြင့် ကပျာကသီနောက်လှည့်ကြည့်လိုက်ကြ၏။

“ ဟာင် ”

ရသေ့ခမ္မပါလပါကလား။

“ဆုံကြပြန်ပြီပေါ့”

ကျွန်တော်က တီးတိုးရေရွတ်လိုက်၏။

ရသေ့ခမ္မပါလအနားရောက်လာသည့်တိုင် ဘုရားဂုဏ်တော်ကို တတွတ်တွတ်ရွတ်ဖတ်နေ၏။

သို့ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မည်သည့်စကားမျှမပြောလေဘဲနေလိုက်ကြ၏။

ရသေ့ခမ္မပါလကိုငေးကြည့်နေကြ၏။

“ရေအိုင်ကြီးထဲက မိချောင်းကိုသတ်ဖို့စောင့်နေကြတာလား” ဂုဏ်တော်ရွတ်ဖတ်လေပြီးတွင် ရသေ့ခမ္မပါလဦးစွာပြောလာသောစကားဖြစ်၏။

“အဲလိုလဲဟုတ်တယ်၊ ပြီးတော့ သည်အိုင်ထဲဆင်းသွားတဲ့ လူတစ်ယောက်ဘယ်သူဖြစ်နိုင်မလဲဆိုတာ သိချင် လို့ပဲ”

လင်းမြင့်လှိုင်ကပြောလေ၏။

“မိချောင်းကြီးကိုဘာလို့သတ်ချင်ရတာတုန်း”

ရသေ့ခမ္မပါလက သူသိချင်သည်ကိုသာ မေးလာပြန်၏။ သို့ကြောင့် –





“မိချောင်းကြီးကလူသားစားလိုက်တယ်ထင်လို့”

“ ဟင်း ဟင်း ဟင်း ဟင်း ”

ကျွန်တော့်စကားဆုံးသည်နှင့် ရသေ့ခမ္မပါလကရယ်လေပြီးမှ –

“မိချောင်းကကုန်းပေါ်တက်ပြီး လူကိုလာကိုက်တာမဟုတ်ဘူးလေ၊ လူကသူ့နယ်ပိုင်နက်ထဲဆင်းသွားလို့ မိချောင်းအကိုက်ခံရတာလေ”

ဘယ်လိုပဲဖြစ်ချေဦး၊ ရသေ့ရယ် လူကိုက်တာကိုက်တာပဲ လူသားစားတဲ့မိချောင်းကိုသတ်တာ မှဆိုးစည်းဖောက်တာမဟုတ်နိုင်လောက်ပါဘူး”

သို့ကျွန်တော်ကပြောလိုက်သည်တွင်

ရသေ့ခမ္မပါလသည် မျက်လွှာကိုချလိုက်လေပြီး

“မိချောင်းကတော့ လူရယ်၊ တိရိစ္ဆာန်ရယ်ဘယ်ခွဲခြားတတ်ပါ့မလဲ၊ နေပါ့မလဲ၊ ရေအိုင်ထဲကျလာသမျှ ဆင်းလာသမျှ သက်ရှိတွေကို သူ့အစာလို့သာမှတ်ပြီး သတ်ဖျက်စားသောက်လေမပေါ့”

“ဘယ်လိုပဲဖြစ်ဖြစ် ရသေ့ကြီးရယ်၊ လူကိုကိုက်သတ်တဲ့မိချောင်းဆိုးပဲ၊ သတ်ကိုသတ်ရမှာပဲ”

စောထွန်းရွှေဝင်ပြောလေ၏။

ရသေ့ခမ္မပါလသည် စောထွန်းရွှေကိုလှည့်ကြည့်လေပြီး–

“မျက်စိနဲ့တပ်အပ်မြင်လို့လား” မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် စောထွန်းရွှေပင်မဟုတ် ကျွန်တော်တို့ သည်ပင် ဘယ်လိုပြောရမည်မသိဖြစ်သွားတော့၏။

"အထင်နဲ့ပြောကြတယ်ဆိုတော့ မှန်ခဲပါတယ်လေ၊ အမြင်သမားပြောတာတောင်လွဲချော်မှုတွေဖြစ်တက် သေးတာပဲ"

ဟုတ်ပေသားပဲ . . သို့ကြောင့်

"ဦးရသေ့ ပြောစရာရှိပြောပါ၊ နားထောင်ပါ့မယ်"လို့ ကျွန်တော်က ပြောလိုက်၏။

သည်တွင် ရသေ့မွေ့ပါလသည်ပြုံးပြလေပြီး–

"သည်ခြေရာက ကမ်းစပ်နားတင်ဆုံးပြီဆိုပေမင့် ဟို နဘေးမြက်ရိုင်းစပ်ကိုလည်း အသေအချာကြည့်ကြပါဦး လား"

သို့ ရသေ့မွေ့ပါလပြောလေမှ ကျွန်တော်လည်း မြက် ရိုင်းတောစပ်ကိုလှမ်းကဲကြည့်လိုက်၏။

အလိုလေးဗျာ၊ ဟုတ်ပါ့ အမှတ်တမဲ့ဖြစ်သွားကြခြင်း ကြောင့် လွဲချော်တွေးတောမှုတွေဖြစ်ရခြင်းပါကလား။

ခြေရာရှင်သည် ထိုနေရာလေးမှလှည့်ပြန်လှည့်တွင် မြက်ရိုင်းပင်တို့ပေါ်မှ တက်နင်းလျှောက်သွားခြင်းကြောင့် ပြန်လှည့်ခြေရာကို မသိမြင်လိုက်ကြခြင်းဖြစ်လေ၏။

လူတက်နင်းသွားခြင်းကြောင့် မြက်ရိုင်းပင်တို့လဲနေ ကြ၏။

"နို့ဖြင့် ငါ့သား ရေအိုင်ထဲမဆင်းဘူးပေါ့၊ မိချောင်း အကိုက်မခံရဘူးပေါ့"လို့ စောထွန်းရွှေက ဝမ်းသာအားရမေး လေ၏။





"ကရင်ကြီးက ခက်ပြီးရင်းခက်နေပြီကောလား၊ အရင်ကြီးသားပါရယ်လို့ဘာလို့ပြောနိုင်တုန်း"

သို့ ရသေ့မွေ့ပါကမေးလာပြန်တော့ စောထွန်းရွှေ တစ်ယောက် ဆွံ့အသူတစ်ယောက်လိုဖြစ်သွားပြန်လေ၏။

"အေး . . ဟုတ်ပေသားကွ" လို့ အတန်ကြာမှ ပြော သလေ၏။

" ဟင်း ဟင်း ဟင်း "

ရသေ့မွေ့ပါလတ စောထွန်းရွှေကိုသဘောကျဟန် ရယ်သွမ်းသွေးလိုက်လေပြီး –

"ရသေ့နောက်လိုက်ခဲ့ကြပေတော့"ဆိုလျှက် ထိုနေရာ လေးမှလှည့်ထွက်သွားလေသဖြင့် ကျွန်တော်တို့သုံးယောက် သည်လည်း ရသေ့မွေ့ပါလနောက် ထပ်ကြပ်မကွာလိုက်သွား ကြလေ၏။

ရသေ့မွေ့ပါလသည် ကျွန်တော်တို့နားမလည်နိုင် သော ဘုရားစာကိုရွတ်ဖတ်သရဇ္ဈာယ်သွားနေတော့၏။

သို့ရသေ့မွေ့ပါလနောက်လိုက်ခဲ့ကြရာတွင် မလှမ်း မကမ်းလောက်ဆီ ကျီကောင်၊ ဆတ်ကောင်၊ ဒရယ်ကောင် တို့ကို လှမ်းတွေ့လိုက်ငြား ပစ်ခတ်ခြင်းကိုအလျဉ်းမပြုကြတော့ချေ။ ဘယ်တွက်မူ ရသေ့နောက် ထပ်ကြပ်မကွာ လိုက်ခဲ့ကြခြင်းဖြစ်သည်ကြောင့် သားကောင်ကိုပစ်ခတ်လို သင့်တော်ပါလေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ဝါးတဲလေးတခုသို့ ရောက်ခဲ့ကြ၏။

ဝါးတဲသို့ရောက်မှ ရသေ့မမွှေပါလ၏ ဘုရားစာရွတ်ဖတ်ခြင်းသည် ရပ်တန့်သွားတော့၏။

သည်တော့မှ "နောင် .. ဝေ .. ဝေ .. ဝေ" လို့ကြေးစည်သံလွင်လွင်လေးကိုကြားလိုက်ရသလို ကျောင်းသခ်ိန်းပတ်ပတ်လည်ရှိဝါးပင်နှင့် သစ်ပင်ငယ်တို့အပေါ်မှ "ကျလိ" "ကျလိ"လို့ကျေးငှက်ငယ်တို့၏ အသံတို့ကိုလည်းတစ်ဆက်တည်းကြားလိုက်ရသဖြင့် လွန်မင်းစွာထိတ်လန့်သွားရတော့၏။

"သစ်သီးတွေစားကြကွဲ့"

ဆာလောင်နေသည်နှင့် ကျွန်တော်တို့သည် ရသေ့မမွှေပါလပေးလာသော ငှက်ပျော်သီးတို့ကိုအားပါးတရပလုတ်ပလောင်းစားလိုက်ကြ၏။

"ရသေ့အကူအညီတောင်းချင်တယ်"

"ပြောကြည့်လေ"

"ရသေ့ဆီမယ်လူတစ်ယောက်ရှိနေတယ်။ မသွားတက်မလာတတ်ဖြစ်ပြီးတော့ စိတ်ကျန်းမာရေးမကောင်းပုံရတယ်။ သူ့ကိုခေါ်သွားပြီး ဆေးကုသပေးစေချင်တယ်"

"ဟင်"

"ဘယ်သူတုန်း"

"ဘယ်သူတုန်းဆိုတာ ရသေ့ဘယ်သိပါ့မလဲ။ သူ့ကိုမေးတော့ အပြာလို့ပြောလိုပြော၊ အနီလို့ပြောလိုပြော၊





အစိမ်းလို့ပြောလိုပြော"

"ဟင် .. ဘာတဲ့အစိမ်းလို့ပြောတယ်ဟုတ်လား"

စောထွန်းရွှေ ကပျာကသီမေးလိုက်လေတော့၏။

"ရှိရှိသမျှအရောင်တွေကိုပြောနေတာပဲလေ"

"နို့ဖြင့်သူဘယ်မှာလဲ .. ဒီမယ်ရှိလား"

စောထွန်းရွှေက အလောတကြီးမေးလေ၏။ သူ့သားဆုထင်၍ မေးခြင်းဖြစ်မည်။

"သူဘယ်မှာလဲဆိုတာတော့ ရသေ့မပြောတတ်ဘူး၊ နို့ပေမင့်လို့ ညနေစောင်းလျှင်ဖြင့်ပြန်လာတတ်တယ်၊ အဲလိုဆိုပြန်တော့ စိတ်ကျန်းမာပုံရပြန်တယ်။ ရသေ့အထင်ပြောရလျှင်ဖြင့် ယဉ်ယဉ်လေးရူးနေလားမသိ"

ကျွန်တော်သည် လင်းမြင့်လှိုင်မျက်နှာကိုစေ့စေ့ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် မျက်မှောင်ကုတ်၍နေလေပြီ။

"ကျွန်တော်တို့သည်မယ်ရှိနေလျှင်ဖြင့် သူပြန်လာပါဦးမလား" လို့မေးလေတော့၏။

"ရသေ့ ဘယ်လိုပြောတတ်မှာတုန်း၊ ဒါသူ့သဘောသာ၊ သူ့ဆုံးဖြတ်ချက်လေးတစ်ခုတော့ရှိတယ်။ ရသေ့နဲ့တွေ့တုန်းက ရသေ့ကမေးဖူးတယ်"

"ဘယ်လိုမေးဖူးတာလဲဟင်"

စောထွန်းရွှေက ဝင်မေးလာပြန်၏။

"တောထဲလမ်းမှားရောက်လာတာလားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူး"တဲ့ မြစိမ်းကိုလိုက်ရှာတာတဲ့။

"ဟင်"

စောထွန်းရွှေတစ်ယောက်လွန်မင်းစွာအံ့ဩ ဝမ်းသာသွားပုံရ၏။ ရသေ့မမ္ဘပါလထံတွင်ရောက် နေသူ သည် သူ့သားဖြစ်နိုင်ချေများသည်ကိုး။

"ကဲ . . ကဲ စားပြီးလျှင်ဖြင့် သက်သောင့်သက်သာ နေကြဦး၊ ရသေ့အမိဋ္ဌာန်ဝင်ချေဦးမယ်"

ရသေ့မမ္ဘပါလသည် ကြေးစည်နှင့်ဘုတံလေးကို ကောက်ယူ၍ ဂုဏ်တော်ကိုးပါးသံကွန်ခြာကိုရွတ်ဖတ်ရင်း ကျွန်တော်တို့အပါးမှထွက်သွားလေ၏။

"ငါ့သား'အစိမ်း' သည်ရောက်နေတာပဲကွာ၊ ငါသူ့ ကိုချော့မော့ပြီးရှာပြန်ခေါ်သွားရမယ်"

စောထွန်းရွှေကသို့နှယ်ဝမ်းသားအားရပြောနေစဉ်း ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဘုရားစာရွတ်ဖတ်သွားသော ရသေ့မမ္ဘပါလ၏ကျောပြင်ကိုသာငေးကြည့်နေဆဲဖြစ်တော့၏။

ရသေ့မမ္ဘပါလ အတော်လှမ်းလှမ်းသို့ရောက်သွား သည်တွင် "နောင် . ဝေ . ဝေ . ဝေ."လို့ကြေးစည်သံလေးကို ကြားလိုက်ကြရ၏။ သို့အတူရသေ့မမ္ဘပါလသည်လည်း ကုန်းမို့မို့လေးပေါ်တွင်ပေါက်နေသည့် ကျွန်းရွှေဝါပင်ကြီးတစ် ပင်အောက်တွင် ထိုင်လိုက်လေတော့သည်။

ထိုအပင်အောက်တွင် ရသေ့မမ္ဘပါလအဓိဋ္ဌာန်ဝင်ပေဦး တော့မည်။ မည်မျှကြာလေမည်မသိ၊ တစ်ညလုံးလည်းဖြစ်နိုင်





၏။ သို့ဆိုပါလျှင် 'အစိမ်း'သည်ညရောက်လာပါဦးမလား။

"ကဲ . . ကိုပိုက်ရေ၊ ကျွန်တော်တို့ဟိုနားသည်နား လျှောက်ကြည့်ကြစို့ဗျာ"

သို့ဖြင့်၍ကျွန်တော်သည် လင်းမြင့်လှိုင်နှင့်အတူ တဲ ကျောင်းသခ်န်းလေးမှထွက်ခဲ့ကြတော့၏။ စောထွန်းရွှေသည် သူ့သားကိုမျှော်လိုသည်ဖြစ်၍ကျန်ရစ်ခဲ့သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲကျောင်းသခ်န်း နောက်ဘက်ဝါးတောလေးအတွင်းအရှိ ကုန်းမြင့်လေးအတိုင်း လျှောက်ခဲ့ကြခြင်းဖြစ်၏။

သေနတ်တို့ကိုမူ တဲကျောင်းသခ်န်းတွင်ထားခဲ့ကြ၏။ ရသေ့မမ္ဘပါလရှိသောနေရာပတ်ဝန်းကျင်တွင် သားရဲ ဆောင်တို့၏အန္တရာယ်မရှိနိုင် သိထားခြင်းအပြင် အမဲမပစ်လို ၍လည်းဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောလေးလွန်၍ အောက်ပေါင်းရွတ်သည့်ချုံပုတ်နွယ်ပင်တို့မင်းမူနေသောတော သို့ရောက်လာကြ၏။ ဆူးနွယ်ပင်များရှိကြလေခြင်းကြောင့် ရှေ့ဆက်တောတိုးရမည်ကို စိတ်ပျက်သွားကြသည်ကြောင့် လာလမ်းအတိုင်းပြန်လှည့်ခဲ့ကြသည်တွင် -

'အာ'

'ဟင်'

တစုံတစ်ဦးကကျွန်တော့်ကိုဖမ်းဆွဲလိုက်လေခြင်း ကြောင့် ရုတ်တရက်မို့ထိတ်လန့်တကြားဖြစ်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးဗျာ နွယ်တပင်ကကျွန်တော်လက်မောင်းသားကိုရစ်ပတ်မိလေခြင်းကြောင့်ဖြစ်၏။

ဘယ်လိုကဘယ်လိုဖြစ်သွားရသည်မသိပါချေ။

လင်းမြင့်လှိုင်သည် ကျွန်တော်လက်မောင်းတွင်ရစ်ပတ်မိနေသောနွယ်ကို ဝိုင်းကူဖြုတ်ပေးလေ၏။

အံ့ဖွယ်ကောင်းသည်မှာ လူတစ်ယောက်တင်းကြပ်စွာဆုပ်ကိုင်ထားသည်နှယ် ဖြစ်လေ၏။

နွယ်ရှင်ဆိုတာများလား။

အချိန်ကြာကြာဖြုတ်ရလေ၏။ သည့်နောက်ကျွန်တော်တို့သည် ရှေ့ဆက်လျှောက်ခဲ့ကြပြန်၏။ ကျွန်တော်၏ခြေထောက်ကိုနွယ်တပင်ကရစ်ပတ်လာပြန်ချေ၏။

လင်းမြင့်လှိုင်ကူစရာမလို၊ ကျွန်တော်သည်လက်တွင်းရှိ ဓားမဦးဖြင့် ဖိကြိတ်ခုတ်ဖြတ်လိုက်ရ၏။

"နွယ်ရှင်တောရောက်နေတာလားမသိဘူး၊ ကိုလင်းရာ"

သို့ကျွန်တော်က ပြောလိုက်သည်တွင်

'ဘုတ်'

"အား'

ကျွန်တော့် ကျောပြင်သို့ရိုက်ပုတ်ခံရလေခြင်းဖြစ်၏။ ဘယ်သူပါလိမ့်၊ လက်ရဲလိုက်တာ၊ ဒေါသတော့ဖြင့်ထွက်သွားမိ၏။ သို့ကြောင့် မကျေမနပ်လှည့်ကြည့်လိုက်၏။

'ဟာ'





ဘယ်သူမှမရှိပါကလား၊ နံဘေးသစ်ပင်ထက်မှ နွယ်အစ်ချောင်းတွဲလောင်းကျလျက် ယိမ်းထိုးနေခြင်းသာရှိချေ၏။

သို့ဆိုလျှင် ထိုနွယ်သည် ကျွန်တော်၏ကျောပြင်ကိုဆီခတ်လာခြင်းသာလျှင်ဖြစ်နိုင်၏။

"ကိုပိုက် . . . ဘာဖြစ်တာလဲ"

သို့အသံနှင့်အတူရှေ့မှသွားနေသော လင်းမြင့်လှိုင်သည်ကျွန်တော်အော်လိုက်သောအသံကြောင့် နောက်ပြန်လှည့်လာမေးလေခြင်းဖြစ်၏။

"ကျွန်တော့်ကျောကို သည်နွယ်လာရိုက်တယ်"

ကျွန်တော်စကားကြောင့် လင်းမြင့်လှိုင်ပြုံးပြုံးလေးသာလုပ်နေခြင်းကြောင့် ကျွန်တော်စကားကိုမယုံကြည် ကြောင်းရိပ်မိလိုက်တော့၏။

ဘယ်တွက်သို့ဖြစ်ရပါလိမ့်။

နွယ်သည် လေထဲ၌တန်းလန်းလှုပ်နေခြင်းသာရှိသေးသဖြင့်

"တွေ့တယ်လားကိုလင်း . . နွယ်ကလှုပ်ခါနေပါကလား၊ ထိုနွယ်ကိုကြည့်ပြီး ကျွန်တော်ဘယ်လိုသဘောပေါက်နေလေသည့်ကိုရိပ်မိဟန်တူသော လင်းမြင့်လှိုင်က ထိုသစ်ပင်ဆက်သို့လှမ်းမော့ကြည့်နေလေပြီ။

"ဟိုမယ်တွေ့လား၊ မျောက်လွှဲကျော်တစ်ကောင် အဲဒီအောင်လက်ချက်ဖြစ်မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



အင်း . . ဖြစ်နိုင်၏ဆိုရပြား ရာနှုန်းပြည့်လက်ခံရန်တော့ဖြင့်မဖြစ်နိုင်ချေ။

"ကဲ . . ကိုပိုက်ရှေ့ကသွားဗျာ၊ ကျွန်တော်နောက်ကလိုက်မယ်။

လင်းမြင့်လှိုင်ပြောသလိုရှေ့နောက်နေရာခြင်းလဲလိုက်ကြ၏။

သို့ဆိုတော့ ကျွန်တော်က လာလမ်းအတိုင်း ဦးဆောင်သွားလိုက်၏။ ခပ်လှမ်းလှမ်းသို့အရောက်တွင်

" အာ . . အာ . . အား . . အား "

'အာ'

လူတစ်ယောက် ထိတ်လန့်တကြားအော်ဟစ်သံကြောင့် ကုပျာကသီနောက်လှည့်ကြည့်လိုက်တော့၏။

နွယ်တောအတွင်း လူတစ်ယောက်ဒုက္ခရောက်နေသည်မှာသေချာပေပြီ။

ကျွန်တော်တို့ကူညီရတော့မပေါ့။

"အား"

"အားလားလား . . အား"

နွယ်တောအတွင်းပိုင်းမှဖြစ်၏။

စောနကနွယ်တောကို တောတိုးသွားရမည်မလိုလား ရှုံ့ပြန်လှည့်လေငြား၊ လူတစ်ယောက်ကြုံတွေ့နေရသည့် အန္တရာယ်ကိုကူညီပေးစေလိုခြင်းကြောင့် နွယ်တောသို့တိုးဝှေ့ဝင်လာခဲ့ကြ ခြင်းဖြစ်၏။





ဆူးပုတ်နွယ်ပင်တို့လည်းရှိ၊ ကင်းပွန်းရိုင်းနွယ်တို့လည်းရှိလေ၏။သည်ကြောင့် တကိုယ်လုံး ဆူးခြစ်ရာများဖြင့်ပြည့်နှက်နေလေတော့၏။

'အား'

'ဟင်'

ချုံပုတ်နွယ်ပင်တစ်ခုကိုတိုးဝှေ့ဖြတ်လိုက်မိသည် တွင် ထူးဆန်းသောမြင်ကွင်းတစ်ခုကို တွေ့လိုက်သဖြင့် အံ့ဩမိလေတော့၏။

အသက်အားဖြင့် သုံးဆယ်ခန့်ရှိမည့် လူငယ်တစ်ယောက်ကိုနွယ်တို့ရစ်ပတ်နေလေသဖြင့် ရုန်းကန်အော်ဟစ်နေခြင်းဖြစ်၏။

"ကယ်ပါဦးဗျာ" "ကယ်ပါဦးဗျာ"

ကျွန်တော်နှင့်လင်းမြင့်လှိုင်ကိုတွေ့သည်နှင့် အားကိုးတကြီးအကူအညီတောင်းခဲ့လာတော့၏။

ဘယ်သူများထိုသူငယ်ကို တုတ်နှောင်ထားပါလိမ့်။

"မင်းကိုဘယ်သူတုတ်နှောင်ထားတာတုန်း"

ကျွန်တော်ကမေးရင်း သူ့ကိုယ်တွင်ရစ်ပတ်နေသည့် နွယ်တို့ကိုဖြည်ညှင်းဖြည်းဖြုတ်ပေးလိုက်၏။

"သူ့ဘာသာသူရစ်ပတ်မိတာပါဗျာ"

'ဟင်'

လင်းမြင့်လှိုင်ကိုကျွန်တော်အဓိပ္ပါယ်ပါကြည့်လိုက် ၏။ နွယ်ရှင်တောများလေလား၊ သို့စဉ်းစားမိသည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောချမ်းမိလေတော့၏။

"မင်းဘယ်သူလဲ . . ဘယ်ကလဲ . . မင်းနဲ့ဘယ်သူ တွေပါသေးလဲ"

ကျွန်တော်ကမေးခွန်းတွေမေးလိုက်ရင်း သူ့လက်ကို ဆွဲ၍ ထိုနေရာလေးထွက်ခဲ့၏။ သို့ထွက်ခဲ့သည်ဆိုရာ၌ တွဲ လောင်းကျနေသည့်နွယ်တို့နှင့် ဝေးဝေးရှောင်ထွက်ခဲ့ခြင်းဖြစ် ၏။

'ကျီး' 'ကျီးစ်' 'ကျွီး' 'ကျွီးလ်'

သို့တောင်မှသစ်ပင်ကိုင်းတို့မှမြေပြင်ထိလုနီးပါးတွဲ လောင်းကျနေသည့်နွယ်တို့သည် လှုပ်ရမ်းယိမ်းခါနေကြလေ ၏။

ကျွန်တော်တို့သည် ကြောက်ကြောက်ရွံ့ရွံ့အထိတ် တလန့်နှင့်နွယ်တောအတွင်းမှ ခပ်သွက်သွက်ထွက်ခဲ့ကြလေ ခြင်းကြောင့် မကြာမီအချိန်အတော်အတွင်း ရသေ့ဓမ္မပါလ၏ ကျောင်းသခမ်းတဲလေးသို့ ပြန်ရောက်ခဲ့ကြလေသည်။

"ဟာ ဖိုးခွား . . ဖိုးခွား"

တဲရှေ့ကွက်လပ်ကလေးတွင်ရှိ ထင်းမီးပုံနားက စောထွန်းရွှေလည်း ကျွန်တော်တို့နှင့်ပါလာသည့် လူငယ် ကိုတွေ့သည်နှင့် သို့ဆိုသလိုပြောရင်းထလာလေတော့၏။

'ဟာ . . အပါးလိုက်တာတယ်လား၊ ငါမပြန်လိုက်ဘူး နော်၊ မြစိမ်းကိုရှာချဦးမယ်"

'ဟင်'





ကျွန်တော်အံ့ဩမိသေးတော့၏။

ကျွန်တော်တို့နှင့်ပါလာသော စောထွန်းရွှေသား 'အစိမ်း'ဆိုသည့်ကောင်လေးပါကလား၊ သို့ဆိုလျှင်ဖြင့် ရသေ့ ပြောသောသူသည် ထိုလူငယ်သာလျှင် ဖြစ်နိုင်ချေများပေ၏။

'ဖိုးခွား မင်းဘယ်တွေပျောက်သွားနေတာတုန်း၊ အပါးနဲ့ပြန်လိုက်ခဲ့ပါလား'

စောထွန်းရွှေက ထိုသူငယ်လေး၏လက်ကို ဆုပ်ကိုင် ရင်း ပြောလေ၏။

"အပါး ငါမလိုက်ဘူးဆိုကွာ၊ မြစိမ်းကို ငါတွေ့ခဲ့ တယ်၊ မြစိမ်းနဲ့ပဲနေမယ်"

သို့သူပြောလေသဖြင့် ကျွန်တော်က

"မြစိမ်းကိုတွေ့ခဲ့တယ်။ သူနဲ့ပဲနေမယ်ဆိုတော့၊ ခုမင်း ဘာလို့သည့်မယ်နေနေတာတုန်း၊ မြစိမ်းဆီသွားပေါ့ကွာ"လို့ ပြောလိုက်၏။

ကျွန်တော်ကိုသူသည်လှည့်ကြည့်လာချေပြီ။

"မြစိမ်းကိုငါတွေ့ခဲ့တယ်၊ နို့ပေမင့်လို့ . . တိုးလုံက ငါနဲ့အဆင်မပြေဘူး၊ သူ့ကြောင့်ငါမြစိမ်းနဲ့ကွဲခဲ့ရတာ "

သူပြောနေသည်ကို စောထွန်းရွှေက ဘာမှနားမလည် သောကြောင့် သားဖြစ်သူအစိမ်းကို ငေးကြောင်ကြည့်နေလေ ၏။

စောထွန်းရွှေနားမလည်နိုင်သလို ကျွန်တော်တို့ သည်းနားမလည်ဆိုပေမင့် နားလည်အောင်ကြိုးစားရသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါကလား၊ သို့ကြောင့် –

"တိုးလုံဆိုတာဘယ်သူတုန်း၊ ဘာလို့ မင်းနဲ့ အဆင်မပြေရတာတုန်း"

သို့ကျွန်တော်ကမေးလိုက်၏။

သည်တွင် ထိုလူငယ်သည် ကျွန်တော့်ကိုစေ့စေ့ကြည့်နေလေပြီး တစုံတရာပြန်ပြောမည်လုပ်လေပြီးမှ တဲပေါ်၌ထောင်လျက်ထားသည့်သေနတ်နှစ်လက်ကိုမြင်သွားသည်တွင်

'ဟာ . . ဟုတ်ပြီ၊ သည်သေနတ်ရှိလျှင်ဖြင့် တိုးလုံကိုဂရုစိုက်စရာမလိုပေဘူး'လို့ ဝမ်းသာအားရပြောလာလေ၏။

သည်တွင်လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံပြုံးပြလိုက်လေပြီး

"ဟုတ်ပြီကွာ . မင်းကိုဒုက္ခပေးနေတဲ့ တိုးလုံဆိုတဲ့အကောင်ကိုသည်သေနတ်နဲ့ဆော်လိုက်လို့ရပြီပဲကွ၊ ငါတို့ကူညီမယ်ကွာ၊ ဘယ်မလဲ တိုးလုံ အေး တိုးလုံအကြောင်းပြောပြကွာ"

လို့ပြောလိုက်သည်တွင် သူ့မျက်ဝန်းတို့သည်ရွှန်းလက်လာချေပြီ။

"တိုးလုံမရှိလျှင်ဖြင့် မြစိမ်းဆီသွားလို့ရပြီ၊ မြစိမ်းနဲ့နေလို့ရပြီ၊ ဟီး . . . ဟီး . . ဟင်း . . ဟင်း" လို့ ပြောကာရယ်မောနေသည့် အစိမ်းကိုစောထွန်းရွှေကမျက်ထောင့်နီကြီးဖြင့် ကြည့်နေလေတော့၏။ ပြီးတော့မှ –





"ဟီတ်ကောင်ဖိုးခွား . . မင်းဘာတွေပြောနေတာ တုန်း၊ ရူးသလိုကြောင်သလိုလုပ်မနေနဲ့၊ ငါနဲ့ရှာပြန်လိုက်ခဲ့ရ လိမ့်မယ်" လို့ပြောလေတော့၏။

"ဟာ . .အပါးကလဲ၊ ငါမရူးပါဘူး၊ မကြောင်ပါဘူး၊ မြစိမ်းတကယ်ရှိတယ်၊ မြစိမ်းနဲ့တွေ့ခဲ့ပြီးပြီး၊ တိုးလုံကြောင့်မြစိမ်းအနားကမခွာချင်ဘဲခွာခဲ့ရတာ၊ ခုတိုးလုံကို သည်ဆရာကြီးတွေကဆော်ထည့်မယ်ဆိုတော့ ငါမြစိမ်းဆီမှာသွားနေလို့ရပြီလေ၊ အပါးရယ် ငါမြစိမ်းကိုချစ်တယ်၊ မြစိမ်းနဲ့ပဲနေပါရစေကွာ၊ အပါးသည်ကနေပြန်သွားပါ။"

"ဟာကွာ . . သည်ကောင်ပြောလေကဲလေ၊ အလကားအရူး"

စောထွန်းရွှေတစ်ယောက်ဒေါသထွက်သွားပုံရ၏။ အနီးရှိထင်းခြောက်ကိုင်းနှင့်လွှဲရိုက်ရန်ကြံစည်လိုက်သည်ကြောင့် ကျွန်တော်သည် ကပျာကသီဟန့်တားဖမ်းချုပ်လိုက်ရတော့၏။ ပြီးတော့မှ

"ဖထီးမယ် ခဏလောက်သည်းညည်းခံပြီး သူပြောတာတွေကို ပြောပါစေ၊ ကျွန်တော်တို့နားထောင်ကြတာပေါ့၊ ပြီးတော့မှ ဘာဆက်လုပ်သင့်တယ်ဆိုးဖြတ်ကြမယ်လေ"

"ဘာမှနားမထောင်နဲ့၊ သည်ကောင်ရူးပြီးလျှောက်ပြောတဲ့စကားတွေကို နားမထောင်စမ်းပါနဲ့ကွာ"

"သိချင်တာလေးတွေတော့ မေးပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကစောထွန်းရွှေကို နှစ်သိမ့်နားချပြောလိုက်၏။

"ဖထီးကငါပြောတာဆိုဘယ်တော့မှမယုံဘူး၊ ငါပြောပြမှာတွေကိုဟုတ်မဟုတ် သက်သေလိုက်ပေးမယ်သူရှိတယ်"

"ဟော ဘယ်သူလဲ"

ကျွန်တော်က ကပျာကသီမေးလိုက်၏။

"စောလော်တီ"

"ဘယ်သူလဲ"

"ငါနဲ့မြစိမ်းဆီသွားတဲ့ကောင်"

"ခုသူဘယ်မှာတုန်း"

"သိဘူး"

"ဟော"

"မင်းပြောတာယုံရအောင်သူ့တွေ့မှဖြစ်မပေါ့၊ သူဘယ်မှာလဲ"

လင်းမြင့်လှိုင်ကမေးသောကြောင့် သူသည်မျက်မှောင်ကုတ်သွားလေပြီး။

"ငါနဲ့တူတူ ပြေးလာကြတာပဲ၊ နောက်တော့သူဘယ်ရောက်သွားလဲမသိဘူး"လို့ပြောလာပြန်သဖြင့်–

"ဘာကြောင့်ပြေးလာကြတာတုန်း"

လို့ကျွန်တော်ကမေးလိုက်ပြန်၏။

"တိုးလုံက ငါတို့ကိုသတ်မယ်လုပ်လို့ ပြေးခဲ့ကြတာလေ"





"ဟော"

ကျွန်တော်သည် လင်းမြင့်လှိုင်ကိုအဓိပ္ပါယ်ပါပါကြည့်လိုက်ပြန်၏။ ကျွန်တော့်ဘာဆိုလိုသည်ကို လင်းမြင့်လှိုင်သဘောပေါက်သွားပုံရပြီး ပြုံးပြလာကာခေါင်းညိတ်ပြလာ၏။ ပြီးတော့မှ 'အစီမံ'ဘက်လှည့်လိုက်ကာ

'ရှေ့ ငှက်ပျောသီးစားဦး၊ အေးအေးဆေးဆေးထိုင်ဦး ပြီးတော့မှ မင်းမြစိမ်းဘယ်မှာရှိတယ်ဆိုတာပြော၊ ငါတို့လိုက်ပို့မယ်၊ တိုးလုံးကောဘယ်မှာရှိလဲ၊ ငါတို့ဆော်ပစ်လိုက်မယ်၊ ပြီးတော့ စောလော်တီကိုရှာမယ်"

လင်းမြင့်လှိုင်စကားကို ငေးစိုက်ကြည့်နေရင်းမှ တစုံတခုကိုသတိရဟန်ကြောင့် 'ဟုတ်ပြီ'ဆိုလျှက် ခေါင်းဆတ်ပြလာလေပြီး။

"စောလော်တီးကိုငါ ဓါးရုန်းတော်ထဲမှာတွေ့ခဲ့တယ်၊ ငါသိပြီ သူဘယ်မှာဆိုတာ"လို့ပြောလေ၏။

"နို့ဖြင့် ပြောပြလေကွာ၊ စောလော်တီဘယ်မှာလဲ၊ သူ့ဆီအရင်သွားကြမယ်"

"ကန့်ကျူနီချောင်းနံဘေး တောင်ကြောဘက်ကဓါးရုန်းတောအစပ်မှာ"

"ဟင်"

သို့သူပြောလာသဖြင့် ကျွန်တော်သည် "ကန့်ကျူနီ" တောင်ကြောဓါးရုန်းတောစပ်တွင်တွေ့ခဲ့သည့် ဝံထုတ်ဒဏ်ရာဖြင့် ဘယ်သူရယ် မမှတ်မိလောက်အောင် ရုပ်ပျက်ဆင်းပျက်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးနေသည့် လူကိုမြင်ယောင်မိလေ၏။

စောလော်တီဆိုတာသူများဖြစ်နေလေသည်လား။

"ဟုတ်ပြီ . . မြစိမ်းဆိုတာဘယ်မှာရှိလဲ၊ တိုးလုံဆိုတာဘယ်သူလဲ၊ မြစိမ်းနဲ့ဘယ်လိုပတ်သက်လဲ"

လင်းမြင့်လှိုင်ကသို့မေးလိုက်ပြန်သည်ကြောင့် 'အစိမ်း' သည် မျက်မှောင်ကုတ်ကြည့်နေလေပြီး တိုးညင်းသောလေသံဖြင့်-

"ကောင်းပြီလေ၊ ပြောပြမယ်၊ ဖထီကငါ့စကားကို ဘယ်တော့မှယုံမှာမဟုတ်ဘူး" ပြောရင်းစောထွန်းရွှေကိုမျက်စောင်းထိုးကြည့်နေချိန်လေးတွင်-

"ငါတို့ကယုံပါတယ်ကွာ၊ မင်းပြောကြည့်လေ"လို့ လင်းမြင့်လှိုင်ကပြောလိုက်လေ၏။

သည်တွင် 'အစိမ်း'သည် ခရားရေလွှတ်တတွတ်တွတ် ပြောလေတော့၏။ ဖြတ်မေးဖို့ပင်အခွင့်အရေးမရလိုက်ချေ။ သူပြောသည်မှာလွန်မင်းစွာဖြင့် စိတ်ဝင်စားစရာကောင်းချေပြီး ဖြစ်နိုင်မဖြစ်နိုင်ဆိုသည်ကတော့ .မြစိမ်း'ရှိရာတောင်ညိုတောသို့သွားကြည့်လေမှ ပြောနိုင်လေမည်ဟုထင်ပါသည်။

မည်သို့ပင်ဖြစ်စေ 'အစိမ်း'ပြောသောစိတ်ဝင်စားဖွယ်ကောင်းသည့်ဇာတ်လမ်းလေးကိုတော့ဖြင့် သူပြောပြလေသည့်အတိုင်း အပိုအလိုမရှိ၊ ဖွဲ့နွဲ့လေခြင်းမလျှဉ်းမရှိ၊ ပြောရပေဦးမည်။

* * * *





"အစိမ်းရေ့ လာလေ၊ ဒို့တွေ ဆက်ကပ်ပွဲသွားကြမယ်"

သို့စောလော်တီ အသံကြားသည်နှင့် အစိမ်းသည် နေအိမ်မှကပျာကသီထွက်ခဲ့တော့၏။

ကင်းမတီရွာဘုရားပွဲစသည်မှာနှစ်ရက်ခန့်ရှိပေပြီ။ တစ်ခေါက်မျှမရောက်ဖြစ်သေး၊ ဘုရားပွဲစသည့်နေ့က သူတောထဲမှ ရွာသို့ပြန်ရောက်ခဲ့သော်လည်း ပင်ပမ်းလေသဖြင့်မသွားဖြစ်ခဲ့၊ ဟော ခုတော့ စောလော်တီလာခေါ်လေပြီ၊ ဆက်ကပ်ပွဲဆိုပါကလား၊ သူနှစ်စဉ်နှစ်တိုင်းကြည့်နေကျ၊ ဘုရားပွဲတွင်ရှိသွင်းပြသောပွဲများထဲတွင် ဆက်ကပ်ပွဲကိုသူ အနှစ်သက်ဆုံးဖြစ်၏။ လူတွေအံ့မခန်းဘားကျွမ်းကစားပြကွက်များထက် တိရစ္ဆာန်တောင်တို့၏ပြကွက်ကိုမူ ပို၍နှစ်ခြိုက်လေ၏။ သို့ကြောင့်သူသည် တောတောင်ထဲတွင် ပင်ပင်ပမ်းပမ်းလုပ်၍ရလာသည့် သစ်ခုတ်ခလေးကိုယူ၍ အိမ်မှထွက်ခဲ့တော့၏။

"ငခွေးတို့မနေ့က ဆက်ကပ်ပွဲသွားကြည့်ကြတယ်ကွ၊ သိပ်ကောင်းတယ်ဆိုပဲ"

သို့ဖြင့်သူတို့သည် ရွာဦးဘုရားပွဲဈေးခင်းတွင်းသို့ ရောက်ခဲ့ကြ၏။

"စောသေးတယ်ကွာ၊ လာကွာ၊ လက်ဘက်ရည်သောက်ရင်းသီချင်းနားထောင်မယ်"

သူတို့သည် အသံပေါင်းစုံတို့ဖြင့်ဆူညံနေသော ပွဲခင်းအတွင်းမှကက်ဆက်သံကျယ်ကျယ်လောင်လောင်ဖွင့်ထားသည့် လက်ဘက်ရည်ဆိုင်တစ်ဆိုင်ကို ဝင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချိုကျလုပ်ဗျာ" "ကျောက်ပန်းတောင်းလုပ်ဗျာ"

သို့ဖြင့်အစိမ်းနှင့်စောလော်တီသည် လက်ဘက်ရည်သောက်ရင်း ဒူးယားစီးကရက်လေးကိုဖွာရင်း၊ ကက်ဆက်သီချင်းသံနားထောင်ရင်း ဥဒဟိုသွားလာနေသည့်လူတွေကို ကြည့်နေလေ၏။

ထိုလူတို့ကြားမှ မိတ်ဆွေ၊ သူငယ်ချင်းအသိအကျွမ်းများကိုတွေ့လျှင် အော်ဟစ်နှုတ်ဆက်လား နှုတ်ဆက်ကြလေ။

သို့ရှိစဉ်

"အစိမ်း . . ဟိုမယ်ကြည့်စမ်း"

စောလော်တီက သူ့နောက်ကျောဘက်လှမ်းကြည့်လာသဖြင့် "ဘာတုန်းကွ"ဆိုလျက်သူသည် ရုတ်ခြည်းဆိုသလိုနောက်ကျောဘက်သို့လှည့်ကြည့်လိုက်ပြီး၏။

လူတွေ ဥဒဟိုသွားလာနေကြတာဘာဆန်းလို့လည်း စောလော်တီဘာကိုညွှန်ပြလေသည်မသိ။ သူကဖြင့် ထူးထူးခြားခြားမြင်ကွင်းကိုမတွေ့၊ သတိမထားမိချေ၊ သို့ကြောင့်–

"ဘာလဲကွာ" လို့ပြန်လှည့်မေးလိုက်ပြီး

"သည့်နားပတ်ဝန်းကျင်ကတော့ဖြင့် မဖြစ်နိုင်ပေဘူးကွ"

"မင်းဘာကိုပြောနေတာလဲ၊ ဘယ်သူ့ကိုပြောတာတုန်း"

သို့ဆိုလျှက်သူ့နောက်ကျောဘက်သို့ပြန်လှည့် ကြည့်လိုက်ပြန်၏။

"မတွေ့ဘူးလားကွ၊ ဟိုမယ်လေ ဆက်ကပ်ရုံရှေ့မယ်လေကွာ"





သို့ပြောလာသည်ကြောင့် သူသည် ဆက်ကပ်ရုံသို့လှမ်းကြည့်လိုက်ပြန်၏။

"ဘာလဲ . . အစိမ်းရောင် ဖက်ရှင်ဝတ်ထားတဲ့အမျိုးသမီးကိုပြောတာလား"

သူ့တွင် ထူးခြားမှုဆိုလို့ အစိမ်းရောင်အဝတ် အစားနှင့်အမျိုးသမီးတစ်ယောက်ကို သတိထားမိ၍သာပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်"

သို့ပဲဖြစ်ရပေမပေါ့။

သူသည်ပင် ထိုအမျိုးသမီးကိုနောက်ကျောဘက်မှလှမ်းကြည့်နေရခြင်းဖြစ်၏။

ဆံပင်ရှည်ကိုဖြန့်၍ဖားလျားချထား၏။ သည်လောက်အေးရသည့်အထဲ ဘလောက်လက်ပြတ်အစိမ်းနှင့်ဖြစ်၏။ ထမီသည်လည်းအစိမ်းရောင်အောက်ခံပိတောက်ခြောက်ရောင်အပွင့်ကလေးများနှင့်ဖြစ်၏။

အောက်လင်းဓာတ်မီးအရောင်အောက်တွင် သူမ၏အသားရောင်သည် စိုပြေဝါဝင်းနေတော့၏။

မည်သို့ပင်ဖြစ်စေ သူရင်တွင်းမတော့ လှိုက်ဖိုသွားရလေ၏။ သူ့အတွက်ထိုအမျိုးသမီးသည်အင်မတန်ကြည့်ပျော်ရှုပျော်ရှိလွန်းလှချေ၏။

"လာကွာ . . ငါတို့ဆက်ကပ်ရုံကိုသွားကြမယ်"

သို့ဖြင့် သူသည်စောလော်တီနှင့်အတူ ဆက်ကပ်ရုံသို့



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ကြလေ၏။ လက်ဘက်ရည်နှင့် ဆေးလိပ်ဖိုးကို စားပွဲတွင်ချထားခဲ့၏။

အလိုလေးဗျာ အစိမ်းရောက်ဖက်ရှင်နှင့်မိန်းမပျိုဘယ် ရောက်သွားပါလိမ့်။ ဆက်ကပ်ရုံတွင်းမဝင်မီ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်နေလိုက်သည်။ မတွေ့ပါကလား။ ဆက်ကပ်ရုံ တွင်းများဝင်သွားလေပြီလားမသိချေ။ သို့ကြောင့်

"ငါတို့ဆက်ကပ်ရုံထဲဝင်ကြတော့မယ်"

သို့သူကလောဆော်လိုက်သဖြင့် ဆက်ကပ်ရုံတွင်း ရောက်သွားကြလေ၏။

ထူးထူးဆန်းဆန်း ဆက်ကပ်ပြကွက်များကိုပင် သူ စိတ်မဝင်စားတော့လေပြီ၊ သူ့စိတ်တွင် အစိမ်းရောင်ဝတ် အမျိုးသမီးသာလျှင် မြင်နေတော့၏။ သည်သို့ကြောင့်

ဆက်ကပ်ပွဲ၏ရုံပြင်သို့သာပြန်ထွက်ခဲ့ကြသည်။ သူ့စိတ်တွင်မတော့ အစိမ်းရောင်ဝတ်အမျိုးသမီးထံ၌သာရှိ နေတော့၏။

"နေဦးကွာ . . . ငါကွမ်းတစ်ယာဝယ်ချေဦးမယ်"

စောလော်တီကကွမ်းယာဆိုင်အရှေ့တွင်ရပ်လိုက် သဖြင့်သူသည်လည်းရပ်လိုက်တော့၏။

စောလော်တီကွမ်းယာဝယ်နေစဉ် သူသည်ကွမ်းယာ သည်ထံမှ ဒူးယားတစ်လိပ်ကိုလှမ်းနှိုက်လိုက်ကာ သူလက် တွင်းရှိ အစိမ်းရောင်မီးခြစ်လေးကိုခြစ်၍ မီးညှိဖွာရှိုက်မှုတ် ထုတ်လိုက်သည်။





"ဖူး"

"အို"

"ဟင်"

သူသည် ဆေးလိပ်ငွေ့ကိုမှုတ်အထုတ် သူ့နံဘေးမှ မိန်းမပျိုတစ်ယောက်ကဖြတ်အသွား တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင်မိန်းမပျို၏မျက်နှာသို့ တမင်ရည်ရွယ်မီးခိုးငွေ့တို့ မှုတ်ထုတ်လိုက်သလိုဖြစ်သွားလေ၏။

"ဟာ"

သူ့ကိုမကျေမနပ်ဖြင့်။ မျက်စောင်းလေးတစ်ချက်ထိုး သွားသောအမျိုးသမီးကိုမြင်လိုက်သည်တွင် လွန်မင်းစွာအံ့သြ သွားရသည်။ အားတုန့်အားနာဖြစ်သွားရလေ၏။

တိုက်ဆိုင်ချင်တော့ သူလိုက်ရှာနေမိသောအစိမ်း ရောင်ဝမ်းဆက်နှင့်အမျိုးသမီးဖြစ်နေပါကောလား။

ထိုအမျိုးသမီး သည်သူ့ကိုမျက်စောင်းတချက်မျှသာ ထိုး၍ မကျေမနပ်ကြည့်လေပြီးနောက် ရှေ့ဆက်လှူတောတိုး လျှောက်သွားလေ၏။

အမျိုးသမီးနှင့်အတူ အသက် '၇၀' ခန့်ရှိ အဘွားအို တစ်ယောက်ပါလေ၏။ မြေးအဖွားဖြစ်ချိမ့်မည်။

ဝတ်ကောင်းစားလှနှင့် ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြစ်၏။

သူမ၏မျက်နှာသည် သူထင်ထားသည်ထက်ပို၍ လှောက်သရေရှိလှချေ၏။ နှစ်လိုဖွယ်ပင်ဖြစ်ချေ၏။

"လာကွာမြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် သူသည်စောလော်တီကိုလက်လှမ်းဆွဲကာထိုနေရာလေးမှခပ်သွက်သွက်ထွက်ခဲ့လေ၏။

"ဘာတုန်းကွာ . . ဖြေးဖြေးပေါ့"

စောလော်တီကကွမ်းယာကိုပလုတ်ပလောင်းဝါး ရင်းပြောဆိုပါလာ၏။

ပွဲခင်းအတွင်း ဥဒဟိုလှုပ်ရှားနေသော လူတို့၏ အခေါက်ခေါက်အခါခါဖြစ်သွားရလေခြင်းကြောင့်

"မင်းဘယ်သူ့နောက် လိုက်နေတာတုန်း၊ ရှာနေတာတုန်း"လို့စောလော်တီကမေးယူရလေ၏။

"ဝမ်းဆက်အစိမ်းဝတ်အမျိုးသမီးလေကွာ"

"ဟောဒါတော့မတွေ့မိပါကလား"

စောလော်တီကပြောလာလေ၏။

"အိပ်ချင်ပြီ ပြန်ကြမယ်ကွာ"

"ငါထပ်ရှာချင်သေးတယ်"

အစိမ်းကပြော၏။

"ဒို့တွေပွဲခင်းထဲမယ်အခေါက်အခေါက်အခါခါ အပြန်တရာမကပေဘူး၊ မတွေ့ဘူးလေ၊ ပြန်သွားရောပေါ့၊ မနက်ဖြန်ကျတခေါက်လာပြန်ရှာမယ်"

စောလော်တီက စိတ်ပျက်စွာပြောလေ၏။

"နို့ဖြင့်လည်းပြန်တာပေါ့ကွာ"

သို့ဆိုလျက် အစိမ်းသည်ပင် စောလော်တီကိုဦးဆောင်၍ပွဲခင်းတွင်းမှထွက်ခဲ့တော့၏။





ပွဲခင်းတွင်းမှထွက်၍ ရွာလမ်းမသို့ရောက်ခဲ့ကြသည်တွင် –

"အူး"

"ဝုတ်" "ဝုတ်" "ဝုတ်"

"အူး" "အူးဝူး"

ရွာလမ်းမပေါ်တွင်ရွာထိပ်တ်သို့ကြည့်ဟောင်အူနေသည့်ခွေးအသံကြောင့် အစိမ်းသည်ရွာထိပ်သို့လှမ်းကာကြည့်လိုက်သည်တွင် –

"ဟာင်"

သူပင်အမြင်မှားနေလေရော့လား။

ရွာထိပ်မှတရွေ့ရွေ့လျှောက်သွားနေသော လူနှစ်ယောက်ကိုလရောင်အောက်တွင်ဝိုးတဝါးမြင်လိုက်ရသဖြင့် အံ့ဩမိလေ၏။ ဟုတ်မှဟုတ်ပါလေစ။

"ဟိုမယ် မိန်းမနှစ်ယောက်မဟုတ်လား"

စောလော်တီကပြောလာသည်။

သို့ဆိုပါကမူ အမြင်မမှားလေပြီ။

"မီးလောင်ကုန်းရွာကမျှားလား"

"သိဘူးသွားလိုက်ကြည့်မယ်"

သို့ဖြင့် အစိမ်းနှင့်စောလော်တီသည် အဝေးမှတရွေ့ရွေ့လျှောက်လှမ်းနေသော သူ့အမြင် မိန်းမပျိုနှင့်အဖွားအိုနောက်သို့ ခပ်သွက်သွက် လျှောက်လိုက်သွားကြတော့၏။

အံ့ဖွယ်ကောင်းသည်မှာ ကင်းမတီးနှင့်မီးလောင်ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ငါးမိုင်ခန့်သာအကွာအဝေးရှိ၏။

ညဦနက်သန်းခေါင်သူတို့မြေအဖွားနှစ်ယောက် သည် လမ်းလျှောက်သွားကြသည်မှာ အုံ့ဖွယ်ပင်ဖြစ်တော့၏။

သည်ထက်ပို၍အံ့ဖွယ်ကောင်းသည်မှာ မြေအဖွား နှစ်ယောက်ကိုသူတို့လိုက်မမီကြခြင်းဖြစ်လေ၏။

ဘယ်လိုကြောင့်ပါလိမ့်။ သို့ကြောင့် မပြေးရုံတမယ် ခပ်သုတ်သုတ်လျှောက်လိုက်ကြ၏။

မြေအဖွားနှစ်ယောက်စကားပြောသံသဲ့သဲ့ကိုကြား ရ၏။ ရယ်သံလွင်လွင်ကိုလည်းကြားရပြန်တော့၏။

မီးလောင်ကုန်းနှင့် ကင်းမတီးဆက်သွယ်လမ်းမကြီး သည် လရောင်အောက်တွင်ဖြူးနေသော်လည်း လရောင်ကို တိမ်တိုက်တို့ဖုန်းကွယ်သွားလေသည့်အခါ မဲမှောင်သွားရ၏။

အလိုလေးဗျာ၊ တိမ်တိုက်တို့ရွေ့လျား လရောင်ပြန် ၏။ ပေါ်လာလေငြား မြေအဖွားနှစ်ယောက်ကို မျက်ခြေပြတ် သွားရလေ၏။

ဘယ်ရောက်သွားကြပါလိမ့်။ သို့ကြောင့် ရှေ့လှမ်း လှမ်းသို့လျှောက်ကြည့်လိုက်ပြန်ငြား ပျောက်ခြင်းမလှပျောက် သွားရချေ၏။

သို့ရှိစဉ် သူတို့ရှေ့တည့်တည့်မှ လှည်းတစ်စီးတရွေ့ ရွေ့လာနေသည်ကြောင့် အားတက်သွားရလေ၏။ သူတို့ကို မေးကြည့်လျှင်သိရပေမည်။ သို့ကြောင့် ထိုနွားလှည်းနှင့် မျက်နှာချင်းဆိုင်လေသည်တွင်





"ရှေ့နားလေးမှာ မြေအဘွားနှစ်ယောက်များတွေ့ ခဲ့လေသလား"

အစိမ်းကလှည်းသမားကိုမေးလိုက်၏။

"ဟာ အစိမ်းနဲ့စောလေဒ်တီပါကလား၊ ဘယ်သွား ကြမလဲ၊ မီးလောင်ကုန်းလား"

လှည်းပေါ်တွင်ပါလာသည့်လူတစ်ခုအတွင်းမှ သူတို့ အသိပါလာခြင်းဖြစ်၍ ဘယ်သူများပါလိမ့်။

"မီးလောင်ကုန်းရွာသား တာပုပါကလား" သို့ကြောင့် "ခုနားစော မင်းတို့လမ်းမှာ မြေအဖွားနှစ်ယောက်မတွေ့လိုက် ဘူးလား" မေးလိုက်ပြန်၏။

"မတွေ့ပေဘူးကွ"

သို့ စောတာပုကပြောလာသဖြင့် အစိမ်းသည် စောလော်တီကိုစေ့စေ့ကြည့်လိုက်၏။

"ငါတို့အမြင်မှားရော့လား"

လို့တိုးညင်းမေးလိုက်သံဆုံးသည်နှင့်

"ဟိုနောက်နားလေးနေရာမှာတော့ ကွင်းထဲမှာလူနှစ် ယောက်ဖြတ်သွားတာတွေ့လိုက်တယ်"

"ယောကျ်ားတွေလား၊ မိန်းမတွေလား"

"အဲဒါတော့အမှတ်တမဲ့ပဲကွ၊ ကွင်းကိုဖြတ်ပြီးတော အဲဘက်သွားနေကြတာပဲ"

"အဲဒီ တောဘက်မှာရွာရှိလို့လား"

"သံပုရာခုံ ရှိတယ်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



လှည်းမောင်းသူကသို့နယ်ပြောပြီး လှည်းကိုဆက်မောင်းသွားလေ၏။

သို့ဖြစ်၍ အစိမ်းနှင့်စောလော်တီတို့လည်း စောတာဝ မြင်ခဲ့သည်ဆိုသည့်နေရာသို့ ခပ်သုတ်သုတ်လျှောက်သွားလိုက်တော့၏။

အလိုလေးဗျာ၊ ဟုတ်ပါ့၊ တောတန်းအစပ်တွင် လူနှစ်ယောက်တရွေ့ရွေ့လျှောက်သွားနေသည်ကို တွေ့လိုက်ရ၏။

သူတို့တွေ့လိုမြင်လိုသည့် မြေးအဘွားနှစ်ယောက်ဖြစ်ဖို့များချေပြီ။

"ဘယ်လိုလဲ"

စောလော်တီကမေးလေ၏။

"လာကွာ လိုက်သွားကြမယ်"

"အလိုလေးဗျာ၊ ဘယ်လိုဖြစ်နိုင်မှာတုန်း၊ သံပုရာခုံရွာဘက်ကိုငါရောက်ဖူးတာမဟုတ်ဘူး၊ ညဥ့်နက်သန်းခေါင် ကွ လမ်းတွေများလွဲလို့ ဒုက္ခတွေ့နေပါ့မယ်၊ သည်လိုလုပ် မနက်ဖြန်ကျ ခပ်စောစောသွားကြမယ်၊ သူတို့ သံပုရာခုံကဆို သံပုရာခုံရွာရှိတာသေချာပြီ"

သို့ဖြင့်သူတို့သည် ထိုနေရာလေးမှ ရွာဘက်သို့လှည့်ပြန်ခဲ့ကြလေတော့သည်။

ရွာဦးဘုရားပွဲသို့တကြော့ပြန်ရန်စောလော်တီက ဖြေ သော်လည်း သူခေါင်းခါငြင်းခဲ့လေ၏။





သူ့စိတ်တွင် အစိမ်းရောင်ဝတ်စုံနှင့်မိန်းမပျိုသာရှိနေလေသည်မဟုတ်ပါကလား။

မြင်မြင်ချင်းစွဲလန်းသွားလေခြင်းများလေလား။

"နက်ဖြန်ကျငါ စောစောလာခေါ်မယ်"

စောလော်တီနှင့်လမ်းခွဲကြသည်တွင် မှတ်မှတ်ရရပြောလိုက်သေးတော့၏။

သို့ဆိုသလိုအစိမ်းက စောလော်တီကိုသတိပေးလိုက်လေပြီး အိမ်ပြန်ခဲ့သည်ဆိုပေမင့် အအိပ်ပျက်၊ အစားပျက်ဖြစ်ရလေ၏။ ဘယ်တွက်မှုစွဲလန်းတမ်းတနေရလေသည်ကိုး။ သံပုရာခုံရွာကဆိုပါကလား၊ ကြည်းစမ်းပွဲကြိုက်ခင်ဖြစ်ချိမ့်မည်။ အဓယ်အိုကြီးနှင့်နှစ်ယောက်တည်း ကင်းမတီးဘုရားပွဲသာကြလေခြင်းဖြစ်ချိမ့်မည်။ ယောကျ်ားသားမရှိလို့ဖြစ်မပေါ့။ သူ့မယ်ယောကျ်ားသားရှိပါလျှင် သည်လောက်ချောမောလှပဆောင့်တင်းသည့်မိန်းမကို ဘယ်ယောကျ်ားကသည်လမ်းရေးကိုလွှတ်လိမ့်မည်လဲ။ သူသာဆိုပါလျှင်လည်း မျက်စိအောက်ကပင်အပျောက်ခံလိမ့်မည်မဟုတ်။

အစိမ်းသည် တညလုံးလည်းအိပ်မပျော်၊ သံပုရာခုံရွာသို့သွားရန်သာစိတ်စောနေခြင်းဖြစ်၏။

စောစိမ်းတစ်ယောက် အစိမ်းရောက်ဖက်ရှင်ဝတ်အမျိုးသမီးကိုစိတ်စွဲလန်းတမ်းတမ်းတတဖြစ်ရလေခြင်းကြောင့် တစ်ညလုံအိပ်မပျော်ဖြစ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းကြက်တွန်သံကြားသည်နှင့် ကပျာကသီအိပ်ယာမှထလိုက်သည်။ အိမ်ပေါ်မှတိတ်တဆိတ်ဆင်းလိုက်၏။

"ကျွီး . . ကျွီး . . ကျွီးစ်"

ဝါးကြမ်းခင်းလှုပ်ခါမှုကြောင့် စောထွန်းရွှေနိုးလာပုံရ၏။

"ဖိုးချွား . . ဒါဘယ်သွားမလို့တုန်း"

အိပ်ချင်မူးတူးဖြင့် မေးလာ၏။

"စောလော်တီနဲ့ တောထဲသွားမလို့"

ပြောမိပြောရာပြောလိုက်၏။

"ဖိုးချွားရယ်၊ တောကပြန်လာတာဖြင့်မကြာသေးဘူး။ မင်းပဲဘုရားပွဲအမီပြန်လာတာဆို"

ဟုတ်ပေသားပဲ . . သို့ကြောင့်

"အော် . . . အပါးရယ် . .ညကဘုရားပွဲဧကက်ခဲ့ပါပြီ၊ အလျင်နှစ်တွေကလို ဆက်ကပ်ကလည်းမကောင်းဘူးဗျ၊ ခုငါတို့တွေ့တဲ့ တောထဲဝါးတောကကောင်းမှကောင်း၊ ရွာမယ်ဘုရားပွဲရှိတော့ တောထဲမယ်ဝါးခုတ်သမားတွေသိပ်မရှိကြဘူး၊ သို့ကြောင့် အဲဒီဝါးတောကိုငါတို့ရတဲ့အချိန်ကလေးမယ် များများရအောင်ခုတ်ထားမလို့ပေါ့" လို့လီစယ်ပြောလိုက်၏။

"အေး . . အေး ကောင်းတယ်၊ ကောင်းတယ်၊ ဝါးခုတ်သမားတွေဘုရားပွဲမက်နေတုန်း၊ ဖိုးချွားအပြတ်ခုတ်တော့မပေါ့ ဟုတ်လား အေးအေး . ကောင်းတယ် သွား . . သွား"

ဟူးတော့်ပါသေးရဲ . . . .





အပါးကတော့ ယုံသွားချေပြီ။

အစိမ်းသည် စောလော်တီအိမ်ဘက်သွားလိုက်၏။

"ဟိတ်ကောင် . . လော်တီ သွားကြမယ်လုပ်ကွာ"

စောလော်တီအိမ်ပေါ်တက်ရင်းပြောလိုက်၏။

" ဟင် "

စောလော်တီ အိပ်နေဆဲဖြစ်၏။ သို့ကြောင့် လှုပ်ခါနှိုးလိုက်၏။

"ဟာ"

ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါကောလား။

"ငါ ငှက်ဖျားတက်နေပြီ၊ မင်းနဲ့တော့မလိုက်နိုင်တော့ဘူးကွာ"

အစိမ်းလွန်မင်းစွာစိတ်ပျက်သွားတော့၏။ သို့ပေမင့် "အေးလေကွာ"ဆိုလျှက် စိတ်ပျက်စွာထွက်ခဲ့တော့၏။

သံပုရာခုံကိုသူမရောက်ဖူးချေ။ ဘယ်လိုသွားရမလဲ၊ စောလော်တီလည်းရောက်ဖူးသည်မဟုတ်ပေမင့်၊ နှစ်ယောက်ဆိုတော့ကာ တိုင်ပင်ဖေါ်တိုင်ပင်ဖက်ရသည်မဟုတ်ပါကလား၊ ခုတော့ စောလော်တီဖျားနေပြီဆိုတော့ သူတစ်ယောက်တည်းဇွန့်စားသွားရပေတော့မည်။

"ဟိတ်ကောင် အစိမ်း ဒါဘယ်လဲ"

သို့အသံကြောင့် ခေါင်းငိုက်စိုက်၍လျှောက်ခဲ့ရာမှ နောက်ပြန်ကြည့်လိုက်၏။

ငချွေးပါကလား။



www.burmeseclassic.com

www.burmeseclassic.com



"သံပုရာခုံသွားမလို့ စောလော်တီကိုလာခေါ်တာ၊ သူဖျားနေတယ်ဆိုတော့ မလိုက်နိုင်ဘူးလေ။ ငါကလဲ သံပုရာခုံကိုမသွားတတ်"

"ဟော . . ဘာကိစ္စတုန်း"

"သူဘယ်လိုပြောရမလဲ၊ ဟုတ်ပြီ"

"အပါးသွားခိုင်းတာပါကွာ၊ ငါ့ကိုတစ်ယောက်တည်း လွှတ်လိုက်တာလေ၊ နို့ပေမင့်လို့ တစ်ခါမှမသွားဖူးတော့ကာ စမ်းတဝါးဝါးသွားရတော့မပေါ့"

"အောင်မလေး၊ ဟကောင်ရ ဘာမှစမ်းတဝါးဝါးသွား စရာမလိုဘူး၊ ငါနဲ့လိုက်ခဲ့ချေ"

"ဟော . . မင်းကသံပုရာခုံသွားမလို့လား"

ဝမ်းသာအားရသူကမေးလိုက်၏။

"ဟုတ်ဘူး၊ တောတက်မလို့ကွ"

သို့ ငခွေးကပြောလာသဖြင့် သူစိတ်ပျက်သွားပြန်၏။ သို့ကြောင့်

"မင်းတောတက်တာနဲ့ သံပုရာခုံရွာဘာဆိုင်လို့တုန်း" လို့ငေါက်ငမ်းပြောလိုက်၏။

သည်တွင်ငခွေးက အစိမ်းကိုပြုံးပြလိုက်လေပြီး–

"ငါသွားမယ့်တောလမ်းကနေ သံပုရာခုံသွားတဲ့နွား လှည်းလမ်းကဖြူးနေတာပဲကွ၊ ကွင်းဘက်ကလှည့်သွားလျှင် မင်းတောစပ်ရောက်တာနဲ့ စိတ်ညစ်သွားမယ်၊" လို့ ပြောလေ ၏။





"နို့ဖြင့် ငါမင်းနဲ့လိုက်ခဲ့မယ်၊ ငါ့ကိုလမ်းပြချေကွာ" သည်သို့ဖြင့် အစိမ်းသည် ငခွေးနှင့်အတူတောကြီးတန်းသို့ ဝင်ခဲ့လေတော့၏။

ငခွေးက သူတို့ရွာသားဖြစ်နှင့်သည်ဆိုပေမင့် တောထဲ တွင်သာအနေများ၏။ သို့မဟုတ်ပါမူ တကိုယ်တည်းသမား ဖြစ်ခြင်းကြောင့် အခြားရွာမှမိတ်ဆွေသူငယ်ချင်းများနှင့် လိုက်ပါသွားတတ်၏။

ချေးကျုရာပျော်သည့်လူစားမျိုးဖြစ်၏။ သူမရောက်ဖူး သောရွာဟူ၍မရှိသလောက်ပင် သံပုရာခုံရွာကိုလည်းရောက် ဖူးပေလိမ့်မည်။

"နို့ဖြင့်လည်း လမ်းညွှန်ပေးပါကွာ"

သို့စကားတတွတ်တွတ်ပြောလေ၏။

"အေးပါကွာ၊ လှည်းလမ်းကိုဖြူးနေတာပဲ၊ အဲဒီလှည်း လမ်းအတိုင်းသာမင်းလိုက်သွား သံပုရာခုံရွာကိုရောက်လိမ့်မယ်"

သို့ဆိုတော့ အစိမ်းဝမ်းသာအားရဖြစ်မိတော့၏။

"ဘယ်လောက်ဝေးလဲ"

"တနေကုန်နီးနီးခရီးလောက်တော့သွားရလိမ့်မယ်"

သူစိတ်ပျက်သွားသည်ဆိုပေမင့်၊ အစိမ်းရောင်ဖက် ရှင်ဝတ်အမျိုးသမီးကိုတွေ့ချင်လွန်းလှသည်ဆိုတော့လည်း "ဖြစ်ပါတယ်"လို့ဖြေလိုက်ရ၏။

သည်သို့ဖြင့် သူတို့သည်ရွာလမ်းမ တောလမ်း လှည်းလမ်းကြောင်းအတိုင်းလျှောက်ခဲ့ကြရာမှ လှည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းမှဘေးသို့ကွေ့ပတ်လျှောက်ခဲ့ကြပြန်၏။ လမ်းရယ်လို့သတ်သတ်မှတ်မှတ်မဟုတ်လေခြင်းကြောင့် တောတိုးလျှောက်ခဲ့ကြခြင်းဖြစ်၏။

အတန်ကြာကြာလျှောက်ခဲ့သည့်တွင် အောက်ပေါင်းရှင်းမြေပြင်ပြောင်ပြောင်တခုသို့ရောက်လာကြ၏။

ထိုနေရာလေးတွင် လွန်စွာမှကြီးမားသောသစ်ပုတ်ပင်ကြီးအောက်ခြေတွင်ထိုင်လိုက်၏။

"နားချေဦးမယ်ကွာ၊ ငါ့မယ်ကောက်ညင်းပေါင်းနဲ့အသားကြော်ပါတယ်၊ စားကြစို့ကွာ"

သို့ငခွေးကပြောလေမှသူအိမ်ကထွက်ခဲ့ကတည်း ကဘာမှမစားခဲ့ရသည်ကိုသတိရလိုက်တော့၏။

အစဉ်သင့်လိုက်လေ။

"ကျေးဇူးတင်တယ်ကွာ"ဆိုလျှက် ငခွေး၏ကောက်ညင်းပေါင်းနဲ့ အမဲကြော်ကိုတူတူစားလိုက်ကြတော့၏။

စားပြီးသည်နှင့်အတန်ကြာနားနေလိုက်ကြ၏။

သို့ရှိစဉ် သစ်လုံးတိုက်လာသောနွားလှည်းတစ်စီးသူတို့ရှေ့ရောက်လာ၏။

"ဟာ အစိမ်း မင်းဘယ်လဲ"

နွားလှည်းမောင်းလာသော ယောင်ဆံထုံးနှင့်လူကြီး ကသူ့ကိုမြင်သည်နှင့်မေးလာချေတော့၏။

ဘယ်သူများမှတ်တယ်၊ သူတို့အိမ်နှင့်ခြံချင်းကပ်အိမ်တွင်နေသည့် ဖထီးဇာဂနီ ပါကလား။



"အေး ငခွေးနဲ့တောတက်မလို့"

သို့ပြောလိုက်သည်ကြောင့် ငခွေးသည်အစိမ်းကိုထအံ့တကြကြည့်နေလေတော့၏။

သစ်လုံးတင်လှည်းသည်သူတို့နှင့်အတော်လှမ်း လှမ်းသို့ရောက်သွားလေမှ–

"ငါ့ကိုခွင့်လွှတ်ပါကွာ၊ အပါးက ငါ့ကိုတစ်ယောက်တည်းတောတက်တာမကြိုက်ဘူးကွ၊ ငါ အပါးကိုဆောလော်တီနဲ့သွားကြမယ်ပြောထားတာ၊ သည်ကောင်ကများပြီးမလိုက်နိုင်တော့ ငါ့တစ်ယောက်တည်းထွက်လာ တာလေ၊ တော်သေးတာပေါ့ကွာ၊ ငါနားမယ် မင်းရှိနေတော့ ကြံရာမရပြောလိုက်ရတာပေါ့၊ ခွင့်လွှတ်ပါကွာ ဟုတ်လား ငခွေး"

ငခွေးသည် ခေါင်းဆတ်ညိတ်ပြခြင်းသာပြုလေပြီး နေရာမှထလိုက်၏။ သို့ကြောင့် အစိမ်းသည်လည်း လိုက်ထလေပြီး –

"ခရီးကဝေးသေးလား" မေးလိုက်၏။

"မင်းငါနဲ့လိုက်စရာမလိုတော့ဘူး"

"ဟင်"

ဘယ်လိုဖြစ်သွားတာပါလိမ့်၊ သူ့ကိုစိတ်ဆိုးသွားလို့များလား၊ သို့ကြောင့် –

"အဲလိုမလုပ်ပါနဲ့ငခွေးရာ၊ ငါ့ကိုသံပုရာခုံသွားတဲ့လမ်းအထိတော့ခေါ်သွားပါကွာ" လို့တောင်းတောင်းပန်ပန်ခေယ





www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။ သည်တွင်ငချွေးက သူ့ကိုပြုံးစိစိမျက်နှာဖြင့် ကြည့်လာချေပြီး –

"မင်းငါနဲ့လိုက်စရာမလိုဘူးဆိုတာ မင်းလဲငါနဲ့လိုက်ခဲ့တော့မှာမှမဟုတ်တာချည်း"

"ဘာ . . ဘယ်လို ရှင်းအောင်ပြောစမ်းပါကွာ"

"ဟောဟိုက ဆေးရိုးပင်တွေ့လား"

သူလှမ်းကြည့်လိုက်၏။

"အေး"

အဲဒီဆေးရိုးပင်တဖက် ချုံနွယ်ဘက်မယ် လှည်းလမ်းကြောင်းတခုရှိတယ်၊ မင်းဘာသာသွားလေ၊ အဲဒီလှည်းလမ်းကြောင်းအတိုင်းအနောက်ဘက်သာလျှောက်သွားချေ။ သံပုရာခုံရွာကိုတန်းနေတာပဲ"

"ဟာ"

"ကဲ . . ကဲ သွားချေ၊ ငါလဲ ပန်းပုပ်ကြီးစခန်းကို ကနေ့အရောက်သွားရမှာ" ဟုဆိုလျက် ငချွေးသည်သူ့အပါးမှ ထွက်သွားလေ၏။

သူသည် ငချွေးပြောလေသည့်အတိုင်း ဆေးရိုးပင်ရှိရာသို့ခပ်သွက်သွက်ခြေလှမ်းကာသွားလိုက်၏။

ချွေးပြောသလိုပင် ဆေးရိုးပင်တစ်ဖက်ချုံတောအစပ်တွင်လှည်းလမ်းကြီးတခုကိုတွေ့ရလေ၏။

သူဝမ်းသာသွားလေသည်။ သံပုရာခုံရွာရောက်ပေရော့မည်။ အစိမ်းရောင်ဖက်ရှင်ဝတ်အမျိုးသမီးကို တွေ့-





နိုင်ပေရော့မည်။

သူသည် ငချွေးပြောလေသည့်အတိုင်း အနောက်ဘက်သို့ဦးတည်လျှောက်သွားလေ၏။

ငချွေးပြောသလို လျှောက်ခဲ့သောလမ်းတစ်လျှောက် လှည်းလမ်းကြောင်းသည် ထင်းထင်းရှိနေခြင်းကြောင့် သူ့တွင်အခက်အခဲမရှိပါချေ။

သို့ပေမင့် လှည်းလမ်းကြီးသည် ချောင်းကိုဖြတ်သွားလေသဖြင့် သူလည်းချောင်းကိုဖြတ်ကျော်လိုက်၏။

ချောင်းသည် သဲချောင်းဖြစ်၍ ရေစီးရှိသည်ဆိုငြားခြေမျက်စိသာသာဆို ရေသာရှိချေ၏။

အလိုလေးဗျာ၊ ချောင်းတစ်ဖက်ကမ်းရောက်သည့်တိုင်လှည်းလမ်းကြောင်းမတွေ့ပါတော့ချေ။

သို့ပေမင်လို့ လှည်းလမ်းချောင်းကိုဖြတ်သွားကို တွေ့လေသည်ကြောင့် ချောင်းတစ်ဖက်ကမ်းအတိုင်း အစိမ်းသည်လျှောက်ခဲ့တော့၏။

ချောင်းတစ်ဖက်ကမ်းသည် သူလျှောက်လာခဲ့သောလမ်းကဲ့သို့မဟုတ်၊ ဘယ်လိုကြောင့်မသိ။ သူ့စိတ်တွင်အမျိုးကြီးဖြစ်နေတော့၏။ လွမ်းသလိုဆွေးသလို၊ တစုံတရာအန္တရာယ်ကျရောက်လာမည်ကိုစိုးရိမ်စိတ်ဖြစ်နေသလိုပင်၊ သည်ကြားမြွေတွန်သံတို့ကိုလည်းကြားရ၏။

သံဖြတ်ဖြစ်ခြင်းကြောင့် မြွေဆိုးများဖြစ်နိုင်၏။

သို့ကြောင့် မြေပြင်သို့သာ ဂရုတစိုက်ကြည့်လျှောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေခြင်းကြောင့် ခရီးဘယ်လောက်အကွာအဝေးရောက်လာသည်ကိုမမှန်းဆတတ်ဖြစ်တော့၏။

သစ်ပင်ချုံနွယ်တို့သည်ပို၍ထူထပ်လာ၏။ အေးစိမ့်လို့လည်းလာ၏။

"အွတ် . အွ . အွ . အွား"

တောကျီးကန်းတကောင်၏အသံကြောင့် မော့်ကြည့်လိုက်၏။

"အွ . အွ . အွ . အွစ်း"

ကြည့်စမ်းသူလာနေသည်ကိုသိ၍ အော်ဟစ်နေခြင်းလားမသိချေ။ သူ့ကိုကြည့်၍အော်နေပုံရ၏။ သို့ကြောင့်

"ရွှေးစ်"

လို့အော်လိုက်ရင်း တောကျီးကန်းကိုတစုံတရာဖြင့်လှမ်းပစ်သည့်နှယ်လှန့်လိုက်၏။

"အွစ် . . အွ . . အား"

"ဖတ် . . ဖလပ် . . ဖျပ်"

"အား"

သူ ထိတ်လန့်သွား၏။

တောကျီးကန်းတစ်ကောင်သည် ဘယ်အချိန်ကသူ့နားရောက်နေလေသည်မသိ။ သူကသစ်ပင်ပေါ်မှတောကျီးကန်းကိုခြောက်လှန့်မောင်းထုတ်လိုက်သည်နှင့် အခြားကျီးကောင်သည် ခြေသည်းအစုံဖြင့် သူ့ပခုံးကိုကုတ်ခြစ်တောင်ပံဖြင့်ရိုက်ခတ်ထွက်ပြေးပျံသန်းသွားလေ၏။





သို့ဖြင့်–

"အား အား အား အား အား"

"ဟာ"

တောကျီးကန်းတို့အုပ်လိုက် သူ့ထံသို့အော်ဟစ်ပျံလာချေပြီ။ သို့ကြောင့် သူသည်ခြေဦးတည့်ရာပြေးသွားခဲ့လေ၏။

တော်သေး၏။

တောကျီးကန်းတို့ ထိုနေရာလေးတွင်ကျန်ရစ်ခဲ့ကြ၏။

ထိုနေရာလေးတွင် ကျီးကောင်တို့ပျားပန်းခတ်လှုပ်နေတော့၏။ ကျီးကောင်တို့ဆူညံနေတော့၏။

သူ၏ ပခုံးထက်တွင် ကျီးကောင်၏ခြေသည်းချွန်ချွန်ကြီးဖြင့် ကုတ်ခြစ်ခံရလေခြင်းကြောင့် သွေးတို့ထွက်နေလေ၏။ မပြောပလောက်သောဒဏ်ရာဆိုပေမင့် စပ်ဖျင်းဖျင်းဖြစ်နေ၍ သို့အတွက် သူပူပင်ခြင်းအလျဉ်းမရှိဆိုသော်လည်း သူဘယ်သွားလို့သွားရမှန်းမသိလေတော့ခြင်းကြောင့်ဖြင့် ထွန်မင်းစွာထိတ်လန့်မိသေးတော့၏။

နောက်သို့ပြန်လှည့်ဖို့ရာကလည်း ကျီးတစ်အုပ်ရှေ့တွင်ရှိနေလေပြန်သဖြင့် ဖြစ်ချင်ရာဖြစ်ဆိုကာ ရှေ့ဆက်တောတိုးလျှောက်ခဲ့တော့၏။

အချိန်သည်လည်း အတော်လင့်ခဲ့ချေပြီဖြစ်ရာ နေရောင်လုံးဝမရှိတော့ပါချေ။ အချိန်အတိအကျတော့ဖြင့် မှန်း၍မရ။ သစ်ပင်ကြီးတို့ထူထပ်စွာပေါက်နေခြင်းဖြင့်သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူစိုးရိမ်စိတ်ဝင်လာရတော့၏။

သူ့တွင် ဝါးခုတ်ဓါးမရှည်တစ်ချောင်းသာပါလာချေ သည်ပဲ။ သူဆက်လျှောက်ရမည်လား၊ နားရမည်လားဝေခွဲ မတတ်ချေပြီ။

သို့ သူ တွေဝေစဉ်းစားနေစဉ်

"ဝုန်း"

"အား"

ရုတ်တရက်မို့ ထိတ်လန့်သွားသည်။ သစ်ကိုင်းကျိုး ကျလာခြင်းဖြစ်၏။ အမှတ်တမဲ့ဆိုတော့ ပြဿနာမရှိလှသလို ဖြစ်ပြီး ကျိုးကျသောသစ်ကိုင်းကို ဂရုထားကြည့်မိတော့ သံသယဝင်လာမိ၏။

ကျိုးကျသောသစ်ကိုင်းသည် လူတစ်ကိုယ်စာ တတ် လုပ်ရုံဖြင့်လည်းကောင်း၊ ဆွဲချ၍သော်လည်းကောင်း ကျိုးကျ လာနိုင်စရာအကြောင်းမရှိချေ။ သို့ ဘယ်လိုဖြစ်ရပါလိမ့်။

သစ်ပင်ပေါ်သို့လည်း မော့ကြည့်လိုက်၏။ ဘယ် နေရာလောက်က ကျိုးကျသည်ကိုပင် မခန့်မှန်းတတ်ချေ အံ့ဖွယ်ပင်ကောင်းသလို ကြက်သီးမွေးညင်းပင်ထမိတော့၏။

"ဖရော. . . ဖရော. . .ဖရော. . . ဖလပ်. . .ဖလပ်. . ဖျပ်"

အရှေ့တောင်ကြောပေါ်မှ လေပြင်းတိုက်ခိုက်သံ ကြောင့် "အစိမ်း" လှမ်းကြည့်နေလိုက်၏။

ထိုတောင်ကြောပေါ်တွင် တောဆင်ရိုင်းတစ်အု





တောတိုးပြေးလွှားသွားသည့်နှယ် ဖြစ်ချေ၏။

"ဒါ တောခြောက်တာပဲ" လို့ အစိမ်းတွက်မိလိုက် သည်နှင့် ထိုနေရာလေးမှ မပြေးရုံတမယ် ထွက်ခဲ့လေတော့၏။ ခပ်လှမ်းလှမ်းသို့ ရောက်သည်တွင် လမ်းမြောင်လေး တစ်ခုတွေ့သည်ကြောင့် တွေဝေရပ်ကြည့်နေမိတော့၏။

ထိုလမ်းမြောင်လေးအတွင်း ဝင်ရနိုး၊ မဝင်ရနိုး၊ စဉ်းစားလိုက်၏။ လှမ်းကဲ၍လည်းကြည့်မိသေး၏။ အလိုလေးဗျာ၊ သူ့စိတ်တွေ ဘယ်လိုဖြစ်သွားသည်မသိ။ တောတောင်အတွင်းမှ လမ်းမြောင်လေးဖြစ်ပြီး ရွာလမ်းလေး တွဲသို့ ရှင်းလင်းလို့ရှိချေ၏။ သူစိတ်တွင်း အလိုလိုနေရင်း ရွာပြန်ရောက်သွားသည်ဟု ထင်လိုက်၏။ သူ ကျေနပ်ပြုံးမြုံး လိုက်ကာ ထိုလမ်းမြောင်လေးအတိုင်း လျှောက်ဝင်လိုက်၏။

မှောင်စပျိုးအချိန်ဖြစ်သော်လည်း ရှင်းရှင်းလင်းလင်း ရှိချေ၏။

လမ်းမြောင်လေး တစ်ဖက်တစ်ချက်တွင် ချုံပုတ်နွယ် ပင်ရှိ၏။ သို့ပြီး လတ်ဆတ်သောရနံ့ကိုရလိုက်၏။

တောတောင်ရနံ့တော့ဖြင့် မဟုတ်။ ရွာဝန်းကျင်ရနံ့ ဖြစ်ချေ၏။ သူ့နားတွင် ဆူဆူညံညံအသံလည်း ကြားလိုက် သလိုရှိသည်ကြောင့် လျှောက်နေသောခြေလှမ်းကို ရပ်တန့် နားစွင့်လိုက်၏။

ရှေ့တူရူလောက်ဆီမှ လာသောအသံဖြစ်ချေ၏။ သူ သည် နားအကင်းပါးသူတစ်ယောက်ဖြစ်ခြင်းကြောင့် လုံး



www.burmeseclassic.com

www.burmeseclassic.com



ထွေးနေသောအသံတို့ကြားမှ ကလေးသံ၊ လူကြီးသံ၊ မိန်းမသံ ခွေးသရယ်လို့ ခွဲခြားမှတ်သားလိုက်မိတော့၏။

သို့ဆိုပါလျှင် လူနေတဲတစ်စု၊ သို့တည်းမဟုတ် ရွာလေးတစ်ရွာသို့တည်းမဟုတ်၊ လူတစ်စုစခန်းချနား နေကြခြင်းလည်းဖြစ်နိုင်၏။ မည်သို့ပင်ဖြစ်ချေ သူ့တွက် အား ရှိသွားကာ ထိုအသံလာရာ လူတစ်စုထံသို့ သူသွားပါလျှင် အဆင်ပြေလေရော့မည်။ သို့ကြောင့် ဝိုးတဝါးအလင်းရောင် ကို ထိုးဖောက်၍ လမ်းမြောင်လေးအတိုင်း လျှောက်သွားလေ တော့၏။ လူသံတို့သည် တစတစ ကျယ်လောင်လာ၏။ နီးလာချေပြီဖြစ်၏။ အားတက်မိ၏။

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

သို့အသံနှင့်အတူ သူ့ရှေ့တည့်တည့်မှ ခွေးတစ်ကောင် ပြေးလာသည်ကိုတွေ့လိုက်၏။ သူ့ကိုတွေ့၍ ဟောင်လာ ခြင်းဖြစ်သည်။

ထိုခွေးက သူ့ကိုကိုက်ခဲဖို့ ပြေးလာခြင်းဖြစ်သည် ကြောင့် လက်တွင်းရှိ ဓားမကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ၍ ရပ်စောင့်နေလိုက်၏။

ဘာခွေးဖြစ်ဖြစ် သူ့လက်တွင်းမှ ဓားဖြင့်လွှဲခုတ် တော့မည်။ လာရဲခဲ့လာစမ်း၊ သို့ရှိစဉ်-

"ကိန်. . .ကိန်. . .ကိန်"

သူ့ထံပြေးဝင်လာသောခွေးကောင်ကို ဘယ်သူကခဲ ဖြ လှမ်းပေါက်လိုက်လေသည်မသိ။ ခဲမှန်သွားသော ခွေး





ကောင်သည် တကိန်ကိန်အော်မြည်၍ လမ်းလွှဲထွက်ပြေး သွားတော့၏။

"ခဲရှင် ဘယ်သူပါလိမ့်" လို့ ဝေ့ဝိုက်ကြည့်လိုက်၏။

"ဟောင်"

သေးသေးညှက်ညှက် လူတစ်ယောက်ဖြစ် ချေ၏။ နားကားကား၊ မျက်လုံးပြူးပြူး၊ အသားမည်းမည်း၊ ဦးကင်းတွင် ဆံပင်လုံးဝမရှိ၊ နဖူးမောက်လိုက်သေး၏။ ခြေသလုံးသားကလည်း ပုလွေးရိုးနယ်၊ ဗိုက်ပူနံကား၊ 'အီသီ ရှီးပီးယား' က ရောက်လေသလား ထင်ရ၏။ သူ့ကိုမြင်တော့ ပြုံးပြလာ၏။

အောင်မလေးဗျာ ရုပ်ဆိုးအကျည်းတန်လွန်းလိုက်တာ နော်။ မှောင်စပျိုးဆိုတော့ သူ့ကိုမြင်ပြီး တစ္ဆေသရဲလေးလိုပင် ဆင်လိုက်၏။ သို့ပေမင့် "ခင်ဗျားကြီး ကံကောင်းတယ်၊ ကျုပ် လက်မှန်းတည့်သွားပေလို့၊ သည်ခွေးကောင်က စွာတယ်၊ ခွေးမို့လို့လားတော့မသိဘူး၊ ကိုက်ချင်ခဲချင်တာပဲသူသိတယ်" သို့ ပြောလာသဖြင့် လူသားစင်စစ်တစ်ယောက်မှန်းသိလိုက် ရသည်ကြောင့် ကြောက်ရွံ့စိတ်တွေ မဖြစ်မိပါချေ။

"ဘယ်လိုလဲ ကျေးဇူးတင်စကားလေးတောင် မပြော ပါကလား"

အစိမ်းသည် သူ့ကို ငေးငိုင်ကြည့်နေမိခြင်းကြောင့် အနားရောက်သည်နှင့် သို့နယ်ပြောလာသဖြင့် အသိဝင်လာရ ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ်ကွာ၊ ငါ အံ့ဩဝမ်းသာသွားရလို့ပါ" လို့ ပြုံးရှုံပြလိုက်၏။

"အဲလိုဖြင့်လဲပြီးကောကွာ ကဲ ဆိုပါဦး ဘယ်လိုက ဘယ်လို သည်ရောက်လာတုန်း"

"တောထဲမျက်စိလည် လမ်းမှားနေတာ"

"အမဲလိုက်ရင်းလား"

"ဟုတ်ဘူး၊ သံပုရာခုံကို သွားမလို့"

"အစိမ်းစကား ကြားလိုက်ရသည်ကြောင့် သူလေး သည် အကျည်းတန်စွာ ပြုံးပြလာချေပြီး"

"ဘုရားရေ သံပုရာခုံရွာဆိုတာ ကြားတောင်မကြားဖူးဘူး"

"ဟင်"

အစိမ်း အံ့အားသင့်သွားရတော့၏။

"နို့ဖြင့် ရှေ့က ရွာမဟုတ်လား၊ ဘာရွာတုန်း"

အစိမ်း၏အပြောကြောင့် သူသည် မျက်မှောင်ကုတ်စေ့စေ့ကြည့်လိုက်ပြန်ချေကာ

"ရွာ ရှေ့မှာရွာဟုတ်လား"

"ဟုတ်တယ်လေ၊ မင်း အဲဒီရွာကပဲ မဟုတ်လား"

"ဘာတွေ လာပြောနေတာလဲ ဒါ ရွာမဟုတ်ဘူး ငါတို့တွေနေတာ နို့ဖြင့် စခန်းပေါ့"

"ဘာ စခန်းလဲ"

ခက်ချေပြီ သူ့ကို ဘယ်လိုနားလည်ရမည်မသိ။ စိတ်





မှန်ရဲ့လားမသိပါချေ။ ရွာလည်းမဟုတ်၊ စခန်းလားဆိုတော့လည်း မဟုတ်ဆိုတော့ အိမ်စုပေါ့၊ တဲစုပေါ့။ သို့ကြောင့် သူ့ကို အငြင်းပွားမပြောလိုတော့ပြီ လတ်တလော သူနှင့်အဆင်ပြေအောင် ပေါင်းမှဖြစ်မည်ဟု တွက်လိုက်မိသဖြင့်–

"ထားပါလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါ့အတွက် မင်းတို့ဆီမယ် တညတာ တည်းခိုခွင့် ပေးနိုင်လိမ့်မယ်ထင်တာပဲ"

သို့ပြောလိုက်သည်တွင် သူပြုံးလာ၏။

"ကျုပ်နဲ့လိုက်နေလျှင်ဖြင့် တညမဟုတ်ဘူး။ တသက်နေလို့ရတယ်၊ တပျော်နေလို့ရတယ်"

သို့ပြောလာသဖြင့် သူ ဝမ်းသာသွားရ၏ဆိုပေမင့် စဉ်းစားရပေဦးမည်။ ဘာမှန်းမသိ ညာမှန်းမသိ သို့ပေမင့် သူနှင့်တော့ လိုက်ပါသွားရပေဦးမည်။ သို့မှ လူသံတွေ ကြားရာနေရာ ရောက်မည်မဟုတ်ပါကလား။

"ကျေးဇူးတင်ပါတယ်ကွာ"

နို့ဖြင့် ကျုပ်နောက်လိုက်ခဲ့ချေဆိုလျှက် ခွေးကောင်ပြေးလာရာလမ်းကြောင်းလေးအတိုင်း လှည့်ထွက်သွားတော့၏။

အလိုလေးဗျာ ခြေကလည်း ခွင်လိုက်သေး။ ဘဝအကျိုးပေးပေပဲပေါ့လို့ သူမှတ်လိုက်၏။

"ကျုပ်ဘဝအကျိုးပေးမကောင်းလို့ မဟုတ်ဘူး၊ အတိတ်ဘဝက ကျုပ် မကောင်းခဲ့လို့ ခုဘဝ သည်လို ပုံစံလာဖြစ်တာပေပဲဗျာ၊ နို့ကြောင့် သွားရဦးမယ့် ရောက်ရဦးမည့်ဘဝမှာ ကောင်းဖို့အတွက် စိတ်ထားကောင်းမွေးနေရတာ



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ဟင်”

သူ့စိတ်တွင်းရှိနေသည်ကို သူ ဘယ်လိုသိပါလိမ့်။ လှည့်မကြည့်ဘဲ ပြောသွားသည့်စကားက သူ့စိတ်ကူးနှင့် တိုက်ဆိုင်သွားလို့များလေလား။

“လာဗျာ ခပ်မြန်မြန် ဟိုမယ်မီးတိုင်မထွန်းမီ အရောက်သွားရမှာ”

ဘယ်လို သဘောပါလိမ့်။

အစိမ်း သူ့ကို တစ်ခုခုပြန်ပြောချင်သည်။ မေးချင်သည်။ သို့ပေမင့် သူသည် ခြေခွင်ခွင်ဖြစ်ဝေပြီး သွက်လက်လွန်းလှ၏။ နောက်မှ မနည်းမီအောင်လိုက်နေရခြင်းကြောင့် သို့စိတ်ကူးမေးလိုသည်ကို အကောင်အထည်မဖော်အားချေ။

“ခင်ဗျား သိချင်တာတွေ နောက်တော့သိရလိမ့်မယ်၊ ခုတော့ ဆိတ်ဆိတ်နေပြီး ကျုပ်နောက်လိုက်ခဲ့တာဟာ အကောင်းဆုံးပဲ”

“ဟင်”

သူသိလိုက်ပြန်ပြီလား။ တိုက်ဆိုင်ပြန်လေသည် လား။

“ဟင်း”

အစိမ်း သက်ပြင်းရှည်ကြီးကို ချလိုက်တော့၏။

“ဘာမှ စိတ်မကူးတော့ဖို့ ဆုံးဖြတ်လိုက်ပြီလား”

အလိုလေးဗျာ၊ ဘယ်လိုလူသားပါလိမ့်။

သို့ဖြင့် လူနေအိမ်တဲစုတစ်ခုသို့ ရောက်လာတော့၏။





အမှောင်ထုက အတော်လေးကျဲရော်လာချိန်ဖြစ်သည်ကြောင့် ရှင်းရှင်းပြတ်ပြတ်မဟုတ်ပေမင့် ခွဲခွဲခြားခြား လုပ်နိုင်လောက်သည့် မြင်ကွင်းလေးရှိပေ၏။

တဲအိမ် ငါးလုံးရှိသည်။

အံ့ဖွယ် ကောင်းသည်မှာ မညီမညာမြေပေါ်တွင် ငါးလုံးတစ်စုဆောက်ထားသော်လည်း အဝန်းအဝိုင်းဖြစ်ပြီး ကျောချင်းကပ် ဆောက်လုပ်ထားကြခြင်းဖြစ်၏ ဘယ်လို သဘောပါလိမ့်။

“ကျုပ်တို့ ညီအစ်ကိုငါးဖော် နေကြတာလေ”

“တစ်ယောက်နဲ့တစ်ယောက် မတည့် ကျတဲ့ သဘောလား”

အစိမ်းက သို့အရဲကိုးမေးလိုက်၏။

“ဘယ် ဟုတ်ပါ့မလဲ၊ စည်းစည်းလုံးလုံးရှိလို့ အဲလို နေကြတာပေါ့”

“ဟင်”

“အံ့သြသွားလား”

“ဟုတ်တယ်”

“ဘယ်ချောင် ဘယ်နေရာကနေ ဘယ်လိုရန်သူ ဆိုက်လာပါစေ ကျောချင်းကပ်ရင်ဆိုင်ကြဖို့ အသင့်နေထိုင်ကြတာလေ”

အလိုလေးဗျာ၊ ဟုတ်ပေသားပဲ၊ သူဘာလို့ မတွေးမိပါလိမ့်။ ငါ ညံ့ဖျင်းတာ့ပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝန်ခံလိုက်၏။

"ခင်ဗျား ညှံ့ဖျင်းတာမဟုတ်ဘူး။ လောကသဘာဝကြီးကိုက ဘာမှန်းကိုမသိလို့ပါ။

သူ ဘာကို ဆိုလိုချင်တာပါလိမ့်။

"မလိုလားလို့ ကျော်ခိုင်းတာလို့လဲ ပြောလို့ရတယ် လေ။ အဲဒီနှစ်ခုကို အဓိပ္ပာယ်ဖော်ဖို့က အတွင်းစိတ်ကို ကြည့်မှသိတာလေ။ မတွေ့ဖူး၊ မမြင်ဖူး၊ မဆက်ဆံဖူးဘဲ လူတစ်ယောက်အတွင်းစိတ်ဆိုတာကို ဘယ်သူက ဘယ်လိုခန့်မှန်းပြောလို့ မှန်နိုင်ပါမလဲ။ နို့ကြောင့် ခင်ဗျား ညှံ့တာမဟုတ်ဘူးပေါ့"

မည်သို့ပင်ဖြစ်စေ အစိမ်း သူ့ကို သဘောကျသွား၏။

"ဒါဟာ ကျုပ်နေတာပဲ"

ကျောချင်းကပ်ပဏ်လည်ဆောက်ထားသော တဲတစ်လုံးတွင် တက်ထိုင်လိုက်ပြီး ပြောလိုက်၏။

တဲလို့သာ ပြောရသည်။ ဝါးခုတ်သမားတို့၏ တဲပုံစံကို သုံးဖက်အပိတ်ကာထားခြင်းသာဖြစ်၏။

သို့ကြောင့် ကပ်လျက်နဘေးတဲကို မမြင်ရချေ။

"ဟို တဘက်တချက်တဲမယ် မင်းအစ်ကိုတွေ၊ ညီတွေ ရှိနေလား"

"ပြောတတ်ပေဘူး"

"ဟင်"

ဘယ်လို လူစားတွေပါလိမ့်။ စည်းစည်းလုံးလုံး ရှိကြ





တယ်လဲ ပြောသေး။ တစ်ဦးနဲ့တစ်ဦး ရှိလို့ရှိမှန်းတောင် မပြောနိုင်ပါကလား။

"ခင်ဗျား ထင်သလို မဟုတ်ပါဘူးဗျ၊ မစပ်စုကြတဲ့ သဘော၊ မနှောင့်ယှက်လိုကြတဲ့ သဘောပါဗျာ"

အင်း အပြောကတော့ ကောင်းပါ့။

သို့စိတ်မှာ မှတ်လိုက်မိပြန်သော်လည်း။

"ကျုပ်တို့နဲ့ သုံးလေးရက် ဆက်လက်နေကြည့်ပြီးမှ ပြောပါလား"

နည်းနည်းလေးမှ မတွေးရဲ၊ မမှတ်ရဲပါကလား။ လူထူးလူဆန်းတစ်ယောက်ဆိုတာကိုတော့ဖြင့် အစိမ်းလုံးလုံး လျားလျားကြီး လက်ခံလိုက်တော့၏။

ဆာလောင်လေသည်လည်းဖြစ်သည်ကြောင့် ဝါးကြမ်းခင်ပေါ်တွင် ပက်လက်လှန်ချလိုက်တော့၏။

"နေဦးလေဗျာ" ဆိုလျက် သူ့ကို ပြန်မွေ့ထူလာသဖြင့် အစိမ်းသည် မကျေမနပ်ထိုင်လိုက်ရတော့၏။

ခဏလေးဆိုလျက် တဲပေါ်မှဆင်းလိုက်ပြီး လက်ျာရစ်နဘေးတဲသို့ ထွက်သွားလေတော့၏။ နဘေးတဲသို့ ဘာသွားလုပ်တာပါလိမ့်၊ အတန်ကြာသည့်တိုင် ပြန်ထွက်မလာ၊ သို့ဖြင့် အစိမ်းသည် သူမရှိခိုက် အညောင်းဆန့်သည့်သဘော ဖြင့် ဝါးကြမ်းခင်ပေါ် လှဲချလိုက်မည်အပြုတွင် လက်ဝဲဘက်တဲဘက်မှ သူ ပြန်ထွက်လာသည်ကို တွေ့လိုက်ရတော့၏။

သူ့လက်ထဲတွင် စားစရာတွေပါလာချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို 'တစ်' ဆိုက ပြောင်းဖူးပြုတ်၊ အစ်ကို 'နှစ်' ဆိုက ငှက်ပျောသီး၊ အစ်ကို 'သုံး' ဆိုက ရုံးပတီသီး၊ အစ်ကိုလေးဆိုက ဆတ်သားခြောက်"

"ဟင်"

"ညီအစ်ကိုတွေ စည်းလုံးကျလို့ပေါ့ဗျာ"

"အစ်ကိုတွေဆိုက သွားတောင်းတာလား"

"အဲလို ပြောလို့လဲရတယ်၊ ခင်ဗျားရောက်နေတာကို လိုက်ပြောတော့ အစ်ကိုတွေက ခင်ဗျားစားဖို့အတွက်ဆိုပြီး ပေးလိုက်ကြတာ"

"အလိုလေးဗျာ၊ ငါ ရောက်နေတာများ လိုက်သတင်းပို့ရတယ်လို့၊ ဒီနားတင် ကျောချင်းကပ်နေကြတာပဲ၊ ပြောစရာလိုဦးမလားဗျာ"

သို့ အစိမ်းက ပြောလိုက်၏။ သည်တွင် ရုံးပတီသီးကို တံစို့ထိုးလိုက်၏။ ဆတ်သားခြောက်ကို တံစို့ထိုးလိုက် ၏။ ပြီးနောက် တဲရှေ့ရှိ မီးပုံကို မီးထိုးလိုက်၏။

"ခင်ဗျားကို ကျုပ် အစမှ မြင်ဖူးတွေ့ဖူးတာ။ လူဆိုးလူကောင်းဘယ်လို ခွဲခြားပြောလို့ရပါမလဲ။ နို့ကြောင့် တစေ့တစောင်း လေ့လာအကဲခတ်ဖို့ သတင်းပို့ထားရတာ လေ။ ဒါ လုံခြုံရေးစနစ်ပေပဲ။ သတိမပြတ် ရှိရမယ် မဟုတ်လား။

"အောင်မလေးကွာ၊ မင်းက ငါ့ကို ကူညီဖို့ခေါ်လာတာပဲ၊ ငါက မင်းကို ဒုက္ခပေးပါ့မလား၊ စဉ်းစဉ်းစားစားလည်း ပြောစမ်းပါဦး"





သို့ အစိမ်းကပြောလိုက်သည်တွင်

"ဟင်း ဟင်း ဟင်း ဟင်း" လို့ ရယ်သွမ်းသွေးလိုက်လေပြီး–

"ကျေးဇူးကန်းတယ်ဆိုတဲ့ စကားက ကျေးဇူးရှိလို့ ဖြစ်လာရတာလေ.. ကဲပါ..နို့တွေက ဘာမှဖြစ်မလာသေးတာ ဟာကို မှန်းပြီးပြောနေကြတယ်ဆိုတော့ အရေးမပါဘူးလေ.. ဗျ ကျုပ်အရေးပါမဲ့အလုပ်ကိုလုပ်နေတာ ပြီးလျှင်ဖြင့် ဆာလောင်မွတ်သိပ်နေတဲ့ ခင်ဗျားကို ကျွေးရမှာ၊ သည်ခါ တလုပ်စားဖူး သူ့ကျေးဇူး ဖြစ်သွားတော့မပေါ့၊ ကျုပ်က ခင်ဗျားအခါမှာ ကျေးဇူးရှိသွားပြီး ဟုတ်တယ်မဟုတ်လား.."

"အင်းပေါ့"

အစိမ်းသည် ဆာလောင်နေသည်ဖြစ်၍ သူနှင့် အခြေအတင်မပြောလိုတော့ချေ။ စကားပြောအဆင်မပြေလို့ သူ စိတ်ခုသွားလျှင် အစိမ်းတယောက် ဗိုက်ဟောင်းလောင်းဖြင့် ညတာ အချိန်ကို ဆင်းဆင်းရဲရဲဖြင့် ကျော်ဖြတ်ရပေဦးမည်။ ဒီသူ သည်ထက်ပို၍ သူ့ကိုစိတ်ခုမည်ဆိုပါချေင်မှ သူ့တဲမှပင် ဆင်းချခံရဦးလေမလား မသိပါချေ။

သို့ကြောင့် ဆိတ်ဆိတ်နေလိုက်တော့၏။

ထိုသူသည်လည်း သူ့အလုပ်သူလုပ်နေ၏။ အစိမ်းသည် တဲကြမ်းခင်းပေါ်လှဲချလိုက်၏။ အတန်ကြာရင်ငိုက်မျည်းလာချေပြီးအိပ်ပျော်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ
တဲကြမ်းပြင်ကျွိခနဲ သိမ့်ခနဲ ဖြစ်သွားသည်ကြောင့် အိပ်ရာမှ
နိုးလာသည်နှင့် မျက်လုံးအစုံသာ ဖွင့်လိုက်၏။ ဆတ်သား
ခြောက်ဖုတ်ရနံ့က နှာခေါင်းတွင်းတိုးဝင်လာ၏။

"ခင်ဗျား နိုးပြီလား ရော့ သည်မယ် စားလိုက်ချေဦး"

ထိုသူက ဝါးတဲကြမ်းခင်းပေါ် ခြေတွဲလောင်းချထိုင်
နေရာမှ ခြေအစုံကိုမတင် သူ့ဘက်ရွေ့ လှည့်ထိုင်လိုက်လေပြီး
ဆတ်သားခြောက်ဖုတ်ပြီး တံစို့ထိုးအတိုင်းလှမ်းပေးလာ၏။
သို့တင်ပဲလားမဟုတ် ရုံးပတီသီး တံစို့ထိုးမီးကင်ကိုလည်း
ပေးလာလေတော့၏။

ဆာဆာနှင့် သူစားလိုက်၏။ စကားတစ်ခွန်းမှ မပြော
မိဆိုဘလို ထိုသူကလည်း သူ့ကို လူထူးလူဆန်းတစ်ယောက်
လို ထိုင်ကြည့်နေခြင်းသာ ရှိချေတော့၏။

"နို့ဖြင့် ငါ ကြားရတဲ့ လူသံ၊ ခွေးသံတွေ ဆူညံနေတာ
ဘယ်ကဖြစ်မတုန်း"

သို့ဆိုသလို အစိမ်းက မေးလိုက်၏။

"ဟိုးရှေ့တောင်ကြော တဘက်ကပဲပေါ့" လို့ ပြော
လာသဖြင့်–

"အဲဒါ ရွာလား" မေးလိုက်ပြန်၏။

ရွာလားဘာလားတော့ မသိဘူး။ အဲဒီမယ် လူတွေ
နေကြတယ်။

အဲဒီကို သွားချင်တယ် ရမလား"





"တိုးလုံကို ရင်ဆိုင်ဝံ့လျှင်တော့ ခင်ဗျားသွားပေါ့"

"ဟင် တိုးလုံဆိုတာ ဘယ်သူလဲ"

သူ့အမေးကို မပြောသေးဘဲ ပြုံး၍သာကြည့်နေလေ၏။ သို့ကြောင့်–

"ဘာတုန်းဗျ"

အစိမ်းက ပြောလိုက်ပြန်၏။

"တိုးလုံဆိုတာ . . . . ."

"တိုးလုံဆိုတာ ဘယ်သူလဲ သူသိလိုလျှင်ဖြင့် ညီလေး ပြောပြစရာမလိုဘူး။ သူ့ဘာသာသွားပါစေပေါ့။ သည်တော့မှ တိုးလုံဆိုတာဘယ်သူလဲ သူဂဃနဏသိသွားတာပေါ့။ ညီလေးပြောလျှင်ဖြင့် နားလည်လွယ်လိမ့်မယ်မည် မဟုတ်ဘူး။

သို့အသံကြောင့် အစိမ်းသည် တစ်ဘက်တဲသို့ လှမ်းကဲကြည့်လိုက်၏။ အသံသာလျှင်ကြားရ၏ လူမမြင် ရချေ။

"အစ်ကို (၁ နှင့် ၄) စကား ညီနားထောင်ပြီနော်"

သို့ဆိုလျက် ထိုသူသည် သူ့ပါးစပ်ကို လက်အစုံဖြင့်အုပ်၍ မျက်လုံးပြူးပြလာလေ၏။ အလိုလေးဗျာ။ ဘယ်လိုတွေပါလိမ့်။ ထိုသူ၏ ဟန်ပန်သည် ဒေါသဖြစ်ရအခက်၊ ရယ်စရာပင် ဖြစ်နေချေတော့သည်။

သည်နောက်ပိုင်း ထိုသူ သူ့ကို စကားမပြောပါတော့ချေ။ မျက်နှာရိပ်မျက်နှာကဲဖြင့် အစားကိုစားရန် ပြောလာချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အစိမ်းသည် ဆက်သားခြောက်နှင့် ရုံးပတီသီးမီးကင်ကို တဝစားလိုက်ပြီးနောက်မှ–

"အဲဒီမယ် လူနေအိမ်ခြေများလား" လို့ တိုးညှင်းစွာ လေသံဖြင့် မေးလိုက်၏။

ထိုသူက ခေါင်းခါပြ၏။

မပြောလို၍များကလား။ အစ်ကို (၄)၏ ဆူပူမာန်မဲခြင်းကို ကြောက်၍များလားမသိချေ။ သို့ကြောင့် အစိမ်းသည် လက်ဆယ်ချောင်းထောင်ပြလိုက်ရာ–

ထိုသူသည် ခေါင်းခါပြလာလေပြီး လက်ခြောက်ချောင်းထောင်ပြလာတော့၏။

"မနက်ဂျ လိုက်ပို့ချေဗျာ"

အစိမ်းက ပြောလိုက်၏။ သည်တော့ ထိုသူသည် သူ့ကို မျက်ခုံးပင့်ကြည့်လာချေပြီ။

"သံပုရာခုံရွာ မသွားတော့ဘူးလား" မေးလာ၏။

"ငါ သွားမယ် ဘယ်တုန်းက ပြောဖူးလို့လဲ"

"ခင်ဗျားပဲ မေးတယ်လေ သံပုရာခုံရွာဆိုတာ သွားချင်လို့ပြောတာမဟုတ်လား"

"ဒါတော့ ဟုတ်တာပေါ့။ နို့ပေမင့် ငါ ဘယ်လိုလုပ် သံပုရာခုံရွာသွားရမှာတုန်း"

"အဲဒါ ခက်တာပေါ့၊ ကိုယ်သွားချင်တာ ရောက်အောင်သွားပေါ့၊ ဘယ်နဲ့သည်ဆိုပြီး ဟိုသွားချင်တဲ့သူ"

သို့နယ် ပြောပြီးနွတ်ခမ်းကို မဲ့ရွဲ့ပြလာသည်။





"သည်ဆိုပြီး ဟိုသွားချင်တဲ့ သူမဟုတ်ဘူးကွ။ ဟိုသွားချင် သည်ဝင်ချင်တဲ့သဘောပဲ။

"ခင်ဗျားပြောတာ ကျုပ်မရှင်းဘူး၊ ရှင်းအောင်ပြောပါ"

အေး မင်းက သံပုရာခုံရွာ ဘယ်မယ်ရှိတယ် မသိဘူး ပြောပုံထောက်တော့ မင်းအစ်ကိုတွေပါ မေးဖို့မလိုတော့ ဘူးလေ၊ သူတို့လဲ သိမှာမဟုတ်ပါဘူး၊ နို့ကြောင့် အဲဒီနေရာ လေးကို သွားပြီးမေးမလို့ဟ"

သူစကားဆုံးသည်နှင့်–

"သူမသိတိုင်း ငါ့ကို မသိနိုင်ဘူးဆိုတာမှားတယ်၊ လုံးဝမှားတယ်။ မင်းရဲ့ဆွဲချက်ကို ပြန်ပြင်ပြောပါ" လို့ အသံနှင့်အတူ အစ်ကို (၁) ဆိုသူ၏အိမ်မှ ထောင်ထောင်မောင်းမောင်း လူတစ်ယောက်ထွက်လာလေ၏။

"အစ်ကို (၁) လာလေဗျာ"

သို့ဆိုသူက ညီ (၅) ဆိုသူက ပြောရင်းခေါ်လိုက်၏။

ရှည်လျားသော ဆံပင်တို့ကို ထုံးထား၍သော်လည်းကောင်း၊ နွတ်ခမ်းမွေးကားကားကြီးလည်းကောင်း၊ မြင်လိုက်ရသူအဖို့ အံ့အားသင့်မည်ဆိုက ဖြစ်နိုင်ချေ၏။ ဘာကြောင့်မှ ညီအစ်ကိုရင်းဖြစ်ပြီး ဆိုသူကျတော့ ဘယ့်အတွက် ကျုံးလိုသေးကွေးသည့်ပြင် ရုပ်ဆိုးရပါသနည်း။

"သူမသိဘဲ ငါတို့သိတာတွေများတယ်။ သံပုရာခုံရွာဆိုတာက မင်းပြောမှ ငါလည်း ခုမှကြားဖူးတာ သူမသိလို့ ငါတို့ မသိတာမဟုတ်ဘူးနော်။ ငါကိုယ်တိုင်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ကြားလည်း မကြားဖူးဘူး” သိလည်းမသိဘူးဆို လျက် သူ့ထံလျှောက်လာလေ၏။

“ဟုတ်ပါပြီ နို့ဖြင့် ဟိုတောင်ကြောလေးတစ်ဖက် မယ်လု တွေနေကြတယ် ဟုတ်တယ်ဟုတ်”

သို့ဆိုသလို အစိမ်းက လျပ်တပြက်မေးခွန်းထုတ် လိုက်၏။

“ဟုတ်တယ်”

“နို့ဖြင့် အိမ်ခြေခြောက်လုံးပဲရှိတယ်ဆိုတာရော ဟုတ်လား”

“ဟား. . .ဟား. . .ဟား. . . ညီလေးက လက်ခြောက် ချောင်းထောင်ပြတာနဲ့ အိမ်(၆) လုံးပဲရှိတယ်တွက်လိုက်တာ လား”

“မဟုတ်နိုင်ဘူးလား”

“အလိုလေးဗျား” ခြောက်ဆယ်လည်းဖြစ်နိုင်တယ်။ ခြောက်ရာလည်းဖြစ်နိုင်တယ်။ ခြောက်ထောင်လည်းဖြစ်နိုင် တယ်ဆိုတာ မတွက်မိပေဘူးလား၊ ဟား ဟား ဟား။ ဟုတ်ပါ့ အစိမ်းတော့ အစိမ်းချွတ် ချွတ်ခံလိုက်ရလေပြီပဲ။

“နို့ဖြင့် (၆၀) လား၊ (၆၀၀) လား ပြောကြည့်လေ”

“ခြောက်ဆယ်”

“နို့ဖြင့် ရွာလေးပေါ့”

“ပြောချင်သလို ပြောလို့ရတယ်”

“နို့ဖြင့် သူတို့နဲ့ ခင်ဗျားတို့ ဆက်သွယ်မှုရှိလား”





အစိမ်း၏အမေးစကားကြောင့် ထိုလူမျက်ခုံးပင့်လိုက် ပြီး သူတို့တဲလေးအတွင်း ဝင်ထိုင်လာချေ၏။

“လူသားချင်း ဆက်သွယ်မှုဆိုတာ ရှိတာပေါ့ကွာ”

“နေကြတာချင်း သိပ်မဝေးကြတော့ဘူး၊ ဘာလို့ တူတူပေါင်းစည်းမနေကြတာတုန်း”

“မလိုပါဘူး၊ ငါတို့ ညီအစ်ကိုတွေ သည်မှာနေတာ ကြာပြီ”

“သူတို့ကကော”

“ငါတို့နောက်မှ ရောက်လာကြတာ”

“သူတို့က ခင်ဗျားတို့ဆီ လာပေါင်းမနေမေဘူးလား”

“ငါတို့က လက်မခံတာ”

“ဘာလို့တုန်း”

“မိန်းမတွေနဲ့ ထွေးရောယှက်တင် မနေချင်လို့”

“ဟင် နို့ဖြင့် သူတို့မိန်းမတွေ ဘယ်နှယောက်ပါသလဲ၊ ရှိသလဲ”

“ဘာလဲ သန်းခေါင်စာရင်းကောက်မလို့လား”

“ဟုတ်ပါဘူး၊ ကဲ ထားပါလေ သည်တော့ သတ်မှတ် ချက်လေးရှိရမပေါ့”

“ဘာကို ပြောချင်တာလည်း”

“အော် သည်လိုပါ သူတို့နေတဲ့နေရာလေးကို ဘယ်လို သတ်မှတ်ခေါ်ကြသလဲပေါ့။ ပြီးတော့ သူတို့ကလည်း ခင်ဗျား တို့နေရာလေးကို ဘယ့်လိုသတ်မှတ်ထားကြတာလဲ သိချင်



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"အော် အေးအေး စုမှပဲ ရှင်းတော့တယ်"

"သိပြီး ငါသဘောပေါက်ပြီ သူတို့က ငါတို့နေရာလေးကို ငါးအိမ်စုလို့ခေါ်ကြတယ်။ ပြောကြတယ် ငါတို့ကတော့ သူတို့နေရာလေးကို မြစိမ်းတို့နေရာလို့ ခေါ်တယ်။ သမုတ်တယ်"

"ဟင်"

"မြစိမ်း"ဆိုတော့ အစိမ်း ဘုရားပွဲတွင်တွေ့လိုက်သည့် အမျိုးသမီးကို သတိရလိုက်တော့၏။

မြစိမ်းကိုလည်း မြင်ယောင်မိလေတော့၏။

"ဘာလို့ မြစိမ်းတို့နေရာလို့ ပြောရတာလဲ"

"အဲဒီမှာနေတဲ့ အမျိုးသမီးက အစိမ်းရောင်ပဲဝတ်တယ်။ သူနေတဲ့တဲကိုလည်း ငှက်ပျောပင် စိမ်းစိမ်းတွေနဲ့ ဝန်းရံထားတယ်။ သည်တော့ လူနေတဲ့တဲက ငှက်ပျောတောထဲမှာလို ဖြစ်နေတာပေါ့ကွာ။

"အစိမ်းကို တော်တော်နှစ်သက်ပုံရတယ်"

သို့ အစိမ်းက သူ့အတွေ့ကို ပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်"

"ကျွန်တော့်နာမည် အစိမ်း"

"အစိမ်း ဘယ်လိုသဘောနှင့် ပြောလိုက်သည်ကို ထိုသူရိပ်မိသွားပုံရ၏။ သို့ကြောင့် "ဟား ဟား ဟား ဟီး ဟီး ဟီး ဟား ဟား ဟား ဟီး ဟီး ဟီး"





ခွက်ထိုးခွက်လန် ရယ်မောလိုက်လေတော့၏။

ပုံပန်းမကျ ပုဂ္ဂိုလ်တစ်ယောက်က ရောနှောရီမောရင်း ကြမ်းပြင်ကို လက်ဝါးဖြင့် တဖြန်းဖြန်းရိုက်နေလေတော့၏။

"ဟား ဟား ဟား ဟီး ဟီး ဟီး ရယ်စရာပဲဗျ။ အစိမ်းရောင်ကို ကြိုက်နှစ်သက်တာနဲ့ အစိမ်းဆိုတဲ့ ယောကျ်ား တစ်ယောက်ကို ကြိုက်ရတော့မှာလားကွာ၊ အစိမ်းလို့ နာမည်ပေးထားတဲ့သူတွေ အယောက်တစ်ရာရှိလျှင် အဲဒီအယောက် တစ်ရာလုံး သူက လက်ခံရမှာလားကွာ၊ နို့ဆိုလျှင် လင်တစ်ရာ မြစိမ်းဆို ဘယ်ကောင်းပါ့မတုန်း သည်မှာ ငါပြောမယ် မြစိမ်းနားကို မင်းကပ်ဖို့လွယ်မှာ မဟုတ်ဘူး။

"ဘာလို့တုန်း"

"သူ့နားမယ် တိုးလုံရှိတယ်"

"တိုးလုံက သူ့ယောကျ်ားလား"

"သွားစမ်းပါ ထင်တာမြင်တာတွေ လျှောက်ပြောမနေစမ်းနဲ့ တိုးလုံဆိုတာ သူရဲ့ လက်ရုံးပဲ"

"ကျုပ်ကလည်း ခင်ဗျားကို သွားစမ်းပါလို့ ပြန်ပြောရလိမ့်မယ်"

"အောင်မယ် အောင်မယ် ဘာလို့လဲ"

"တိုးလုံဆိုတဲ့ကောင်ကို ကျုပ်မကြောက်ရေးချ မကြောက်လို့ပဲဗျ"

"ဟုတ်ပါ့မလား ငါတော့ မယုံဉ်ဝံ့တဲ့အပြင် ငါတို့ဆီလာပြီး ဒုက္ခပေးမှာကိုကြောက်လို့ ညီအစ်ကိုတွေ ကျောချင်း



www.burmeseclassic.com

www.burmeseclassic.com



ကပ် ရန်သူကို သတိမပြတ် ကြည့်နေရတာကွ"

"ဘာလဲ ခင်ဗျားတို့နဲ့ ပြဿနာဖြစ်ဘူးလို့လား"

"အဲလိုလည်း မဟုတ်ဘူးကွ၊ သည်ကောင်က လူလို နားလည်တာမဟုတ်ဘူး၊ အရိုင်းကောင် မထင်လျှင် မထင် သလို လုပ်တတ်တဲ့ကောင်"

"ကိုကြီး (၄) ကလည်းဗျာ ကျုပ်က တိုးလုံကို လုပ်ချင် နေတာ လက်ကိုယားနေတာပဲ၊ မြစိမ်းမျက်နှာထောက်လို့ပေါ့"

သို့ဆိုသလို တဖက်တဲ့ရှိ အစ်ကို (၄) ဆိုသူလည်း ရောက်လာတော့၏။

"သည်မယ် မိတ်ဆွေ မြစိမ်းကို ကျုပ် သဘောကျနေ တာနော်"

သို့ဆိုသလို အစိမ်းကို ပြိုင်ဘက်တစ်ယောက်နယ် သတိပေးလေတော့၏။

အစိမ်းသည် အစ်ကို (၄) ဆိုသူကို အကဲခတ်လိုက် ပြန်၏။ အစ်ကို (၁) လောက် သန်မာထွားကျိုင်းမှုမရှိသော် လည်း သူ့အလုံးအရပ်နှင့်အတူ ကြည့်ကောင်းလေ၏၊ ယောက်ျားပီသသူ တစ်ယောက်ပင်ဖြစ်၏။ အစ်ကို (၁) နှင့် (၄) ကို သူတွေ့ဖူးလိုက်ချေပြီ။ ကျန် (၃) နှင့် (၂) တော့ဖြင့် ဘယ်လိုရှိကြမလဲ။ ညီငါးယောက်ကတော့ လူစဉ်မမီ ညီရယ် အစ်ကိုဖြစ်သော်ငြား ဘယ်လိုဖြစ်ရတာပါလိမ့်။

အင်း ပြောခဲ့သားပဲ သူ့ကိုက အကျိုးပေးမကောင်း တာဆိုပါကလား။ အင်းလေ ဖြစ်တတ်သည်ပဲ။





"စတုတ္ထညီရယ် အပြောမကြီးစမ်းပါနဲ့ ငါမသိဘူး မှတ်လို့ ထိတ်တိုက်ဆုံကြတိုင်း မင်းပဲ ခံရတာချည်းမဟုတ် လား"

"ဟီး ဟီး ဟီး"

သို့ဆိုသလို ညီငယ်(၅) ပိန်လှီသေးကွေးသည် ကျိတ် ၍ရယ်ရုံလေးအပြင် အစိမ်းသဘောပေါက်သွားပြီး ဖြစ်တော့၏။

တချိန်ချိန်တွင် အခွင့်အရေးပေါ်လာက အစ်ကို (၄) ဆိုသူအား ပညာပေးရန် စဉ်းစားထားပြီးဖြစ်တော့၏။

သို့ရှိစဉ် ညီငယ် (၅) ပိန်လှီသေးကွေးသည် လက် ချောင်းလေးတို့ အကူမပါ။ လျှာပြားကိုသာ အသုံးပြု၍ 'ရွှစ်' လို့ လေချွန်သံစူးစူးကို ပြုလိုက်လေ၏။

"ညီ (၅) ရယ် သူတို့ဘာသာနေပါစေ"

အစ်ကို (၁) က ပြောလေ၏။ ဘာကိုဆိုလိုပါလိမ့်။ အစိမ်းနားမလည်နိုင်ပါချေ။ သို့ကြောင့် ညီငယ် (၅) ပိန်လှီသေးကွေးကို စေ့စေ့ကြည့်နေလိုက်၏။ သည်တွင် ညီငယ် (၅)ပိန်လှီသေးကွေးက အစိမ်းကို ပြုံးပြလေပြီး၊ အစ်ကို (၁) ဘက်လှည့်၍

"သူက အစ်ကို (၃) နဲ့ (၂) ကို တွေ့ဖူးချင်တယ်ထင် လို့ပါ"

"ဟင်"

လူစဉ်မမီအကောင်ကို လျှော့တွက်လို့မရပါလား။ သူ့ စိတ်တွင်းရှိသမျှ ကြိုသိနေသလိုပါပဲလား။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက် ရောက်လာကြတော့၏။ ခပ်ချောချော ခပ်ဖြောင့်ဖြောင့်တွေချည်းဖြစ်၏။ အစ်ကို (၂) နှင့် (၃) ဖြစ်နိုင်သည်။

လူပုံစံတွေက ဖြောင့်သလောက် ရုပ်ရည်လေးရှိသလောက် ရှုံ့မဲ့ပြနေခြင်းသည် ကြောက်လန့်ဖွယ်မကောင်း ရယ်စရာဝင် ကောင်းသေးတော့၏။

သူတို့လက်တဲတွင်လည်း တစ်ယောက်က 'ငှက်ကြီးတောင်' ဓား၊ တစ်ယောက်က 'ကင်ဒို' ဓားတို့ကို တင်းတင်းဆုပ်ကိုင်ထားကြ၏။ အစိမ်းကိုလည်း စိမ်းစိမ်းစေ့စေ့ကြည့်နေကြ၏။

အစိမ်းက မကြောက်ရေးချမကြောက်။ သူတို့နှစ်ယောက်ပုံကြည့်ပြီး ရယ်ချင်နေသေးတော့သည်။

"ညီ (၅) ပိန်လှီသေးကွေးလေးကို ဧည့်သည်က စော်ကားလို့လား"

"လာပြန်ပြီ သည်နှစ်ကောင်မြင်လိုက်တိုင်း ဓားတဝင့်ဝင့်နှင့် ကြည့်လိုက်တိုင်း နီးဖျာ၊ တောင်းယက်၊ ခြင်းယက်လုပ်နေတာမဲ့၊ မင်းတို့နှစ်ယောက်ကို ဘယ်သူမှ ကြောက်မှာ မဟုတ်ဘူး၊ ဟန်ဆောင်လည်း မနေကြစမ်းပါနဲ့ကွာ၊ အေး ညီ (၅) လေးကလည်း ဘာလို့ အဲလိုနည်းနဲ့ အစ်ကို (၂) နဲ့ (၃) ကို ခေါ်လိုက်တာတုန်း"

သို့ဆိုသလို အစ်ကို (၁) က ပြောလေ၏။

"ညီ (၅) မှားသွားတယ် အစ်ကို (၁) ရယ်၊ ပြီးတော့





အစ်ကို (၂) နဲ့ (၃) ကိုလည်း တောင်းပန်ပါတယ်၊ အစ်ကိုတို့က အဲလို ခေါ်လိုက်လျှင် အန္တရာယ်ကြုံလို့ပဲ သိထားကြတာကိုး၊ ညီလေးကလည်း အစ်ကို (၂) နဲ့ (၃) ကို မဖြစ်မနေလာစေချင်လို့ပါ"

သို့ ညီ (၅) ပိန်လှီသေးကွေးက တောင်းပန်လိုက်သည်တွင် အစ်ကို (၁) (၂) (၃) (၄) တို့သည် ပြုံးစစလုပ်လိုက်ကြလေပြီ။

"ညီ (၅)လေးရယ် စိတ်မကောင်းမဖြစ်ပါနဲ့၊ ဘယ်လိုပဲဖြစ် ဖြစ် ညီ (၅)လေးအတွက်ဆိုလျှင် အစ်ကိုကြီးတို့ ခွင့်လွှတ်ပြီးသားပါ၊ ကဲ ပြော အစ်ကိုတို့ကို ဘာပြောမလဲ၊ ဘာလုပ်ပေးရမလဲ"

သို့ မေးလာကြသည်တွင် ညီ (၅) ပိန်လှီသေးကွေးသည် အစ်ကိုအားလုံးကို ပြုံး၍ကြည့်လိုက်လေပြီ။

"ညီ (၅) ကျွန်တော်ရဲ့ သည်မိတ်ဆွေက မြစိမ်းတို့ နေရာသွားချင်လို့တဲ့ အဲဒါ ကျွန်တော်တို့ညီအစ်ကိုတွေ လိုက်ပို့ပေးလျှင် မကောင်းဘူးလား"

လို့ ပြောလိုက်သည်တွင် အစ်ကိုလေးယောက်က အစိမ်းကို လှည့်ကြည့်လာကြလေသည်။

စူးစူးရဲရဲ အကြည့်ပင်ဖြစ်သည်။ အစိမ်းသည်လည်း လေးယောက်တစ်ယောက်မျက်လုံးပေါင်းရှစ်လုံးနှင့် ပြိုင်ကြည့်လိုက်လေ၏။

"ဟွန်းသတ္တိကတော့မခေပေဘူး"



www.burmeseclassic.com

www.burmeseclassic.com



အကို(၁)ကတီးတိုးပြောလေ၏။

"နို့နေပါဦး ခင်းက မြစိမ်းတို့ဆီသွားချင်တာ ဘာ လို့လဲ၊ သူတို့နဲ့ကော သိလို့လား၊ ဘယ်လိုကောပတ်သက်ခဲ့လို့ တုန်း"

သို့မေးလာသည့် အစ်ကို(၄)ကသာလျှင် ရှုးရိုက် ကြည့်လိုက်လေပြီး ဘုရားပွဲတွင် သူမကို အမှတ်မထင် တွေ့ လိုက်ပုံ၊ စိတ်ဝင်စား၍စွန့်စားထွက်လာပုံ၊ သူသိလေသည်မှာ သံပုရာခုံရွာတွင်နေသည်၊ ယခုတော့မှ တောင်ကြောလေး တဘက်နေရာတွင် မြစိမ်းနေသည့်သိရပုံ၊ သူစွဲလန်းသော မြစိမ်းဟုတ်မဟုတ် သိလိုခြင်းဖြစ်ကြောင်း ပြောပြလေသည်။

"မင်းနာမည်ကဘာတဲ့ 'အစိမ်း'ဟုတ်လား"

အကို(၁)ကမေး၏။

"ဟုတ်တယ် . . "ဆိုလျှက်သူ့အဖေက အစိမ်းရောင် ကိုနှစ်သက်၍ သူ့နာမည်ကိုပင် အစိမ်းမှည့်ထားကြောင်း၊ သို့ ကြောင့်သူ့သည်လည်း ဓါတ်သက်ပါသည်လေလားမသိ။ အစိမ်းကိုပင်နှစ်သက်မိကြောင်း ပြောပြလေသည်တွင် ညီ အကို ငါးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် အပြန်ပြန်အလှန်လှန်ကြည့်လိုက်ကြကာ ပြုံးစိစိလုပ်နေကြ တော့၏။

"ဘယ်လိုသဘောပါလိမ့်"

အတန်ကြာတွင် အကို(၁)က . . . .

"ဟုတ်ပြီလေ၊ နက်ဖြန်ဖြစ်သွားတာပေါ့" လို့ ပြောလိုက်သည်တွင် ညီ (၅) ပိန်လိုသေးကွေးသည် ကျေနပ်





ပီတိဖြစ်သွားတော့၏။

"တွေ့တယ်လား၊ ကျုပ်အကိုတွေက ကျုပ်ကိုချစ် ကြတယ်၊ အလိုလိုက်ကြတယ်၊ ကျုပ်ခင်ဗျားကိုမြင်မြင်ခြင်း ခင်မိတာကံကောင်းတယ်မှတ် . ဟင်း ဟင်း ဟင်း"

"ကျေးဇူးတင်ပါတယ်ကွာ"

သို့သာအစိမ်းပြောလိုက်၏။

"ကဲ ညီ (၅) အစ်ကိုတို့သွားတော့မယ်၊ နက်ဖြန်စော စောသွားကြတာပေါ့"

သို့ဆိုလျှက် အစ်ကိုလေးယောက်သည် ကိုယ့်တဲ ကိုယ် ပြန်သွားကြတော့၏။ ဘယ်လိုကြီးပါလိမ့်၊ အစိမ်းကို တော့ဖြင့်ပြုံးပြနှုတ်ဆက်လို့ပင်မပြုကြချေ။ သူရှိနေသည်ကို ပင် မသိကြလေသကဲ့သို့ ဖြစ်ချေ၏။

"ကဲ . စားသောက်ပြီးလျှင်ဖြင့် အေးအေးလူလူနေချေ တော့ဗျာ၊ ကျုပ်တော့ညတွက်ထင်းခြောက်သွားရှာချေဦး မယ်"

"နို့ဖြင့်လည်း ငါ လိုက်ခဲ့မယ်"

သို့ဖြင့်သူတို့နှစ်ယောက်သည် ထင်းခြောက်ကောက် ရန်တဲမှထွက်ခဲ့ကြတော့သည်။

ဘာလိုလိုနှင့်အချိန်အတော်ကုန်ခဲ့ပေသည်။ သူတို့ စခန်းမှထွက်လာကြပြီး ချောင်းတွင်းသို့ရောက်ကြသည်တွင် မှောင်စပျိုးလေပြီဖြစ်၏။

ချောင်းတွင်းမတော့ ရေမျောကမ်းတင်ထင်းခြောက် တုံးများရှိချေ၏။ သစ်ပင်ခြောက်များရှိချေ၏။ ထင်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးများမှာ လွန်စွာမှုကြီးလေသဖြင့် နှစ်ယောက်သားအား နှင့်ပင်ရွေ့လျားဖို့ရာခက်လှသည်ကြောင့် သစ်ပင်ခြောက်များ ရှိကိုင်းတက်အခြောက်တို့ကိုသာခုတ်ဖြတ်ကြရလေ၏။

'ဒုတ်' 'ဒုတ်' 'ဒုတ်'

'ဒုတ်' 'ဒုတ်'

'ဒုတ်'

'ကျိုးလ်' 'ကျိုးလ်' 'ကျိုးလ်'

'ဟာ တောဆင်ကောင်ပါလား'

သစ်ကိုင်းခြောက်ကိုမဲ၍ခုတ်နေကြစဉ် ချောင်းတစ်ဖက်ကမ်းမှတောဆင်ရိုင်းတစ်ကောင်အသံကြောင့် နှစ်ယောက်သားလှမ်းကဲကြည့်လိုက်၏။

တောဆင်ရိုင်းသည်ချုံစပ်မှနေ၍ သူတို့နှစ်ယောက်ကိုစိုက်ကြည့်ရင်းအော်ဟစ်နေခြင်းဖြစ်၏။

နားရွက်သည်လည်း တဖျတ်ဖျတ်ယပ်ခပ်နေသလို ပင်၊ သို့အခြေအနေကိုကြည့်ပါလျှင် သူတို့ကိုလတ်တလော ချောင်းမြောင်းဒုက္ခပေးမည့်ပုံမဟုတ်ချေ။

သူတို့အတွက် အလွတ်ပြေးဖို့အခွင့်အရေးရှိနေသေး၏။

"မင်းဘယ်လိုသဘောရသလဲ"

"အစိမ်း" က သူ့ကို လက်ကုပ်မေးလိုက်၏။

အခွင့်အရေးရတုန်း ပြေးကြစို့" သို့သာပြောပြီး လူစဉ်မမီသော (ညီငယ် ထွေး)သည် လက်တွင်းမှ ဓားမ





တို့ကိုပစ်ချ၍ အနောက်ဘက် ချောင်းကမ်းပေါ်သို့ ပြေးတက်သွားလေသဖြင့်၊ အစိမ်းသည်လည်း မနေရဲနိုင်ပြီဖြစ်သည်ကြောင့် ညီငယ်ထွေးနောက်ပြေး လိုက်သွားတော့၏။

'အုရှူး'

တောဆင်ရိုင်းကောင်သည်လည်း ရုတ်ခြည်းဆိုသလို အစိမ်းတို့နောက်ပြေးလိုက်ခဲ့တော့၏။

"မြေပြန့်အတိုင်းမပြေးနဲ့ကွ၊ တောင်ကြောပေါ်တက်ချေ"

အစိမ်းကရှေ့မှပြေးနေသော "ညီ (၅) ပိန်လှီသေး ကွေး" ကို သတိပေးပြောလိုက်၏။

"အေးပါဗျ"

သို့ဆိုလျက် ညီ(၅) ပိန်လှီသေးကွေးသည်လည်း တောင်ကြော ပေါ်သို့တက်ခဲ့လေတော့၏။

'ဝူး' 'ဝူးလ်' 'ဝူးလ်'

တောဆင်ရိုင်းသည်လည်း ကဆုန်ပေါက်ပြေးလာချေ၏။ မဝေးလောက်သောနေရာသို့ရောက်လာ၏။ သူတို့ခြေထောက်သည်တောင်ကြောကမ်းပေါ်မရောက်နိုင်သေးချေ။ စိတ်လှုပ်ရှားနေလေခြင်းကြောင့် တောင်ကြောပေါ်မှခြေချော်ဖြစ်နေကြ၏။

"ဘုရားရေ . . .ကယ်ပါ"

'ဝူးလ်'

တောဆင်ကောင်နှင့် လက်နှစ်ကမ်းမျှအကွာသာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ၏။ အစိမ်းအနေဖြင့် တောင်ကြောပေါ် အချိန်မီရောက်နိုင်ပေမင့် ညီ (၅) ပိန်လှီသေးကွေး ကြောက်ဒူး တုန်၍ ခြေချော်လက်ချော် – – –

သို့ရှိစဉ်

'ဟာ'

အစိမ်းမျက်လုံးများပြူးသွားရတော့၏။ ညီ (၅) ပိန်လှီသေးကွေးအတွက်လည်း စိတ်လှုပ်ရှားသွားရလေ၏။ အစိမ်းကတောင် ကြောပေါ်ရောက်ရှိနေပြီဖြစ်၏။ သို့ပေမင့် ညီ(၅) ပိန်လှီသေးကွေးကို ကယ်ရန်အလို့ငှာ တောင်ကြောပေါ်မှ ပြန်ခုန်ဆင်းလိုက်၏။

ပက်လက်အနေအထားဖြစ်နေသော ညီငယ်ထွေးကို ပွေ့ချီလိုက်သည်။ သို့အချိန်ကလေးမှာပင် တောဆင်ရိုင်းသည် သူ့အနားရောက်လာလေ၏။ သူဘာဆက်လုပ်ရမည်မသိဖြစ်နေ၏။

တောဆင်ရိုင်းကောင်ပြုသမျှခံရပေရော့မည်။

သို့ရှိစဉ် –

"သားကြီးမလုပ်နဲ့၊ မလုပ်နဲ့"ဆိုသည့်အသံကြောင့် အစိမ်းတစ်ယောက်လွန်မင်းစွာ အံ့သြသွားရတော့၏။

ဘယ်လိုဖြစ်နိုင်မှာတုန်း၊ အရိုင်းအစိုင်းကောင်ကို ဘယ်လိုတားဆီးနိုင်ပါ့မလဲ။

ပြီးတော့ တားမြစ်လာသံသည် ယောကျ်ားသားတစ်ယောက်အသံမဟုတ်၊ မိန်းမသားတစ်ယောက်အသံဖြစ်ချေ





တော့၏။

'ကျိုးလ်'

'ဟာ'

'ဟင်'

လွန်မင်းစွာအံ့ဖွယ်ကောင်းနေပါရောလား၊ အရှိန်အဟုန်နှင့်ပြေးလာသောဆင်ရိုင်းကောင်သည် ရုတ်ခြည်းရပ်တန့်လိုက်လေပြီး မိန်းမပျိုရှိရာသို့ လှည့်ကြည့်အော်ဟစ်လိုက်၏။

အစိမ်းသည် ခပ်လှမ်းလှမ်းတွင်းရှိမိန်းမပျိုကို အံ့အားသင့်ကြည့်နေမိ၏။ သူ့လက်တွင်းမှလျောစင်းသွားသော ညီ(၅) ပိန်လှီသေးကွေးသည် ထိုမိန်းမပျိုကိုမြင်သည်နှင့်

'ဟာ . . မြစိမ်း . . မြစိမ်း' လို့ လှမ်းအော်နှုတ်ဆက်လေတော့၏။

မိန်းမပျိုသည် တောဆင်ရိုင်းကောင်ကြီးကို မမိုတ်မသုန်စိုက်ကြည့်နေလေ၏။ သူတို့ကိုရှိတယ်လို့ပင်မမှတ်ချေ။

"မင်းပါပဲကလား"

အစိမ်းက သို့နှယ်တိုးညင်းစွာရေရွတ်လိုက်ပြီး သူမထံခြေဦးတည့်လှမ်းလိုက်သည်တွင် –

'ဝူးလ်' လို့ဆင်အော်သံကြောင့် လှည့်ကြည့်လိုက်၏။ သူမထံသွားနေသောခြေလှမ်းရပ်တံ့သွားလေတော့၏။ ဘယ်တွက်မူ သူ့ရှေ့ဆက်လျှောက်သွားပါက တောဆင်ရိုင်းကောင်သည် သူ့ကိုပြေးလာတိုက်နိုက်လေမည့်ဟန်ဖြင့် သိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်ဖြစ်လေရာ အစိမ်း ဘာဆက်လုပ်ရမည်မသိ၊ သူမထံ မျက်နှာလွှဲကြည့်လိုက်ပြန်၏။

'ဟာ'

မြန်လိုက်သည့်ဖြစ်ခြင်း၊ မြစိမ်းသည် အဝေးသို့ ရောက်သွားခြင်းဖြစ်ချေပြီဖြစ်သည်။

အစိမ်းရောင်ဝတ်စုံနှင့် မိန်းမပျိုလေးသည် ချုံနွယ်တို့ဖြင့် ရှုပ်ထွေးနေသောတောအုပ်စိမ်းစိမ်းလေးအတွင်း တရွေ့ရွေ့ကျောခိုင်းထွက်သွားချေပြီဖြစ်တော့၏။

သူသည်တရွေ့ရွေ့လျှောက်လှမ်းသွားသောမြစိမ်း ကိုကြည့်လိုက် ဆင်ရိုင်းကောင်ကြီးကိုကြည့်လိုက်နှင့် ဝေခွဲမရဖြစ်နေတော့၏။

'ကျီးလ်'

တောဆင်ရိုင်းကောင်ကြီးက သို့နှယ်အာခေါင်ခြစ်အော်ဟစ်လိုက်လေပြီးနောက် မိန်းမပျိုလေး မြစိမ်းသွားရာတောအုပ်စိမ်းစိမ်းလေးသို့ ယိမ်းနွဲ့ကာလျှောက်လှမ်းသွားလေတော့၏။

သူတို့နှစ်ယောက်ကို လှည့်၍ပင်မကြည့်သည့်အပြင် ရှိတယ်လို့ပင်မမှတ်ပါကလား။

"ကံသီပေလို့ဗျာ"

ညီ(၅) ပိန်လှီသေးကွေးက ပြောလေ၏။

"မင်းတို့ပြောနေကြတဲ့မြစိမ်းဆိုတာသလား"

"ဟုတ်တယ်"





"နို့ဆိုလျှင်ဖြင့် နက်ဖြန်သွားဖြစ်အောင်သွားရတော့မယ်ကွ"

သို့ဆိုသလို အစိမ်းကပြောလေ၏။

"ကဲ မှောင်လဲလာပြီ၊ သည့်ထက်ပိုအမှောင်ထုမရောက်ခင် သစ်တုံးခြောက်တွေတနိုင်ဆီထမ်းပို့စခန်းပြန်ကြတာပေါ့"

အလိုလေးဗျာ ညီ(၅) ပိန်လှီသေးကွေးတစ်ယောက်စောစောက အသက်အန္တရာယ်နှင့်ထိတ်လန့်တကြား တွေ့ကြုံခဲ့ရသော်လည်း ယခုတော့ဘာမှမဖြစ်သလိုပါပဲလား၊ အစိမ်းမှာတော့ ယခုတိုင် ဒူးပင်တဆတ်ဆတ်တုန်နေသေးတော့၏။

တောဆင်ရိုင်းကောင်၏ခြေဖဝါးအောက်တွင်ပိပြားသွားခြင်းမှသီသီလေးလွတ်ခဲ့သည်မဟုတ်ပါကလား။

တွေးကြည့်မိတိုင်းကြက်သီးထမိတော့၏။

"ဘာတွေပူဆွေးကြောက်နေပြန်တာလဲဗျ၊ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ ပြီးတဲ့ကိစ္စပြီးသွားပြီလေ"

ညီ(၅) ပိန်လှီသေးကွေးပြောသည်လည်း ဟုတ်လို့နေပြန်၏။ ဘာမှမဖြစ်လာနိုင်သေးတာ ဖြစ်မလာတာပဲပေါ့။

သို့ကြောင့်သူသည်လည်း ညီ(၅) ပိန်လှီသေးကွေးတို့သို့ပင် ထင်းခြောက်ကိုင်းတစ်ခုကို တနိုင်ထမ်းပိုး၍ စခန်းနေရာသို့ ပြန်ခဲ့တော့၏။

"သည့်ကိစ္စ ကျုပ်အစ်ကိုတွေမသိပါစေနဲ့"

'ဟင်' ဘာကြောင့်ပါလိမ့်၊ သူစဉ်းစားမိသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့် မမေးပါချေ။ သို့သော်

"ကျုပ်ကို ထိတ်လန့်အောင်လုပ်ပါတယ်၊ လုပ်ကြပါတယ်ဆိုပြီး၊ မြစိမ်းတို့ဆီရောက်လျှင် ပြဿနာရှာကြပေဦးမယ်" လို့ ပြောလာသဖြင့် အစိမ်းအံ့သြရပြန်၏။

သူ့စိတ်တွင် ဘာကိုမျှမစဉ်းစားမိရန်ဆုံးဖြတ်လိုက်တော့၏။

'မင်းသဘောအတိုင်းပါပဲကွာ'

သို့ဆိုတော့ ညီ(၅) ပိန်လှီသေးကွေး ဝမ်းမြောက်ဝမ်းသာဖြစ်သွားရ၏။ သို့ဖြင့် သူတို့သည်စခန်းတဲသို့ရောက်လာကြ၏။ သယ်မလာတော့ ထင်းခြောက်တို့ကို မီးစွယ်အညွန့်လေးသာရှိတော့သော ထင်းမီးပုံပေါ်သို့ ကန့်လန့်ဖြတ်တင် လိုက်ကြတော့၏။

အစိမ်းတစ်ယောက် တစ်နေကုန်မနား၍ ညောင်းညာလာချေပြီဖြစ်သည်ကြောင့် တဲဝါးကြမ်းခင်း ပေါ်ထိုင်လိုက်မိသည်နှင့် ကျောချလှဲလိုက်ချေတော့၏။

"ရော့ အဖန်ရည်သောက်ပါဦးလား"

ညီ(၅) ပိန်လှီသေးကွေး ကအဖန်ရည်ထည့်ထားသည့်ခွက်တစ်လုံး လာပေးချေ၏။ အစိမ်းသည် လူးလဲပြန်ထလာကာ အဖန်ရည်ခွက်လှမ်းယူမေ့သောက်လိုက်ရင်း–

"ကျေးဇူးတင်လိုက်တာဗျာ" လို့ပြောလိုက်လေ၏။

ညီညီ(၅) ပိန်လှီသေးကွေးနှင့်သူတဲပေါ်တွင် အဖန်ရည်သောက်နေကြစဉ် အစ်ကို (၂) နှင့် (၃) ရောက်လာကြ၏။





သူတို့ ရောက်သည့်ပုံမှာ ခိုးကြောင်ခိုးဝှက်ဖြစ်ချေ၏။ ဘာလို့ခိုးကြောင်ခိုးဝှက်လာကြတာပါလိမ့်။ သူ့စိတ်တွင်းကမှတ်လိုက်ပြန်၏။ သို့ကြောင့် –

"အစ်ကိုကြီးကညီအစ်ကိုချင်းဖြစ်ပေမင့် ပလူးပလဲတရင်းတနှီးနေတာသိပ်မကြိုက်ဘူး၊ ဆွေမျိုးညီအကိုပဲဖြစ်ဖြစ်သူစိမ်းတွေပဲဖြစ်ဖြစ် လိုတာထက်ပိုလက်ပွန်းတသီးနေကြလျှင်ဖြင့် တစ်ချိန်ချိန်ကျပြဿနာဖြစ်တတ်တယ်တဲ့၊ အရိုအသေမဲ့တယ်တဲ့"

သို့ဆိုပါကလား။ အဲလေ ဒါလဲဟုတ်တာပဲ၊

"ညီလေး နက်ဖြန်ကျတကယ်ပဲ သည်လူကို မြစိမ်းတို့ဆီလိုက်ပို့ကြမယ်ပေါ့" လို့ အစ်ကို (၂) မေးလာလေ၏။

"အင်းလေ၊ အစ်ကိုကြီးလဲပြောပြီးမဟုတ်လား၊ ဘာလဲအကို(၂)နဲ့(၃)ကမလိုက်ချင်လို့လား၊ သည်တော့ ညီ(၅)ညီသည်ကို အစ်ကိုလတ်တို့ညီသည်လိုပဲ သဘောမထားနိုင်လို့များလား"

"ဟာ မဟုတ်ပါဘူး၊ မဟုတ်ပါဘူးကွာ၊ ငါတို့နှစ်ယောက် အဲဒီကိုမလိုက်ချင်တာမဟုတ်ဘူး၊ ဟိုကောင်တိုးလုံနဲ့မဆုံချင်လို့"

ခက်ပြီကော အစ်ကိုလတ်တို့ရယ် ညီငယ်ကလည်း အဲဒီတိုးလုံကိုသည်လူအတွက်စိတ်မချလို့ ညီအစ်ကိုတွေစုပြီး တစ်ခုတဝေးလိုက်ပို့မယ်လို့ ဆုံးဖြတ်လိုက်တာလေ သည်အင်အားနှင့်တော့ တိုးလုံကိုနိုင်အောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကဒါပေါ့ကွာ၊ နို့ပေမင့်လို့ တိုးလုံကအရိုင်းကောင်ကွ၊ ငါတို့ သူနဲ့ပြဿနာမဖြစ်ချင်လို့ရှောင်ချင်လို့ပါကွာ"

"အင်းလေ နို့ဖြင့်လဲပြီးတာပဲ၊ အစ်ကိုလတ်တို့ တစ်ခုခုအကြောင်းပြနေခဲ့ချေပေါ့"

"သည်မိတ်ဆွေအတွက် စိတ်မပူပါနဲ့ညီညီ(၅) ပိန်လိုသေးကွေးရာ၊ မင်းအတွက် နံပါတ်(၄) အစ်ကိုက အင်မတန်အားကိုးလောက်ပါတယ်" သို့နှုယ်ပြောပြီး လှစ်ခနဲပြန်သွားကြတော့၏။

"အဲဒါသာကြည့်ချေဗျာ၊ ကျုပ်တို့ညီအစ်ကိုတွေမယ်ဘယ်သူမှလက်နက်မကိုင်ကြဘူး၊ လက်နက်အားမကိုးကြ ဘူး၊ အကို့လတ်နှစ်ယောက်ကတော့ ငှက်ကြီးတောင်ဒါးကိုင်ကင်ဒိုဒါးကိုင်ထားကြလေပြီး သွေးနည်းနေကြတယ်လေ။ တကယ်တော့အားကိုးရတာ အကိုကြီးနဲ့ အကို(၄)ပဲဗျ၊ ကဲ အိပ်ချေဗျာ၊ ဆာလေလျှင်ဖြင့် ပြောင်းဖူးနဲ့ငှက်ပျောသီးရှိတာပဲ၊ ကျုပ်တော့အိပ်တော့မယ်"

သို့ဆိုလျှက် ညီ(၅) ပိန်လိုသေးကွေးသည် ကြမ်းခင်းပေါ်လှဲချလိုက်တော့၏။ အံ့ဖွယ်ကောင်းသည်မှာ ကြမ်းခင်းပေါ်ခေါင်းချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့၏။

ပက်လက်အနေအထားဖြင့် အိပ်ပျော်နေသောသူ၏ပုံပန်းသဏ္ဍာန်သည် ဖားပြုတ်တစ်ကောင်ပက်လက်လန်နေသည့်ပုံဖြစ်ခြင်းကြောင့် ရယ်စရာပင်ကောင်းနေသေးတော့၏။





မည်သို့ပင်ဆိုစေ ညီ(၅) ပိန်လိုသေးကွေးသည်လဲ အကြောင်းမလှ၍ ပုံပန်းသဏ္ဍာန်အချိုးအစားမကျသော်ငြား၊ စိတ်ရင်းကောင်းသောကြောင့် စိတ်ထားလှသူဖြစ်ခြင်းကြောင့် နောင်ဘဝများတွင် လူချောလူလှတစ်ယောက်ဖြစ်မှာ သေချာနေပေ၏။

အစိမ်းသည်လည်း ဝါးတဲကြမ်းခင်းပေါ်လှဲချလိုက်ပြန်၏။ သူသည် အတော်နှင့်အိပ်မပျော်၊ မြစိမ်းဆိုသည့် မိန်းမပျိုကိုသာလျှင် စိတ်မှာစွဲလန်းမြင်ယောင်နေမိ၏။

သန်းခေါင်ယံကြက်တွန်သံကြားပြီလေမှ မျက်လုံးများမှေးစင်းအိပ်ပျော်သွားတော့၏။

မည်မျှကြာကြာအိပ်ပျော်သွားလေသည်မသိ။ အိပ်နေရင်းမျက်နှာပူလာသည်ကြောင့် သတိဝင်လူးလဲထလိုက် ၏။

'ဟင်'

မီးတောက်မီးလျှံတစ်ခု သူ့မျက်နှာနှင့်နီးနီးကပ်ကပ်ရှိနေပါကလား။ သို့ကြောင့်ကြောက်လန့်တကြားဖြစ်လျှက်ဘာကြောင့်သို့ဖြစ်ရသည်ကိုစဉ်းစားရင်း မီးတောက်မီးလျှံကိုကြည့်နေလိုက်၏။ ပတ်ဝန်းကျင်ကိုကြည့်လိုက်ပြန်တော့ လည်းအမှောင်ထုရှိနေဆဲပါကလား၊ သူအိပ်မက်ဆိုးများမက်နေလေသည်များလား။

သို့တွေးမိစဉ်

"ကိုကြီးတို့ရောက်နေပြီ၊ ထတော့လေဗျာ၊သွားကြမယ်"

ညီ(၅) ပိန်လိုသေးကွေးအား ကြည့်လိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမီးတုတ် ကိုင်ရင်းလှုပ်နိုးလာခြင်းသိလိုက်သဖြင့် စိတ်အေးသွားရသည် ဆိုပေမင့်–

"ညကြီးမင်းကြီးကွာ"လို့ အိပ်ချင်မပြေပြောလိုက်၏။

"ညဘက်သွားမှမြစိမ်းတို့ဆီ ချောချောမောမောရောက်နိုင်တာ"

ဟိုနားနှင့်သည်နားဘာဝေးတာမှတ်လို့ လှမ်းမြင်နေသောတောင်ကြောတဖက်ချိုင့်ဝှမ်းနေရာကို သူတို့သွားကြမည်ဆိုလျှင်တော့ တူတူလမ်းကြမ်းကြမ်း တောင်ဆင်းတောင် တက်တော်တော်ခက်ပေဦးတော့။ အချိန်ကြာလှ တစ်နေ့ခရီးပေါ့။

ဒါလွန်ရော သူတွက်ထားတာ၊ ဘယ်လိုကြောင့်ညကြီး မင်းကြီးခရီးစထွက်ရမှာပါလိမ့်"

"ကဲပါ၊ တောင်တွေးမြောက်တွေး တွေးမနေပါနဲ့စကတော့မိုးလင်းမှသွားမလို့ပဲ၊ ညကခင်ဗျားအသိပဲမဟုတ်လား၊ အကို(၂)နဲ့(၃)ကမလိုက်ချင်ဘူးပြောကြတယ်လေပြီးတော့ အစ်ကိုကြီးကိုသွားပြောကြတယ်၊ နှစ်ယောက်စလုံးနေထိုင်မကောင်းလို့တဲ့ ခရီးကြမ်းသွားနိုင်မှာမဟုတ်ဘူးတဲ့လေ"

သို့ညီ(၅) ပိန်လှီသေးကွေးကပြောသည်ကြောင့် အစိမ်းပြုံးမိသေးတော့၏။

"နေမကောင်းတာလဲ (၂)ကော(၃) ကောပါတပြိုင်နက်ဆိုတော့ မယုံလောက်စရာပေပဲ"

သို့ပြောလိုက်မိပြန်သည်တွင်

"အစ်ကို(၂)နဲ့ (၃)က အမွှာညီအစ်ကိုလေဗျာ"

သို့ပြောလာသဖြင့် သူအံ့ဩသွားရပြန်လေသည်။





"ကဲ . . လာ လာ အကို(၁)တို့စောင့်နေတာကြာပြီ၊ တော်နေစိတ်ခုသွားပြီး ကျုပ်တို့နဲ့မလိုက်ဘဲဖြစ်နေရှိဦး"

သို့ဖြစ်၍ အစိမ်းသည် ကပျာကသီတဲပေါ်မှဆင်းလိုက်၏။

အမှောင်ထုအတွင်းစမ်းဝါးဝါးဖြင့် တောတိုးလျှောက်ခဲ့ကြလေတော့၏။ သူတို့ လျှောက်လမ်းပေါ်တွင်အိပ်နေကြသည့် မြေဝပ်ငှက်တို့အလန့်တကြားထပျံကြလေသည် ကြောင့်တိတ်ဆိတ်နေသော တောသည်အသက်ဝင်သွားရ တော့၏။

'ကွက်' 'ကွက်' 'ကွက်' 'ကွက်' ဟုသို့ညဥ့်ငှက်ကောင်၏အော်သံပေါ်လာသည်တွင် အကို(၄)ဆိုသူက သူ့လက်တွင်းရှိလောက်လေးဖြင့် အမှောင်ထုတွင်းလှမ်းချိန်ပစ်လိုက်သည်နှင့် နံနက်ခင်းစာရလိုက်လေ၏။

လွန်စွာမျှကြီးသော ဒီးဒုတ်ကောင်သည် သူတို့လေးယောက်အတွက် နံနက်ခင်းစာလုံလောက်နိုင်ပေ၏။

သို့ပေမင့်လို့ ညီ(၅) ပိန်လှီသေးကွေးသည် ဒီးဒုတ်ဘင်သေကို ကြည့်ပြီး မျက်စိမျက်နှာပျက်နေလေတော့၏။

ထိုသည်ကို အစိမ်းရိပ်မိလိုက်၏။

"ဒီးဒုတ်ကောင်ဆိုတာငှက်ပဲလေ၊ စားကောင်းပါ တယ်"

သို့အစိမ်းက တီးတိုးပြောလိုက်၏။

"ငှက်တော့ငှက်ပေါ့ဗျာ၊ စားကောင်းတာ စားကောင်းတာပေါ့ဗျာ၊ နို့ပေမင့်လို့ ကျုပ်တို့ဗမာလူမျိုးတွေက အထူးသဖြင့် တောထဲအလုပ်လုပ် ဝမ်းစာရှာဖွေနေသူတွေက၊ ဒီးဒုတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုလာဘ်ကောင်လို့မှတ်ထားကြတာလေ၊ နို့ကြောင့် သတ်ဖျတ်မစားသင့်ဘူးထင်တယ်၊ အစ်ကို(၄)တစ်ယောက် တကော့ဖြင့်လေ ပြောမပြောချင်ပါဘူး"

ညီ(၅) ပိန်လှီသေးကွေးက သို့နယ်မကျေမနပ်နှင့် ပြောလေသည့်အတိုင်း ဒီးဒုတ်ကောင်ကိုအစာပြေအလို့ငှာ မီးကင်စားကြလေသည့်တွင် အသားတစ်မျှင်မျှပင် စားဖို့မပြောလေနှင့် မတို့မိပါချေ။

"တစ်ယောက်စာခွဲတမ်းပိုလာတော့ ကျွန်တော်တို့တွေ ပိုစားရတာပေါ့"

သို့ဆိုသလို အစ်ကို(၄)က ပြောလေ၏။ တကယ် တော့ သူညီကိုချစ်၍စလေခြင်းသာဖြစ်၏။ သို့ပေမင့်လို့ –

"ညီ (၅) စာနေရှောမယ်"ဆိုလျှက် သူ့တွင်ပါလာ သည့် မှက်ပျော့သီးပင်မှည့်အလုံးချော့ချော့တစ်လုံးကိုပေးစား လေ၏။

သည့်နောက် ရှေ့ခရီးဆက်ကြပြန်၏။ မြစိမ်းတို့နေ သည့်နေရာကို လှမ်းမြင်ရသည့်တောင်ကြောလေးပေါ်သို့ ရောက်သည့်တွင် ရှေ့မှဦးဆောင်သွားသောအကိုကြီးက နေရာထိုင်ခင်းကောင်းကောင်းနေရာကိုရှာဖွေ၍နားလိုက်ပြန် သည်ကြောင့် –

"အစ်ကို(၁)ရယ် ဘာလို့နားဦးမှာတုန်း"

သို့ဆိုသလို အစ်ကို(၄)ကပြောလေ၏။

"ဟုတ်ပါတယ်ဗျာ၊ သည်ကြော်ကဆင်းလိုက်တာနဲ့ ရောက်ပြီပဲ၊ ဟိုကျမှ နားနေလည်းဖြစ်ပါတယ်"





အစိမ်းကလည်းဝင်ပြောလေ၏။ သူ့မြစိမ်းဆိုသူကို တွေ့ချင်နေပြီကိုး။

အစ်ကို(၁)က ပြုံးထေ့ထေ့ဖြင့်ကြည့်လာချေပြီ။

"ဆန္ဒမစောပါနဲ့" မြစိမ်းရဲ့နေရာဟာ နေချင်စဖွယ် တော့ဖြစ်သလို စိတ်ဝင်စားဖို့လည်း အင်မတန်ကောင်းတယ် လေ"

သို့ပြောလာသည့် အစ်ကို(၁)ကို အစိမ်းတစ်ယောက် စိတ်ဝင်တစားဖြစ်မိတော့၏။

အကို(၁)ဘာတွေသိထားလေသလဲ၊ သို့ကြောင့်

"ပြောကြည့်ပါလားဗျာ၊ ဘာကြောင့်စိတ်ဝင်စားစရာ ကောင်းတာတုန်း"

"ဟိုးမယ်လှမ်းကြည့်လေ၊ အိမ်ဘယ်နှစ်လုံးတွေ့လဲ"

သို့ကြောင့် အစိမ်းတောင်ကြောပေါ်မှမြေပြင်သို့လှမ်း ကြည့်လိုက်၏။

မြေပြန့်လေးဆိုပေမင့် ကွင်းတော့ဖြင့်မဟုတ်။

သစ်ပင်ကြီးလတ်ငယ်တို့ ပေါက်ရောက်လျှက်ရှိချေ ၏။ သူအသေအချာကြည့်လိုက်၏။

သူမြင်လိုက်ရသည့် 'တဲ'အရေအတွက် လက်ချိုးမှတ် လိုက်သည့်တွင် သူ့ရှေ့ရှိလက်ချောင်းလေးများ အရေအတွက် ဝင်မပြည့်ပါချေ။

သို့ဆိုပါက ရွာတော့ဖြင့်မပြောလောက်၊ လူနေသ နေလို့သာ သတ်မှတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်းတို့ရဲ့လူနေတဲ့စုပေါ့" အဲလိုပဲပြောရတော့မပေါ့၊ သို့ဆိုတော့ –

ယာယီတဲစုပေလား၊

ရွာတည်စပေပဲလား၊ သို့အတွေးဝင်လာပြန်သဖြင့်

"သည်တဲစုသည်နေရာမှာရှိနေတာ မကြာလောက်ပေဘူးထင်တယ်"

သို့ဆိုသလို အစိမ်းကသူ့ဘာသူရေရွတ်သလိုနှင့် အစ်ကို(၁) ကြားအောင်အော်ပြောလိုက်၏။

"ငါတို့ညီနောင် ငါးဖော်သည်တောထဲမှာနေလာတာ နှစ်ပေါင်းမနည်းတော့ဘူး၊ သည်ကောင့်တစ်သက်ရှိပြီ"

သို့ဆိုလျှက် ညီ(၅) ပိန်လှီသေးကွေးကို မေးဆတ်ပြလေ၏။

"နို့ဖြင့် သူ့အသက် ဘယ်လောက်ရှိပြီလဲ"

အစိမ်းက မေးလိုက်၏။

"ငါးဆယ်"

"ဟင်"

အစိမ်း လွန်မင်းစွာအံ့သြသွားရတော့၏။ ညီ(၅) ပိန်လှီသေးကွေး ငါးဆယ်ဆိုပါကလား၊ မဖြစ်နိုင်တာချည်း။ သူပိုပိုသာမှန်းလေတာတောင်မှ အစိတ်သုံးဆယ်ပေါ့။

"ဘာလဲ မယုံဘူးလား"

အစိမ်း ခေါင်းခါပြလိုက်၏။

"မတာတ်နိုင်ဘူး၊ မင်းမေးလို့ငါပြောတာပဲ"





သို့ဆိုလာတော့ အစိမ်းလက်လျှော့လိုက်ရတော့၏။

"နို့ဆိုလျှင်ဖြင့် ညီ(၅) ပိန်လှီသေးကွေးက သူ့လူဘဝ သက်တမ်းတလျှောက်နှင့် ယှဉ်လိုက်လျှင် အံ့သြလောက်အောင် ငယ်နေသေးတာပေါ့၊ နုနယ်သေးတာပေါ့"

သို့ပြောလိုက်သည်တွင် အစ်ကို(၁)သည် ဟက်ဟက် ပက်ပက်ရယ်မောလိုက်လေ၏။

"ဟား ဟား ဟား ဟား ဟာ ဟာ ဟာ ဟာ"

"ဘာရယ်တာတုန်း"

"အော်သည်လိုပါကွာ၊ ညီ(၅) ပိန်လှီသေးကွေးကို မင်းကနုပေါက်ဆိုတော့ ဒါသက်သက်လုပ်ပြီးပြောသလို ဖြစ်သွားလို့ပါ၊ သူ့ပုံပန်းသဏ္ဍာန်လည်းကြည့်ပါဦးကွာ၊ ပိန်သေးကျုံ့လှီနေတာပဲရှိတာကို နုတယ်ပြောရလားကွာ၊ အေးလေ မင်းဟာ မြစိမ်းကိုတွေ့လျှင် ပိုပြီးအံ့သြသွားဦး မှာလေ"

မြစိမ်းကိုတွေ့ဖူးခဲ့ပါလျှင်ဆိုတော့ သူတွေ့ဖူးတာပဲ၊ ခုမှဟုတ်မဟုတ် သူတို့ရွာဘုရားပွဲတုန်းကမြင်ခဲ့ဖူးတာပဲ၊ သို့ကြောင့်လည်းစွဲလမ်းမှုဖြင့် သည်အရောက်လာခဲ့လေပြီပဲ၊ ဘာလို့မမြင်ဖူးရမှာတုန်း၊ ကောင်းကောင်းမြင်ဖူးပြီပဲ၊

"မြင်ဖူးပါတယ်"

"ဘယ်တုန်းကလဲ"

သို့မေးလာသဖြင့် အချိန်ကိုပြန်တွက်၍ပြောလိုက်၏။ သည်တော့–

"ကောင်းပြီလေ၊ အဲဒီတုန်းကအရွယ်ပုံပန်းသဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့မနေ့ကမင်းတွေ့လိုက်ပါတယ်ဆိုတဲ့ မြစိမ်းနဲ့အရွယ်ပုံပန်း သဏ္ဌာန်ဘာကွာလဲ"

သို့မေးလာသဖြင့် အစ်ကို(၁)ကို စိတ်မှကောင်းရဲ့လားဖြင့် စေ့စေ့ကြည့်လိုက်တော့၏။

"ဟုတ်တယ်လေ၊ ရက်ပိုင်းလောက်နဲ့ ဘာကွာခြားသွားမှာမို့လဲ"

သို့သူအမြင်အသိကို ပြောလိုက်သည်တွင်-

"အေး တကယ်လို့များ လွန်ခဲ့တဲ့နှစ်(၅၀)ကတည်းက မြစိမ်းကို မင်းတွေ့ခဲ့လျှင်ဖြင့် အံ့ဩတကြီးဖြစ်သွားမှာပဲကွ"

"ရှင်းအောင်ပြောစမ်းပါ အစ်ကို(၁)ရယ်"

"ငါ့အသက်(၆၀)ရှိပြီ၊ ငါသည်ကိုရောက်တာ ဆယ်နှစ်လောက်ရှိပြီ၊ အဲဒီတုန်းကတည်းကမြစိမ်းကိုမြင်ဖူးတယ်၊ သည်အရွယ်ပဲကွ"

"ဟာမဖြစ်နိုင်တာချည်း"

"မဖြစ်နိုင်ဘူးဖြစ်နိုင်တယ်ဆိုတာ မင်းရဲ့ဆုံးဖြတ်ချက်လေ အမှန်ပြောရမှာငါ့ကိစ္စ"

အစိမ်းမည်သို့မျှမပြောလိုတော့ပြီ၊ သူတို့ညီအကိုငါးယောက်ကိုလည်း သံသယဝင်နေမိတော့၏။ သို့ပေမင့်

"ကဲပါလေ၊ ထားပါတော့ အဲဒီသွားကြတာပေါ့"

သို့ပြောလိုက်သည့်အစိမ်းကို အကို(၁)သည်စေ့စေ့ကြည့်ခေါင်းခါယမ်းလိုက်လေပြီး-

"မနက်စောစောမှအဲဒီသွားလို့ရမယ်" လို့ပြောလေသဖြင့် အစိမ်းသည်တအံ့တဩဖြစ်သွားလျက်-





"ဘယ်လိုကြောင့်လည်း မမှောင်သေးပါဘူးဗျာ" လို့ မြစိမ်းကိုတွေ့လိုဇောဖြင့်ပြောလိုက်၏။

"ဘယ်လိုကြောင့်လည်းဆိုတော့ တိုးလုံကြောင့်ပေါ့"

"ဟင် . . ဘာလဲ တိုးလုံ"

"တိုးလုံဆိုတာမြစိမ်းရဲ့အားကိုးအားထားရာလို့ ပြောရသလို သည်အိမ်စုလေးရဲ့လုံခြုံရေးအတွက် အားကိုးအားထားရာပဲပေါ့"

"ကျွန်တော်မရှင်းဘူး အစ်ကို(၁)ရာ၊ ရှင်းအောင်ပြောပါလား"

သို့အစိမ်းကတောင်းဆိုလိုက်၏။

"သည်လိုကွ တော်နေမှောင်စပျိုးတော့မယ်၊ သည်ခါ တိုးလုံကအဲဒီတဲစုလေးရဲ့ ညရေးညတာလုံခြုံရေးကိုတာဝန်ယူထားတယ်လေ၊ အဲဒီတဲစုလေးနားကို လူစိမ်းသူစိမ်းမပြောလေနှင့် တယ်သတ္တဝါမှလည်းကပ်လို့မရဘူး၊ ရှင်းရှင်းပြောမယ်ကွာ၊ ညဘက်ဆိုလျှင်ဖြင့် တဲစုလေးထဲမှာနေထိုင်တဲ့လူတွေမရှိဘူးလို့တောင်ထင်ရတယ်၊ တိတ်ဆိတ်ငြိမ်သက်နေတာပဲ၊ သက်ရှိထင်ရှားသွားလာနေတာဆိုလို့ တိုးလုံပဲရှိတယ်"

"နို့ဖြင့် ကျွန်တော်တို့အဲဒီတဲစုလေးကို မနက်မှသွားကြမယ်ပေါ့"

"ဟုတ်တယ်လေ"

"မနက်ဆိုလျှင်ကောဗျာ၊ တိုးလုံက"

"အံ့ဩစရာကောင်းပြန်ကော၊ တိုးလုံဘယ်ရောက်သွားပြန်လဲတောင်မသိကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စိတ်ဝင်စားတယ်ဗျာ"

"ဟိုရောက်လျှင်ဖြင့် သည်ထက်စိတ်ဝင်စားစရာကောင်းတာတွေ့နဲ့တွေ့ရပါလိမ့်ဦးမယ်၊ ကြုံရပါလိမ့်ဦး မယ်၊ ကဲ. .ကဲ. .သည်မှာပဲ ဖြစ်သလိုနားနေအိပ်ကြတာပေါ့၊ တစ်ညတစ်လေပဲ"

သို့ဖြင့် အစိမ်းသည်တောင်ကြောကမ်းပါးစောင်းတွင် ပေါက်နေသည့် လွန်စွာမျှကြီးမားသောတောင်သရက်ပင်ကြီး အောက်အခြေအမြစ်ဆုံတွင် သက်သောင့်သက်သာလှဲမှီနေရန် အပင်အောက်ခြေရှိအမှိုက်သရိုက်တို့ကို ဖယ်ရှားရှင်းလင်းလိုက်တော့၏။

ပြီးနောက် ညီ(၅) ပိန်လှီသေးကွေးကို သူနှင့်လာနေရန် လှမ်းခေါ်လိုက်၏။ ညီ(၅) ပိန်လှီသေးကွေးနှင့် သင့်အောင်ပေါင်းနိုင်လေမှ သူ့အစ်ကိုတွေနှင့်အဆင်ပြေမည်မဟုတ်ပါကလား။

အကို(၁)နှင့် (၄)သည် ခပ်လှမ်းလှမ်းရှိ သရက်ပင်တစ်ပင်အောက်တွင်ရှင်းလင်းလိုက်ကာ ခြေပစ်လက်ပစ်ထိုင်လိုက်ကြတော့သည်။

အတန်ကြာတွင် အစ်ကို(၄)က "စားဖို့တွက်ရှာချေဦးမယ်ဆိုကာ" တောင်ကြောပေါ်သို့ တက်သွားလေ၏။

ဘယ့်နှယ်ကြောင့် မြောင်ဘက်ဆင်းလျှင် စားသောက်စရာရရန်အခွင့်အရေးပိုရှိနိုင်သည်မဟုတ်ပါကလား။ မြောင်အတိုင်းတောင်ကြောပေါ်တက်လျှင် ဘယ်လိုလုပ်ဖြစ်





နိုင်ပါမည်နည်း။ ကိုယ့်တွင်သေနတ်တစ်လက်နက်ရှိသည်မှ မဟုတ်တော့ချည်း။

သို့သူတွေးလိုက်သည်ဆိုပေမင့်နဲ့ နံဘေးတွင်ရှိ ညီ(၅) ပိန်လှီသေးကွေးက သူ့ပုခုံးကိုဖက်လှုပ်ခါလိုက်လေပြီ။

"အကို(၄)က သူငါးရှာတာကိုသိပ်မလုပ်ဘူးဗျ၊ သူ့မယ်လောက်လေးရှိတယ်၊ ခါးမတိုရှိတယ်၊ သူ့အစာကို ကောင်းကောင်းရှာစားတက်ပါတယ်" လို့ ပြုံးစစမျက်နှာလေး လုပ်ပြောချေတော့၏။

အင်း ဘယ်လိုမှ မတွေးရဲအောင်ပါပဲလား၊ ညီ (၅) ပိန်လှီသေးကွေးတစ်ယောက် လူတစ်ဦးတစ်ယောက်၏ ရင့်ထဲထိုးဖောက်မြင်လေသည်များလား။

သို့ကြောင့် ညီငယ်ထွေးကိုလှည့်ကြည့်ပြုံးပြလို့သာ အသိအမှတ်ပြုလိုက်ရတော့၏။

ညီငယ်ထွေးပြောသလိုပင် အတန်ကြာကြာအချိန် တွင် အကို (၄)ပြန်ရောက်လာ၏။ သူနှင့်အတူတောယုန်ညိုကြီးတစ်ကောင်နှင့် လွန်စွာမျှကြီးမားသောတောင်လိပ်ကြီး တစ်ကောင်ပါလာလေ၏။

"ကဲ . . ကျုပ်မပြောပေဘူးလား" လို့ ညီ (၅) ပိန်လှီသေးကွေးကာ မျက်နှာရိပ်မျက်နှာကဲဖြင့် ပြောလာချေ၏။

"နှစ်ယောက်စလုံးကိုချီးကျူးပါတယ်ဗျာ"

သို့သာ အစိမ်းပြောနိုင်စွမ်းရှိလေ၏။

လိပ်သားမစားသောအကို(၁)က လိပ်သားဟင်းချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလေသည်မှာ အံ့ဖွယ်ကောင်းနေသေးတော့၏။

"အကုန်လုံးကိုင်တွယ်ချက်ပြုတ်ပေးသေးတာပဲဗျာ၊ ဘာလို့မစားရတာတုန်း"

သို့နှယ် အစိမ်းကတွေအံ့တသြဖြင့်မေးတော့၏။

"ကိုယ်မစားတဲ့အစာတစ်ခုရှေ့မှာ ကိုယ်မစားဝံ့လို့ မစားရဲလို့ နှာခေါင်းရှုံ့ပြမဲ့ပြတာဟာ တစ်ဖက်လူကိုစော်ကားသလိုဖြစ်တတ်တယ်လေ၊ ပြီးတော့ ညီ (၅) ပိန်လှီသေးကွေးကလိပ်သားကိုသိပ်ကြိုက်တာ၊ နို့ဖြင့် ငါက ညီ (၅) ပိန်လှီသေးကွေးအတွက် အကောင်းဆုံးဖြစ်အောင်ချက်ပြုတ်ပေးရတာပေါ့ကွာ၊ နို့ကြောင့် ငါ့အစ်ကိုငါ့ကို အဲလောက်တောင်ချစ်ပါကလား၊ အလေးဂရုထားပါကလားလို့ သိသွားမှာလေ၊ ထင်သွားမှာလေ၊ ဟင်း ဟင်း ဟင်း"

"အင်းရေသတ္တဝါတွေနဲ့ပတ်သက်လျှင်ဖြင့်တော့ ညီ(၄)က သူသာ ငါး၊ ဖားမစားပေမင့်၊ ရေသတ္တဝါချက်ပြုတ်မယ်ဆိုလျှင်ဖြင့် သူ့တာဝန်ယူချက်ပြုတ်ပေးတာလေ၊ ဟင်း ဟင်း ဟင်း"

အလိုလေးဗျာ၊ ဘယ်လိုကြီးပါလိမ့်၊ ညီတွေကိုသိပ်ချစ်ကြလို့ပဲလား၊ သူတို့ကိုယ်နိုက်ကခပ်ကြောင်ကြောင်တွေဖြစ်နေလို့များလေလား၊ သူ 'အစိမ်း' မဝေခွဲတက်လေပြီ။

ညစာစားကြသည်တွင် အစ်ကို(၁)သည် ငှက်ပျောသီးကိုသာစားလေ၏။





လိပ်သားချက်ကောင်းလွန်းသည်ကြောင့် အစိမ်းတစ်ယောက်ခေါင်းပုံမဖော်အားပါချေ။

သူ့လက်ချည်းလို့ပင် ပြောရမလိုပင်။

"ရောဂါရှိလျှင်ဖြင့် မတည့်ပေဘူးဗျ"

သို့ဆိုသလို ညီ (၅) ပိန်လှီသေးကွေး ကပြုံးစစမျက်နှာပေးဖြင့် တိုးညင်းစွာကပ်ပြောလေ၏။ သို့ကြောင့် အစိမ်းသည် မျက်စောင်းထိုးကြည့်လိုက်၏။

" ဟီး ဘာလဲ အနာပေါ်တုတ်ကျသွားပြီလား"

"မင်းကကော တည့်ရဲ့လား"

သို့ အစိမ်းက ပြန်မေးလိုက်၏။

"ကျုပ်ဘဝက ဘာမှပိုထူးလာမှာမှမဟုတ်တာချည်း၊ သည်ထက်ရုပ်ဆိုးစရာလည်းမရှိတော့ဘူးလေ၊ သည်တော့ အရသာခံ ဗိုက်ကားအောင်စားဖို့ပဲစဉ်းစားတယ်လေ"

သို့လည်း ဟုတ်ပေသားကလား။

သို့သူတို့စားသောက်နေကြစဉ်

"အီး ဟီး ဟီး ဟီး ဟီး ဟီး အီး ဟီး"

သို့ မြစိမ်းတို့တဲစုဘက်မှ ငိုလိုက်သံကြားလေသဖြင့် လေးယောက်သားစားသောက်ဝိုင်းမှထကာ တောင်ကြောစပ်သို့သွား၍လှမ်းကဲကြည့်လိုက်ကြတော့၏။

ကိုကြီး(၁)ကပြောတော့ ညဘက်ဆိုမည်သည့်အသံမျှမကြားရဆိုပါကလား၊ ခုတော့ မိန်းမတစ်ယောက်ရဲ့ ငိုညည်းသံကိုကြားနေရပါကလား၊ သို့ကြောင့် အစိမ်းသည် အစ်ကို(၁)ကိုမေးဆတ်ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ခုတော့လဲတစ်မျိုးပါကလား"ဆိုသည့် ရွှဲ့မေးသည့်အဓိပ္ပါယ်ပင်ဖြစ်ချေတော့၏။

"အေး ငါတသက်မလဲ သည့်တခါပဲကြားဖူးတာပါကွာ"လို့ပြောလေတော့၏။

"တခုခုတော့ဖြင့် ထူးခြားမှုဖြစ်လို့နေမပေါ့"လို့ လည်းလှမ်းကဲကြည့်ရင်း ပြောလာချေပြန်၏။

အင်း . . ယုံရပေဦးတော့မပေါ့။ အစိမ်းဖြစ်လိုသည်မှာ မြစိမ်းရှိရာတဲစုလေးသို့အမြန်သွားလိုချေပြီဖြစ်၏။

မြစိမ်းကိုတွေ့ချင်နေပြီဖြစ်၏ စကားတွေပြောကြည့်ချင်လာ၏။

"ဖြစ်ချင်တာဖြစ်ဗျာ . . ကျုပ်တော့အိပ်တော့မယ်၊ မနက်ကျသွားမှာသေချာတယ်နော်"လို့ အကို(၁)ကိုကြည့်၍ ပြောလိုက်လေ၏။

သို့ပြောပြီး နောက်ပြန်လှည့် တောင်သရပ်ပင်အခြေသို့သွားလေတော့မည့် ခြေလှမ်းလိုက်လေသည်တွင်

"ဟာ ဟိုမယ် ဟိုမယ် ကြည့်စမ်း ကိုကြီး(၁)"လို့ တိုးညင်းသောစကားသံကြောင့် အစိမ်းနောက်ပြန်လှည့်ကြည့်လိုက်ပြန်၏။

'ဟာ'

'ဟင်'

မြစိမ်းတို့တဲစုတဝိုက်တွင် မီးအလင်းရောင်များရှေ့လျှားနေပါကလား၊ မီးတုတ်ကိုယ်စီကိုင်၍ စီတန်းသွားနေဟန်ဖြစ်၏။





သူတို့ဘယ်သွားကြတာပါလိမ့်၊ ညကြီးမှောင်မည်းမည်းဘာလုပ်နေကြပါလိမ့်။

'အုဝ' 'အုဝ' 'အုဝ'

အလိုလေးဗျာ၊ ဝံကောင်၏အသံပင်ကြားရလေတော့၏။

စီတန်းသွားနေဟန်ဖြစ်သော မီးတုတ်မီးလျှံတို့သည် တနေရာအရောက်တွင် စက်ဝိုင်းသဏ္ဍာန်ဖြစ်သွားပြန်၏။

အစိမ်းသည်ဘာဆက်ဖြစ်မည်၊ မြင်ရမည်ကိုမျှော်လင့်စောင့်ကြည့်နေပြန်သေးသော်လည်း မည်သည့်ပြောင်းလဲမှုမျှ မရှိလေသည်ကြောင့် အိပ်ယာဝင်ရန်တောင်သရက်ပင်အခြေသို့လှည့်ထွက်ခဲ့လေတော့၏။

သူနှင့်အတူညီအကိုသုံးယောက်သည်လည်းကပ်ပါလာကြ၏။

"အဲဒီနေရာမယ် သည်ကနေ့ထူးထူးခြားခြားဖြစ်နေတာပဲကွ၊ မနက်ကျမှအသေအချာမေးကြည့်စုံစမ်းရပေဦးမယ်"

သို့အကို(၁)ကပြောလာ၏။

သည်နောက်မတိုင်ပင်ရပါဘဲနှင့် တောင်သရက်ပင်အခြေရှိစခန်းတွင် ညအိပ်ရန်နေရာလေးသို့ ရောက်သွားကြသည်တွင် သစ်ပင်ကိုကျောမှီနားနေလိုက်ကြတော့၏။

နားနေသောသရက်ပင်နှစ်ပင်ကြားရှိ ထင်းမီးပုံကြီးတွင်မီးတောက်မီးလျှံတို့ရှိနေကြသေး၏။ သို့ပေမင့် အရှိန်အဖြေးဖြေးလျော့လာချေပြီဖြစ်ခြင်းကြောင့် အစိမ်းသည်နေရာမှထကာထင်းမီးပုံနံဘေးတွင်ရှိ သစ်ကိုင်းခြောက်တို့ကို မီးပုံအတွင်းထပ်တိုးထည့်လိုက်လေပြီးမှ တောင်သရက်ပင်အောက်ပြန်လာကာ အပင်ကိုကျောမှီနားနေလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"စောပါသေးတယ်၊ အိပ်ချင်တာလည်းမဟုတ်ဘဲနဲ့၊ သည်လိုနည်းနဲ့အချိန်ဖြုန်းမယ်ဆိုလျှင်ဖြင့် ငြီးငွေ့စရာကောင်းပါတယ်ဗျာ၊ အလုပ်လေးတစ်ခုလုပ်နေ နို့မဟုတ်၊ အမှတ်တမဲ့ စကားစမြည်ပြောနေမယ်ဆိုလျှင်ဖြင့် အချိန်ကကုန်မှန်းမသိ ကုန်သွားပါ။ နို့ကြောင့် အဲလိုကြီးလဲအချိန်ဖြုန်းဖို့ မကြိုးစားစမ်းပါနဲ့၊ စကားစမြည်ပြောကြတာပေါ့"

သို့ဆိုသလို ညီ (၅) ပိန်လီသေးကွေးက ပြောလာလေသည်ကြောင့် အစိမ်းသည် အိပ်ဟန်ဆောင်နေလိုက်တော့၏။

"အိပ်ဟန်ဆောင်တဲ့သူက နိုးရခက်တယ်ဆိုတာအမှန်ပေပဲဗျ၊ ရှိစေတော့ဗျာ၊ သည်လိုပုံစံသည်လိုအပြုအမူကမြစိမ်းကိုစိတ်နဲ့မှန်းကြည့်ရုံကလွဲလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး ကျုပ်နဲ့စကားပြောနေမယ်ဆိုလျှင်ဖြင့် မြစိမ်းအကြောင်းခင်ဗျားသိချင်သလောက်မပြောနိုင်ပေမင့်၊ အနည်းအကျဉ်းတော့ဖြင့်ကျုပ်ဆီကကြားနိုင်ပါလိမ့်မယ်"

သို့ညီ (၅) ပိန်လီသေးကွေး ပြောလာသည်ကြောင့် အစိမ်းသည် မျက်စိကိုဖြေးလေးစွာ ဖွင့်လိုက်လေတော့၏။

'ဟင်'

ညီ (၅) ပိန်လီသေးကွေး ပြောလေခြင်းမဟုတ်ပါလေစ၊ ညီ (၅) ပိန်လီသေးကွေးတစ်ယောက် သစ်ပင်ကိုမှီ လျှက် မျက်လုံးအစုံပိတ်လျက် ပါးစပ်ဟောင်းလောင်းအနေ အထားဖြင့် လုံးလုံးလျားလျားကြီး အိပ်ပျော်နေပါကလား။ ဟောက်သံသည်





သဲ့သဲ့ကြားမိသလိုပင်။

သို့ဆိုတော့အစိမ်းသည် ပတ်ဝန်းကျင်ကိုဝေ့ဝိုက်ကြည့်လိုက်ပြန်၏။ မှောင်မှောင်မည်းမည်းကြားမှ ထင်းမီးပုံသည်ရဲရဲနီဝင်းတောက်နေသေး၏။

"ရှစ် ရှီးလ်"

သို့ရှိစဉ် ငှက်ဆိုးတကောင်သည် သူတို့စခန်းနေရာလေးအပေါ်မှ ဖြတ်ပျံသွားရင်းအော်မြည်သွားလေ၏။

"ကျက်သရေမရှိတဲ့ငှက်"

'ဝှစ်'

ခပ်လှမ်းလှမ်းနေရာလောက်ရှိ တောင်သရက်ပင်အောက်ခြေတွင်နားရှိနေလေသည့် အစ်ကို(၄)ထံမှ သို့အသံထွက်လာသလို လက်တွင်းရှိလောက်လေးကွဖြင့် လှမ်းပစ်လိုက်သေးတော့၏။

မစဉ်းစားမဆင်ခြင်မဖြစ်နိုင်မှန်းသိလျက် လေထဲတွင်ဖြတ်ပျံသွားသောငှက်ကိုလှမ်းပစ်ရတာယ်လို့ ဒေါသကိုအလိုလိုက်လေခြင်းကြောင့် လောက်လေးသီးတစ်လုံးဆုံးရှုံးသွားခြင်းသာရှိလေတော့၏။

အလကားအသုံးမကျတဲ့ကောင်လို့လည်း အစိမ်းကမှတ်လိုက်၏။ သို့ဆိုပြန်တော့ –

"အသုံးမကျတဲ့ကောင်တဲ့လား၊ အဲလို အစ်ကို(၄)ကိုအမှတ်လိုက်လေသလား၊ နို့ဆိုလျှင်ဖြင့် ခင်ဗျားတော်တော်



www.burmeseclassic.com

www.burmeseclassic.com



မှားနေပြီဗျ၊ ပြူစောထီးတောင် သူ့လောက် လေးမြားပစ်တော်လိမ့်မယ်မထင်ဘူး"

အလိုလေးဗျာ . . ဟောက်လို့ပင်နေ အိပ်မောကျနေတဲ့ ညီ (၅)ပိန်လှီသေးကွေးက ခုတော့လဲအိပ်ယာမှ နိုးနေပါကောလား၊ သို့ကြောင့် အစိမ်းသည် ညီ (၅)ပိန်လှီသေးကွေးကို လှည့်ကြည့်လိုက်လေပြီး –

"လွန်လွန်ကျူးကျူးမြှောက်ပင့်ပြောတာဖြစ်သွားပါကောလား'လို့ လှောင်ပြောင်လိုသည့်လေသံ ဖြင့်ပြောလိုက်လေ၏။

"စတုတ္ထကိုကြီး၊ ညီ (၅) ပိန်လှီသေးကွေး ငှက်ကင်စားချင်လိုက်တာ"

သို့ လှမ်းအော်လိုက်လေသဖြင့် အစိမ်းသည်ပင် တအံ့တသြဖြစ်လျက်ငေးကြောင်ကြည့်နေလိုက်မိတော့၏။

'ဟင်'

ဘယ်လိုလုပ်တွေပါလိမ့်၊ ညီ (၅)ပိန်လှီသေးကွေးက သို့ပြောလိုက်သည်နှင့် အစ်ကို (၄) သည် နေရာမှလှစ်ခနဲထ ထွက်ပြေးသွားလေ၏။

မှောင်နှင့်မည်းမည်းတွင် သစ်ပင်ချုံနွယ်တို့ကြား ဘယ်လို စိတ်ကူးပေါက်ထထွက်သွားပါလိမ့်။

တောတိုးပြေးလွှားသံလျှင်ကျန်ရစ်ခဲ့၏။

အစ်ကို (၄) ဘယ်ရောက်သွားလေပြီ မမြင်ရပါချေ





ညဥ့်မျက်လုံးမျက်နှာပိုင်ဆိုင်ထားလေခြင်းများလား။

အစိမ်းတစ်ယောက် တအံ့တသြဖြင့်ငိုင်တွေနေလေသည့်ကြားမှ အစ်ကို (၄) သူနှင့်ညီ (၅)ပိန်လှီသေးကွေးတို့နှင့် ခပ်လှမ်းလှမ်းနေရာကို ပြန်ရောက်လာလေ၏။

မြန်လိုက်သည့်ဖြစ်ခြင်း၊ သို့ကြောင့် အစိမ်းတစ်ယောက်တအံ့တသြကြည့်နေမိပြန်၏။

"ရော့ ညီ (၅) မင်းတစ်ယောက်စာတော့ လုံလောက်ပါတယ်လေ၊ ဒါအောင်သေအောင်သားပေပဲ"

သို့ဆိုလျှက် အစ်ကို(၄)သည် လေးဂွလေးသီးမှန်၍ ဦးခေါင်းကြေနေသောငှက်ဆိုးကောင်ကိုလှမ်းပေးလေတော့၏။

'ဟင်'

အစိမ်း အံ့သြတကြီးဖြစ်သွားရလေ၏။ မဖြစ်နိုင်တဲ့ကိစ္စလို့ သူထင်ထားသည်မှာ လွဲလေချေပြီပဲ။

ငှက်ဆိုးကောင်ပျံသန်းသွားသည့် အလျှင်နှုန်းသည် အစ်ကို (၄)၏လေးသီးအလျှင်နှုန်းကို မမီလေပါကလား"

"ချီးကျူးပါတယ်ဗျာ"

သို့ဆိုသလို အစိမ်းက ပြောလိုက်ပေမင့်–

"ချီးကျူးခံချင်လို့ လုပ်ပြတာတော့မဟုတ်ဘူးနော်၊ ညီ(၅)စားချင်တယ်ဆိုလို့ ငှက်လေးကိုသွားကောက်ပေးတာ" လို့ ပြောလာလေတော့၏။

အစိမ်းသည် သူတို့ညီအစ်ကိုတွေကို ဘယ်လိုနားလည်ရမည်ကိုမသိဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် လူတော်လူကောင်းလူဆန်းတွေချည်း ဟု ပြောရပေမည်။ ညီငယ်ထွေးသည် ငှက်ဆိုးကောင်ကို အမွေးနုတ်၊ ရင်ခွဲ၊ အူနုတ်မီးကင်လိုက်ပြီးနောက် ငှက်ကောင်မီးကင်ကျက် သည်တွင် ရဲရဲနီကြွတ်ရှနေသောပေါင်နှစ်ချောင်းကိုဖြုတ်၍ အစ်ကို(၁)နှင့် အစ်ကို(၄)တို့ကို စားဦးစားဖျားသွားပေးလေပြီးလေမှ အစိမ်းကို ရင်ဘုံသားတခြမ်း၊ သူတစ်ခြမ်းခွဲတမ်းချစားလိုက်လေ၏။

အစိမ်းနှင့် ညီ (၅)ပိန်လှီသေးကွေးသည် အိပ်ချင်စိတ်မရှိသေးသည်ကြောင့် စကားစမြည်ပြောနေကြ၏။

အစ်ကို(၁)နှင့်(၄)သည် သစ်ပင်ကျောမှီ၍ငြိမ်သက်နေကြသည်ဖြစ်၍ အိပ်ပျော်နေကြပြီဟု တွက်လိုက်၏။

'အု' 'ဂူး' 'အု' 'ဂူး' 'အူး'

မြစိမ်းတို့တဲစုလေးဘက်လောက်ဆီမှ သို့နှယ်ခွေးအတို့အသံကြောင့်အစိမ်းသည် မတ်တပ်ရပ်လိုက်ကာ လှမ်းကြည့်လိုက်၏။ ညဥ့်ဦးပိုင်းက မီးတုတ်များဝိုင်းပတ်နေသည့်နေရာလောက်ဆီမှဖြစ်တော့၏။

"တောတောင်ထဲမယ် ခွေးအတို့အူကြတာ ဘာဆန်းလို့လဲဗျာ"

သို့နှယ် ညီ (၅)ပိန်လှီသေးကွေးက ပြော၏။

"ဆန်းတော့မဆန်းဘူးပေါ့ဗျာ၊ နို့ပေမင့်လို့ လူနေတဲ့နားကလာတအသံဆိုတော့ ဖြစ်စဉ်တစ်ခု၊ နို့မှမဟုတ်အကြောင်းတစ်ခုခုရှိလို့ဖြစ်မပေါ့"





"ဘာကိုဆိုလိုချင်တာတုန်း"

ညီ (၅)ပိန်လှီသေးကွေးက မေးလာ၏။

"သည်လိုလေ၊ အဲဒီနေရာလောက်ဆီမယ်၊ ညဥ့်ဦးပိုင်းကမီးတုတ်ကိုယ်စီနဲ့ လူတစ်စုရှိကြတယ်၊ ခုသန်းခေါင်ယံကျော် အချိန်မတော်ခွေးအတွေ အဲဒီနားမှာစုဝေးနေကြပြန် တယ်၊ ဇါ့အထင်ပြောရလျှင်တော့ အဲဒီနေရာလေးကထူးခြားမှုတစ်ခုရှိလို့ဖြစ်မယ်"

"ဘာထူးခြားမှုလဲပြောကြည့်လေ"

"မနက်ကျမှအဲဒီနေရာသွားကြည့်ပြောလို့ရမပေါ့"

သို့အစိမ်းကပြောလိုက်သည်တွင် ညီ (၅)ပိန်လှီသေးကွေးက မျက်စောင်းထိုးကြည့်လိုက်လေပြီး –

"ဒါတော့ ခင်ဗျားပြောမှလားဗျာ၊ ကဲ ကျုပ်အိပ်ချင်ပြီ" ဆိုလျက် သစ်ပင်ကိုကျောမှီ မျက်လုံအစုံကိုမှိတ်လိုက်လေတော့၏။

အစိမ်းသည် စကားပြောဖော်မရှိတော့သည်ကြောင့် သစ်ပင်ကိုကျော်မှီ၍ ဇွတ်အိပ်ပစ်လိုက်တော့၏။

မျက်စိကိုမှိတ်ထားခြင်း၊ ငြိမ်သက်စွာနေလေခြင်းကြောင့် အချိန်အတန်ကြာတွင်အိပ်ပျော်သွားတော့၏။

'အား'

မည်မျှကြာကြာအိပ်ပျော်သွားလေသည်မသိ။ ညီ (၅)ပိန်လှီသေးကွေး၏ ကြောက်လန့်တကြားအော်ဟစ်လိုက်သံကြောင့် အိပ်ယာမှနိုးလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာတုန်း"

အစိမ်းက သို့မေးလိုက်ရင်း အစ်ကို(၁)နှင့်(၄)ရှိရာသို့ လှမ်းကြည့်လိုက်၏။

အလိုလေးဗျာ မိုးစင်စင်လင်းလေပြီပဲ။ အစ်ကို (၁) နှင့် (၄) ဘယ်သွားကြပါလိမ့်။

နံဘေးမှထိတ်လန့်ကြောက်ရွံ့တုန်လှုပ်နေသည့် ညီ (၅)ပိန်လှီသေးကွေးကို ပြန်လှည့်ကြည့်လိုက်လေပြီး—

"ဘာဖြစ်တာတုန်း ပြောလေ" လို့ ထပ်မေးလိုက်ပြန်၏။

"ဟား ဟား ဟား ဟင်း ဟင်း ဟီး ဟင်း"

သို့သူ၏အမေးကိုမဖြေလေဘဲ ရယ်မောနေပြန်သည့်ကြောင့် အစိမ်းသည် ညီငယ်ထွေးကိုတအံ့တသြဖြစ်လျက် ငေးကြောင်လို့သာ ကြည့်နေမိသည်။

"ဘာမှမဖြစ်ဘူး၊ ကျုပ်တာမှမဖြစ်ဘူး၊ ဟင်း ဟင်း အကို(၁)နဲ့ (၄)ကမှာသွားတယ်၊ ခင်ဗျားအိပ်ချင်အိပ်ပါစေ သူတို့စားစရာတစ်ခုခုသွားရှာဦးမယ်ဆိုပြီး ကျုပ်ကိုမှာထွက်သွားကြတယ်၊ ကျုပ်တစ်ယောက်တည်းပျင်းလာပြီဗျာ ခင်ဗျားကိုလည်းမနှိုးရဘူးဆိုတော့ ခုလိုဥာဏ်ဆင်လုပ်လိုက်တာပေါ့၊ ခင်ဗျားကိုကျုပ်နှိုးတာမဟုတ်ဘူးနော်၊ ဟင်း ဟင်း ဟင်း"

"အင်း ခက်နေပြီကော၊ ဘယ်လိုလူတွေပါလိမ့်"

"ဆာနေပြီလား"





"ရပါတယ်ကွာ . နို့နေပါဦး မင်းအစ်ကိုတွေက ငါ့ကို ဘာလို့ မနိုးစေချင်တာလဲ"

သို့ အစိမ်းက မေးလိုက်၏။

"ကျုပ်အထင်ပြောရလျှင်ဖြင့် ခင်ဗျားအိပ်ယာကနိုးလျှင်ဖြင့် မြစိမ်းတို့တဲစုကိုသွားမယ်မဲ့ ဂျီတွန်နေမှာစိုးလို့ဖြစ်မပေါ့ဗျာ"

"အော်"

"ရော့သည်မယ် အစ်ကိုနှစ်ယောက်ပေးသွားတာ"

သို့ဆိုလျက် ညီ (၅)ပိန်လှီသေးကွေးသည် အစိမ်း အား ငှက်ပေါင်တစ်ချောင်းပေးလာတော့၏။

"ဟင် ညကမင်းအစ်ကိုတွေမစားဘဲ ပြန်ပေးတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ သူတို့က ကျုပ်ကို ဆာလောင်မှုဒဏ်ခံရမှာကိုသိပ်စိုးရိမ်ကြတယ်ဗျ"

"သူတို့ညီမို့ထားပါတော့၊ ငါ့ကိုကျတော့ကော"

"အဲဒါကလည်း ကျုပ်ကိုဘယ်တော့မှစိတ်မချမ်းမသာမဖြစ်စေချင်လို့ပဲဗျ"

"ဘာဆိုင်လို့တုန်း"

"ဟင် ဆိုင်ပြီကောဗျာ၊ ခင်ဗျားက ကျုပ်မိတ်ဆွေလေ၊ ကျုပ်က ခင်မင်ရတဲ့ မိတ်တွေ၊ ကျုပ်မိတ်ဆွေစိတ်မချမ်းမသာဖြစ်လျှင်ကျုပ်လည်းဘယ်စိတ်ချမ်းသာပါ့မလဲ၊ နို့ကြောင့် ကျုပ်ကိုစိတ်ချမ်းသာချင်လို့ ခင်ဗျားကိုလည်း ဆာလောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်မချမ်းမသာမဖြစ်ရလေအောင် ခင်ဗျားစားဖို့ပါ ပေးသွားကြတာပေါ့"

'ဟင်'

"တဲပါ၊ စားလိုက်လေ၊ သည်လောက်လေးနဲ့ဆာလောင်မှုမပြေလောက်ဘူးဆိုပေမင့်၊ တနည်းတဖုန်တော့ အထောက်အကူပြုလောက်ပါတယ်လေ၊ ဟိုမယ်အစ်ကိုတွေ ပြန်လာကြပြီ"

သို့ကြောင့် အစိမ်း လှမ်းကဲကြည့်လိုက်သည်။

"ဟာ ဘယ်လိုဖြစ်လာတာပါလိမ့်၊ တခုခုပြဿနာ ကြုံခဲ့ကြပြီဖြစ်လိမ့်မယ်"

အစ်ကို(၁)က အစ်ကို(၄)ကို ထမ်းပိုးလာပါကလား။ သို့ကြောင့် အစိမ်းသည် အလိုက်တသိပြေးသွားကြိုလိုက်၏။

"ရတယ်၊ နေနေ ရေတစ်ဗူးသာ သွားရှာခပ်ခဲ့ချေ"

"အင်း"

အစိမ်းသည် ကပျာကသီပင် ချောင်းနိုင်မည့်ဘက်သို့ ပြေးလွှားသွားလိုက်၏။

ကံအားလျော်စွာပင် မဝေးလောက်သောခရီးတွင် ရေစီးမြောင်းတစ်ခုကိုတွေ့လိုက်၏။ ထိုမြောင်းကြီးအတွင်း ရှိရေအိုင်မှ ရေကိုခပ်ထည့်ရန် ကြသောင်းဝါးတစ်လုံးကိုခုတ်၍တစ်ဘက်အဆစ်ပိတ်ခံ့ဝါးဘူးပြုလုပ်၍ ရေကိုခပ်ထည့်ယူလိုက်တော့၏။

သူတို့နားနေသည့်နေရာလေးသို့ ရောက်သည်တွင်





အစ်ကို(၄)တစ်ယောက် သတိရထထိုင်နေလေပြီဖြစ်၏။

ရင်ဘတ်နှင့်လက်မောင်းပုခုံးစွန်းတို့တွင် သွေးတို့ရွှဲ နစ်နေပါကလား၊

"ဘယ်လိုဖြစ်တာပါလိမ့်"

အစ်ကို(၁)ကို ရေဘူးလှမ်းပေးမေးလိုက်၏။

"ညီ (၄)က မိုက်လုံးကြီးလိုက်တာ၊ မြင့်မိုရ်တောင် ကို မထိစေနဲ့ဆိုသလိုပဲ၊ သူ့ဘာသာပျားအုံနိုက်နေတဲ့ ဝံကောင်ကို သူ့လောက်လေးနဲ့လှမ်းပစ်တယ်လေ၊ အဝေးက နေပစ်တာတောင်မဟုတ်ဘူး၊ အရဲကိုးအနားကပ်သွားပြီး ပစ် တာလေ၊ ဝံကောင်ကဘယ်ဖြုံပါ့မလဲ၊ နာတော့ဒေါသဖြစ်ပြီး ပြန်တွယ်တာပေါ့၊ ငါသာပါမသွားလျှင်ဖြင့် ညီ (၄) ရဲ ရောက်ပြီ"

"အဲလိုလဲဘယ်ဟုတ်ပါ့မလဲ အစ်ကို(၁)ရယ်၊ နိဗ္ဗာန် ရောက်မှာပေါ့"

သို့ဆိုသလို အစိမ်းက ပြောလိုက်သည်တွင် အစ်ကို(၁)က အစိမ်းကို မဲ့ပြုံးပြုလေပြီး။

"လူတွေကို အန္တရာယ်မပေးနိုင်တဲ့ ကြက်ကလေး၊ ငှက်ကလေး၊ လိပ်ကလေး၊ ယုန်ကလေးတွေကို နိုင်လို ခြင်းထက်သတ်ဖြတ်နေတဲ့ကောင် သေလို့ကတော့ နိဗ္ဗာန် ရောက်နိုင်ပါ့မလားကွာ၊ ငရဲပဲရောက်တော့မပေါ့၊ နို့တောင်မှ လွှမ်းပစ်ပြီးကျမဲ့ကောင်ပါကွာ"

သို့ပြောလေသဖြင့် အစိမ်း သဘောကျပြုံးမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို(၁)သည် ပြောလဲပြော၊ အစ်ကို(၄)၏ဒဏ်ရာကိုလည်းရေဖြင့် ဆေးကြောနေလေ၏။

"ဆေးလေးဘာလေးထည့်ပေးလေဗျာ"

ရေဖြင့်သာထပ်ပြန်တလဲဖြန်းဆေးကြောနေလေ ခြင်းကြောင့်အစိမ်းကသို့ပြောလိုက်ခြင်းဖြစ်၏။

"ဆေးမှမရှိတာ ဒါလည်းဆေးပဲပေါ့"

သို့ဆိုတော့လဲ အစိမ်း နှုတ်ဆိတ်နေလိုက်တော့၏။

"ကျွန်တော်တို့ တော်နေဆိုသွားကြမယ်လား"

သို့အစိမ်းက မြစိမ်းတို့တဲစုဘက်သွားရန်စကားစကြည့်လိုက်၏။ သည်တွင် အစ်ကို(၁)က သူ့ကိုစိမ်းစိမ်းစား စားစိုက်ကြည့်လာချေပြီ။

"မင်းက အင်မတန်အလိုက်ကန်းဆိုးမသိတဲ့ကောင် ပဲ၊ စတုတ္ထညီရထားတဲ့ဒဏ်ရာက ပေါ့သေးသေးမဟုတ်ဘူး။ မင်းဘာသာသွားချင်သွားတော့ကွာ၊ ငါတို့ညီအစ်ကို သည်ကနေပဲ ငါးတဲစုစခန်းပြန်ကြတော့မယ်"

အစ်ကို(၁)စိတ်ဆိုးသွားလေပြီလား၊ သို့ကြောင့်အစိမ်းသည် ညီ (၅)ပိန်လှီသေးကွေးကို အားကိုးတကြီးလှည့်ကြည့်လိုက်၏။

"စတုတ္ထအစ်ကိုကို စခန်းမှာရှိတဲ့ဆေးပြန်လိမ်းရဦး မယ်လိမ်းကျန်ပေးရဦးမယ်၊ ခင်ဗျားလဲပြန်လိုက်ခဲ့ပါ။"

အစိမ်း လုံးဝစိတ်ဓါတ်ကျသွားတော့၏။သည်ရောက်ပြီးလေမှ စခန်းပြန်လေမည်ဆိုပါကလား။ ဘယ်လိုလုပ်တွေ့လိမ့်၊ သူ ကနေ့တော့ဖြင့် မြစိမ်းကိုတွေ့ရပြီလို့ တွက်ထားတာ သိုဆိုလျှင်ဖြင့် နီးလာလျက်နှင့်ပြန်ဝေးကွာကြပေဦးတော့မည်။ မဖြစ်ချေပြီ။

သူ့ကိုတော့ဖြင့် သွားခွင့်ပြုပါပြောလိုက်ချင်ပေမင့် မပြောခဲ့၊ မပြောရဲပါချေ။ အစ်ကို (၁)လဲ ခွင့်ပြုလိမ့်မည်မဟုတ်၊ သို့ကြောင့် အခြေအနေကိုကြည့်၍ မီးစင်ကြည့်ကရန်ဆုံးဖြတ်လိုက်လေ၏။

သို့နှင့်အတူ ဝေခိုင်တွေဝေနေမိချိန်မှာပင်။

"ဘာစဉ်းစားနေတာတုန်း၊ လာသွားကြမယ်"

သို့အသံကြောင့် အစိမ်းတုန်လှုပ်သွားလေ၏။ သို့ပေမင့် သူ၏အကြံကိုမရိပ်မိစေရန်အလို့ငှာ –

"ကြာနေသေးထွက်လွန်လျှင်ဖြင့် မကောင်းဘူး၊ စခန်းမြန်မြန်ပြန်ကြတာပဲကောင်းပါတယ်" ဆိုလျှက် အစိမ်းသည် အစ်ကို(၁)နှင့်အတူယှဉ်၍ အစ်ကို(၄)ကို ဖေးမတွဲထူလိုက်လေ၏။

သို့ဖြင့် သူတို့သည်ထိုနေရာလေးမှဖြေးလေးသောခြေလှမ်းတို့ဖြင့် အစ်ကို(၄)ကို ဖေးမတွဲလျက် လျှောက်ခဲ့ကြတော့၏။

"အာလာ . . လာ"

အစ်ကို(၄)သည် ညင်သာစွာဖေးမခြင်းခံနေရသည့်ကြားမှနာကြင်လာလေခြင်းကြောင့် ညည်းတွားနေတော့၏။

"ခဏ နားလိုက်ပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



သို့အစိမ်းကပြောလိုက်၏။

"အေး ကောင်းတယ်၊ အချိန်တန်တော့စခန်းရောက်သွားမှာပေါ့၊ နို့မှမဟုတ် အချိန်တန်လျှင်ဖြင့်လည်း စခန်းကိုပြန်မရောက်ဘဲ လမ်းမှားတင် စတုတ္ထညီသေသွားနိုင်တယ်"

"ဟင် နို့ဖြင့်လည်းမနားကြဘူးလား"

သည်ဒဏ်ရာကြောင့် အသက်ထွက်သွားမယ်ဆိုလျှင်ဖြင့် မနားပဲဆက်သွားကြလျှင်ဖြင့် ပင်ပမ်းမှုဒဏ်၊ နာကြင်မှုဒဏ်နဲ့ ဝေဒနာခံစားရင်းသေသွားလျှင် သူဒေါသဖြစ်သေရမယ်ဆိုတော့ အကုသိုလ်ပါသွားပြီလေ၊ သည်တော့ သူသေ လျှင်ကောင်းရာမွန်ရာဘုံဘဝကို မရောက်နိုင်ပါ့မလဲ၊ နာနေရင်းသေသွားလျှင်ဖြင့် သူ့မယ်ပင်ပန်းမှုဒဏ်ဆိုတာမရှိတော့ဘူးလေ၊ နာကြင်မှုဆိုတာလည်း မရှိနိုင်တော့ဘူး လေ၊ သည်တော့နားနားနေနေ သက်တောင့်သက်သာနေရင်းကနေသေသွားမယ်ဆိုလျှင်ဖြင့် သူ့မယ်ဒေါသဆိုတာဖြစ်လာနိုင်တော့ဘူး၊ သည်ခါအကုသိုလ်ဆိုတာလည်းဖြစ်လာနိုင်စရာအကြောင်းမရှိတော့ဘူး၊ နို့ဆိုတော့ကာ ကောင်းရာမွန်ရာဘုံဘဝကိုရောက်နိုင်တောင်မှ မကောင်းမကန်းနေရာတော့ဖြင့်မရောက်နိုင်ပေဘူးလေ။

"နို့လည်း ဟုတ်တာပဲ၊ သည်မယ်နားကြဦးမယ်"

ညီ (၅)ပိန်လှီသေးကွေးက သို့ပြောရင်း အရွက်ဖါးဖါးစိမ်းစိမ်းစိုစို ကျွန်းပင်ကြီးတစ်ပင်အောက်တွင် အစ်ကို (၄) သက်တောင့်သက်သာနားနေရန် အမိုက်သရိုက်များကို





ရှင်းလိုက်လေသဖြင့် အစိမ်းသည်လည်း ဝိုင်းကူလိုက် တော့၏။

ကူချင်လွန်း၍တော့မဟုတ်၊ အချိန်မြန်မြန်နှင့် သူ့အကြံကို အကောင်အထည်ဖော်ရန်ဖြစ်တော့၏။

သို့ဖြင့် အစ်ကို(၄) ကို သက်သောင့်သက်သာလဲလျောင်းနေလိုက်စေပြီး –

"ရေသွားရှာချေဦးမယ်" ဆိုလျက် အစိမ်းသည်ထိုနေရာလေးမှထွက်ခဲ့လေတော့၏။

သူတို့နားနေရာ မြင်ကွယ်ရာသို့ရောက်သည်တွင် အစိမ်းသည်ပြန်လာလမ်းအတိုင်း သုတ်ခြေတင်ပြေးသွားလေတော့၏။

လမ်းတစ်လျှောက် စေ့စေ့စပ်စပ်ကြည့်မှတ်သားခဲ့လေခြင်းကြောင့် ညကသူတို့နားနေသောတောင်ကြောလေးပေါ်သို့မကြာလိုက်သောအချိန်ကလေးတွင်ရောက်ခဲ့တော့၏။

ထိုတောင်ကြောပေါ်မှနေ၍ နောက်ကြောင်းကိုပြန်လှည့်ကြည့်လိုက်ပြန်၏။ သူ့အကြံအစည်ကိုသိ၍ အစ်ကို(၁)ယောက် သူ့ကိုလိုက်ရှာလေမည်ကို မဖြစ်နိုင်မှန်းသိလျက်စိုးရိမ်စိတ်လွန်ကဲမိလေခြင်းဖြစ်တော့၏။

ဟူးတော်ပါသေးရဲ့၊ ရိပ်မိကြပုံမပေါ်၊ သို့တည်းမဟုတ်ညီ(၄)ဖြစ်သူကို ငဲ့ကွက်၍သူ့ကိုဥပေက္ခာပြုလိုက်လေခြင်းဖြစ်လေမည်။ မည်သို့ပင်ဖြစ်စေ သူ့အတွက် အဆင်ပြေသွားစေတော့၏။ အစိမ်းသည် တောင်ကြောလေးပေါ်တွင်အမောပြေနားနေလိုက်လေပြီး ထိုတောင်ကြောလေးပေါ်မှနေ



www.burmeseclassic.com

www.burmeseclassic.com



၍ မြစိမ်းတို့တဲစုရှိရာ ဘက်လှမ်းကဲကြည့်မှတ်သားလိုက် လေပြီး အပြေးကလေးဆင့်လိုက်လေ၏။

'ဒုတ်'

'ဟာ'

'အွန့်'

တောင်ကြောအောက်ခြေရောက်လုတွင် တစ်စုံတစ်ခုကို ခလုတ်တိုက်မိပြီး ဟပ်ထိုးလဲကျသွားလေ၏။

'အလာလား'

ခြေမခေါက်သွားခြင်းဖြစ်၏၊ သို့ကြောင့် လက်ညှိုးလက်မနှင့်ခြေမကိုဆုပ်ကိုင်ဆွဲဆန့်လိုက်၏။

'အား အ အား'

ပူခနဲတစ်ချက်ဖြစ်သွားပြီး နာကြင်မှုအနည်းငယ်မျှ သက်သာသွားသည့်ကြောင့် ထရပ်ကြည့်လိုက်၏။

တော်ပါသေးရဲ့၊ ခြေထောက်လို့ရ၏။ သူခလုတ်တိုက်မိသည့်အရာကို လှမ်းငုံ့ကြည့်လိုက်၏။

'ဟာ'

တောင်လိပ်တကောင်ကိုခလုတ်တိုက်မိခြင်းပါကလား။ တောင်လိပ်တကောင်သည် အစိမ်း ပြန်ခလုတ်တိုက်ချက်ကြောင့် ခေါင်းမဖော်ခြေလက်မဖော်ရှိချေတော့၏။

ခါတိုင်းအချိန်ဆိုပါလျှင် အစိမ်းအတွက် ဟင်းစားရလေပြီ၊ ယခုတော့မူ မြစိမ်းကိုတွေ့လိုခြင်းသာလျှင် ဆန္ဒရှိလေသဖြင့် ထိုလိပ်ကောင်ကိုထားရစ်ကာ၊ ရှေ့ဆက်လျှောက်





သွားတော့၏။

ဖုန်းဆိုးမြေဖြစ်သည့်အကြောင်း နဂါးတို့တောင်နှင့်မတိုးမိစေရန်သူတို့အားလျှောက်ခဲ့သောခြင်းဖြစ်၏။ (နဂါးတို့ကောင်ဆိုသည်မှာ မြွေဆိုးကိုဆိုလိုခြင်းဖြစ်၏။) ယခုဦးတည်လျှောက်နေသည်မှာ မြစိမ်းတို့တဲအိမ်စုနေရာဖြစ်၏။ တောင်ကြောပေါ်မှအသေအချာနေရာမှတ်သားပြီးဖြစ်သည့်အကြောင်း လွဲမှားစရာအကြောင်းမရှိပြီဖြစ်သောကြောင့်။ ချုံနွယ်ထိုးကိုခိုးဖြတ်ခဲ့ရလေခြင်းကြောင့် နီးချက်ဝေးဆိုသလိုဖြစ်ခဲ့ရ၏။

သို့ပေမင့်မှတ်မှတ်ရရသူမှတ်သားထားသည့် ဖိုခနောင့်ဆိုင်ကညင်ပင်ကြီးသုံးပင်နေရာသို့ ရောက်ခဲ့လေ၏။ ထီးတည်းဖြစ်နေသော ကညင်ပင်ကြီးသုံးပင်သည် မီးရောင်စက်ဖွန်းမြင်ခဲ့သောနေရာပင်မဟုတ်ပါကလား။ ညအမိုးတုတ်ကိုင်လှုပ်တစ်စု သည်နေရာတွင်သာရှာလုပ်ကြတော့ပါလိမ့်။

ထိုသုံးပွင့်ဆိုင် ကညင်ပင်ကြီးနေရာအရိပ်တွင် လူခြေရာများတွေ့ရ၏။ သို့ဖြင့် ခွေးအတို့၏ခြေရာများကိုလည်းတွေ့ရ၏။ သို့ဆိုလျှင်ဖြင့် ထိုနေရာလေးတွင် ထူးခြားမှုတခုခုတော့ဖြင့်ရှိကိုရှိရပေမည်။

သို့ဖြစ်၍ အစိမ်းသည်ပတ်ဝန်းကျင်ဘက်ကို အသေအချာလေ့လာအကဲခတ်လိုက်၏။

ထူးခြားမှုဆိုလို့ မြေပြင်တွင်မြေဆွဲတို့ပွနေသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာလေးတခုကိုတွေ့ရ၏။ မှန်း

အို . . . မြေကျင်းတူး၍တစုံတရာကိုမြှုပ်နှံပြန်ဖို့ထား ခြင်းဖြစ်၏။ ဟုတ်ပြီ၊ ညကမီးရောင်ကိုင်လူတစုသည် ဤနေ ရာလေးတွင်တစုံတရာကိုလာရောက်မြှုပ်နှံကြလေခြင်းဖြစ် မည်။ မဟုတ်မှလွဲရော လူသေအလောင်းတလောင်းလာမြှုပ်နှံ ကြခြင်းဖြစ်နိုင်၏။

သို့ကြောင့်လည်း ထိုရောပိုက်တွင် တောခွေးအတစ် အုပ် လာရောက်ခြင်းဖြစ်မည်။ သို့ပေမင့်လို့ ထိုခွေးအတို့သည် မြေကျင်းကိုပြန်လည်တူးဖွခြင်းမရှိကြချေ။

အစိမ်းသည်ထိုနေရာလေးမှ တစုရှိရာဘက်သို့ ဆက်ထွက်ခဲ့လေသည်တွင် အတန်ငယ်ခပ်လှမ်းလှမ်းနေရာသို့ ရောက်သည်တွင် သူ့စိတ်တွေဘယ်လိုဖြစ်သွားလေသည် မသိ။ ထိုမြေကျင်းတွင်ဖို့သိပ်ထားသည့် မြေသားပွများကို တူးဖော်ကြည့်လိုသည့်စိတ်ဖြစ်လာတော့သဖြင့် ရှေ့ဆက် မသွားလေဘဲ နောက်ပြန်လှည့်ခဲ့တော့၏။

အစိမ်း သိလိုပေပြီ၊ မြေကျင်းထဲတွင် လူသေ အလောင်းလေပဲလား၊ သို့တည်းမဟုတ် တစုံတရာ ပစ္စည်းဆေ ပဲလား။

အစိမ်းသည် ထိုမြေကျင်းကို မတူးဆွမီပတ်ဝန်းကျင် ကိုစေ့စေ့ကြည့်လိုက်ပြန်၏။

တိတ်ဆိတ်ငြိမ်သက်လို့ဖြစ်၏။

ဟုတ်ပြီ။





သူသည်နားရောက်နေခြင်းကို မည်သူတစ်ဦး တစ်ယောက်မျှသိပုံမပေါ်။ သူလွတ်လပ်စွာမြေကျင်းကိုတူးနိုင် ချေပြီ။ သို့ဖြစ်၍ အစိမ်းသည်မြေပွကိုလက်ဖြင့်သာတူးဖော် လိုက်တော့၏။

အလိုလေးဗျာ၊ မြေကျင်းကတိမ်တိမ်မဟုတ်ပါ လား၊ သို့ကြောင့် အစိမ်းသည်နားလိုက်၊ ယက်ဖော်လိုက်လုပ် နေတော့၏။ တွင်းနက်လာလေ ခေါင်းချွေးတို့ပျံလေဖြစ်လေ၏။

တဖြည်းဖြည်းတော့ဖြင့် မြှုပ်နှံထားသောအရာကို တွေ့ရပေတော့မည်။ သို့ရှိစဉ်

'ရှင်ဒါလုပ်တာတုန်း" ဆိုသည့်အသံကြောင့် တအံ့ တဩဖြစ်လျက်ကြားမှ အသံလာရာသို့လှည့်ကြည့်လိုက်၏။

'ဟင် မြစိမ်း'

သို့သူ၏အာမေဋိတ်အသံကြောင့်

"ကျွန်မနာမည်ကိုသိနေတယ်လား"လို့ မေးလာတော့ ၏။ အစိမ်းဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ သူတွေ့လိုမြင်လို၍ စွန့်စွန့်စားစားလာခဲ့သောသူ့အတွက် လာရကျိုးနပ်သည်ဟု ပြောချိမ့်မည်။

"အိုရှင်ကျွန်မနာမည်သိနေတာမသိတာထက်၊ အရေး ကြီးတာက ရှင်လုပ်နေတဲ့အလုပ်ကို ချက်ခြင်းရပ်လိုက်ပါ"

သို့မြစိမ်းကအစိမ်းကိုစေ့စေ့ကြည့်ပြောလာတော့၏။

သို့ကြောင့်အစိမ်းသည် မြေကျင်းကိုဒလစပ်ယက်ဖော် နေရာမှရပ်လိုက်လေပြီး ထရပ်လာချေ၏။

မြစိမ်းကိုကြည့်၍ ခင်မင်ရင်းနှီးပြီးသူတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပြလေ၏။

သည်နောက် မြစိမ်းထံလျှောက်သွားလိုက်တော့၏။

"ရှင်... အဲဒီမှာထဲရပ်နေပါ၊ ကျွန်မအနားကိုမလာပါနဲ့၊ ရှင်ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကျွန်မအဘွားအလောင်းကို ဘာလို့ဖော်နေတာတုန်း"

"ဟင်"

အစိမ်းတစ်ယောက်သူတွက်ဆထားသလို ချောကျင်းအတွင်းလူ့သေအလောင်းရှိနေသည်ကို သိလိုက်ရပေပြီဖြစ်၏။

သူ့အဘွားဆိုပါကလား။

အင်းညက မီးတုတ်ကိုင်လူတစ်စု သူမ၏အဘွားရုပ်အလောင်းကိုလာရောက်မြှုပ်နှံကြခြင်းပါကလား။

သူမအဘွားဆိုတော့ အစိမ်းတစ်ယောက်ရွာဘုရားပွဲတွင်တွေ့လိုက်ရသည့်မြစိမ်းကိုမြင်ယောင်သွားတော့၏။

သည်တုန်းကသူမနှင့်အတူ အဘွားအိုတစ်ယောက်ပါလာသည်မဟုတ်ပါကလား။ သို့ဆိုပါလျှင် ထိုအဘွားအိုသေဆုံးလေပြီပဲ။

"မင်းကဒါဘယ်သူလဲ၊ ဘယ်ကလဲဆိုတော့လည်း မေးရတာပေါ့"

သို့ အစချီ၍ သူမကိုရွာဘုရားပွဲတွင်တွေ့လိုက်သည့်ကြောင့်စွဲလန်းမှုဖြစ်သွားကာ လိုက်လာသူဖြစ်ကြောင်း ပြောပြလိုက်၏။ သို့မေမင့်လို့တော့ဖြင့် ငါးအိမ်စုနေရာလေးက ခင်ကြောင်ကြောင်ညီအကိုငါးယောက်နှင့်ဆုံခဲ့လေခြင်းနှင့် သူ့အမည်ဘယ်သူဘယ်ဝါဆိုသည်ကိုတော့ဖြင့် လုံးဝထည့်မပြော







ခြင်းမရှိခဲ့ပါချေ။

သူ့စကားဆုံးသည်နှင့် သူမမည်သို့ဖြစ်သွားလေမည်ကိုသိလို၍ သူမမျက်နှာကိုအကဲခတ်ကြည့်လိုက်၏။

ဖြူးစိစိကြည့်နေသည့် သူမမျက်နှာ၏အဓိပ္ပါယ်ကို အစိမ်း မတွက်တတ်ဖြစ်သွား၏။ သို့ကြောင့်

"ကျွန်တော်ပြောတာတွေ အမှန်ချည်းပါ" လို့ပြောလိုက်၏။

"ဒါကတော့ ရှင့်ကိစ္စလေ၊ ရှင့်ခံစားချက်လေ၊ ကဲ ရှင်ပြောချင်တာတွေပြောပြီးပြီမဟုတ်လား၊ ကျွန်မသိသင့်သလောက်လဲသိပြီးပြီ၊ ကျွန်မဖြစ်ချင်တာပြောစရာရှိတယ်" လို့ပြောလေ၏။

"ပြောပါ၊ ဖြစ်ချင်တာကိုဖြစ်အောင်လုပ်ပေးဖို့ကြိုးစားပါမယ်"

'ခစ်'

အခုကို သဘောကျသွားလေသည်မသိ၊ သူပြောလေသည်မှာ ရယ်စရာလောင်စရာမပါပါကလား။

"ဘာကိုသဘောကျသွားရတာတုန်း"

"အော်... ရှင်ကကျွန်မဖြစ်ချင်တာလုပ်ပေးမယ်ဆိုတော့၊ လွယ်လွယ်နဲ့ကတိပေးတတ်တဲ့သူပဲ၊ မဖြစ်နိုင်တာကြီးကိုတောင်းဆိုခဲ့လျှင် ဘယ်နှယ့်လုပ်ပါ့မလဲ"

"ဒီကြောင့် ကျွန်တော်ပြောပြီးကောမဟုတ်လား၊ ကြိုးစားမယ်လို့လေ"

"ကောင်းပြီလေ၊ ရှင် ငါးအိမ်စုကညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်ကိုသိလား"

သူမ အမေးကြောင့် အစိမ်းသည်သူမအပေါ် သံသယဖြစ်သွားမိ၏။ သူနှင့်ညီနောင်ငါးဖော်တွေ့ခဲ့ဆုံခဲ့သည်ကို သိနေသည်များလား။ သို့ကြောင့် သူမ၏မျက်နှာရိပ်မျက်နှာကဲကိုခိုးကြည့်လိုက်၏။

ပြုံးစိစိနဲ့မေးလာခြင်းပါပဲကလား၊ သို့ကြောင့်

"သိပါတယ်"လို့တော့ဖြင့်ပြောလိုက်၏။

ဘယ်လိုသိကြတယ်၊ ဘယ်မှာသိကြတယ်၊ ဘယ်အတိုင်းအတာအထိ ရင်းနှီးကြတယ်ဆိုသည်ကိုထပ်၍ စပ်စပ်စုစုမေးလာလျှင် သူမည်သို့ပြန်ဖြေရမည်ကို မစဉ်းစားရဲအောင်ဖြစ်ရတော့၏။

"ကောင်းပြီလေ၊ သည်အဖြေလောက်နဲ့ ကျေနပ်ပါတယ်။ စပ်စပ်စုစုလည်းမမေးတော့ပါဘူး၊ အခိုကကျွန်မဖြစ်ချင်တဲ့ကိစ္စကိုပဲပြောတော့မယ်"

ဟူးတော်ပါသေးရဲ့၊ သူမသည်လည်းညီငယ်တွေးကို သူ၏အတွင်းစိတ်ကူးတွေကို ထွင်းဖောက်သိမြင်နေလေသည်လားမသိချေ။

"ပြောပါဗျာ၊ ပြောမှလည်းသိရတော့မပေါ့၊ နို့မှလည်းကူညီနိုင်တော့မပေါ့"

"ဘာ . . ဘာပြေတယ်"

"အလို သူ့စကားသူမအတွက် ဘာများဒေါသထွက်စရာ ဖြစ်စရာပါလို့ပါလိမ့်၊ သူ့ကိုစူးစူးရဲရဲကြည့်ကာ ဒေါမာန်





ပါပါလေးပြောလာချေ၏။

"ရှင့်စကားကိုဆင်ခြင်ပြောပါ၊ ခုပြင်ပြောပါ"

"အလိုလေးဗျာ၊ ကျွန်တော်က ဘယ်လိုဆင်ခြင်ပြောရမှာတုန်း၊ ပြန်ပြင်ပြောရမှာတုန်း၊ ရှင်းအောင်ပြောပါလားဗျာ"

"ကိုယ့်စကားအမှားကိုယ်မသိဘူးဆိုလျှင်ဖြင့် ပြောရလေတာပေါ့၊ ဘာတဲ့ ကျွန်မကိုကူညီရတာပေါ့တဲ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကူညီချင်လို့သည်စကားပြောတာဘာမှားသွားလို့လဲဗျာ"

"ဟင်း ဟင်း ဟင်း ရှင်ကအစိပ္ပါယ်ဖွင့်မှားနေတာ ကိုး၊ ရှင်ကကျွန်မကို အကူအညီပေးရအောင် ကျွန်မကအကူအညီတောင်းနေလို့တုန်း"

အလိုလေးဗျာ၊ နှစ်လုံးတည်းနဲ့ရှုတ်လို့နေပြန်ပေါ့။ သူမစိတ်ကောမှန်ရဲ့လား၊ တခုခုမှားယွင်းနေတာတော့ သေချာလေပြီ၊ တစ်ခုခုကို တစ်ယောက်ယောက်ကမှားယွင်းနေတာပဲဖြစ်နိုင်၏။ သူမကို အစိမ်းနားမလည်နိုင်သလို ငေးကြောင်ကြည့်နေမိတော့၏။ သည်တွင်သူမက ယဲ့ယဲ့ပြုံးလိုက်လေပြီး။

"ကျွန်မဖြစ်ချင်တာ ရှင့်ကိုပြောနေတာလေ၊ ရှင်လုပ်ပေးဖို့ပြောနေတာ၊ အကူအညီပေးပါလို့ပြောတာမဟုတ်ဘူး၊ ရှင်နားလည်မှုလွဲနေတာ၊ ပွင့်ပွင့်လင်းလင်းပြောရလျှင်ဖြင့် ရှင့်ကိုကျွန်မဖြစ်ချင်တာကိုခိုင်းနေတာရှင်းပြီလား"

"ဟင်" တမျိုးကြီးပါပဲလား၊ ရုပ်ကလေးသနားကမား



www.burmeseclassic.com

www.burmeseclassic.com



ရှိသလောက်၊ အပြောအဆိုမတတ်လိုက်တာ၊ ကျွန်ုပ်သည် ချစ်စိတ်တောင် ပျက်သွားရလောက်အောင် စိတ်ညစ်သွားရ၏ဆိုပေမင့် သူမ၏ ငြိုငြင်မှုကိုမခံလိုသည့်အကြောင်း ချွင်းချက်ရပေမပေါ့ လို့မှတ်လိုက်မြဲမင့်

"အဲလိုလေးဗျာ၊ ကျုပ်ကိုခိုင်းရပေမင့် ခုမှတွေ့ ကြတဲ့ လူချင်းမဟုတ်ပဲ၊ ခိုင်းလေ့ဆိုတော့ ပတ်သက်မှုရှိလော့ ညမာ ဆရာမလည်းဖြစ်လျှင်လည်းဖြစ်၊ သိတ်ရင်းနှီးကြတဲ့ မိတ်တွေ သူငယ်ချင်းတွေဖြစ်လျှင်လည်းဖြစ်၊ နို့မှမဟုတ် ချစ်သူတွေဖြစ်လျှင်လည်းဖြစ်ရတာမပေါ့ဗျာ" လို့ သူပြောလိုက်သောစကားလုံးကို ရှောချမြောလိုက်တော့၏။

"အလိုလေးရှင်၊ ရယ်စရာလည်းမကောင်းလိုက်တာ ရှင့်ကိုခိုင်းတယ်ဆိုတဲ့စကားလုံးသုံးလိုက်တဲ့ဟာ ရှင့်ကို နားလည်းမှုမှားလိုက်တာပဲ၊ ခိုင်းတယ်ဆိုတာထက် အပြစ်ပေး လိုက်တာဆိုလျှင်ဖြင့် ရှင်ပိုအဲဘောပေါက်နားလည်သွားမှာပါ ဟင်း ဟင်း မိုင်း"

"ကျွန်တော်က ဘာအပြစ်လုပ်မိလို့ အပြစ်ပေးခံရမှာ တုန်းဗျ၊ ခင်ဗျား စိတ်ကောင်းပါသေးတယ် နော်"

"ဟင်း ဟင်း သိပ်ကောင်းလို့ပဲ၊ ရှင့်ကိုအပြစ်ပေးဖို့ ဆုံးဖြတ်နိုင်တာပေါ့ရှင်၊ လူတစ်ယောက်ကိုအပြစ်မရှိဘဲအပြစ် ပေးလို့မရဘူးလေ၊ ဒါကိုကျွန်မသိတာပေါ့၊ သိပ်သိပေါ့ရှင်"

"ဟာ အတော်အချာကြီးပါကလား၊ ပြောကြည့်ပေါ့ဗျာ ကျွန်တော်ဘယ်လိုအပြစ်လုပ်မိလို့တုန်း"





အစိမ်းကို သူမကမျက်စောင်းခဲကြည့်လိုက်လေပြီး မေးငေါ့ပြလေ၏။ သူ့မ မေးငေါ့ပြရာသို့ အစိမ်းကကြည့် လိုက်၏။

"ရှင်ကျွန်မအဘွားရဲ့အလောင်းကိုခိုးပြီးတူးဖော်နေ တယ်လေ၊ ဒါအပြစ်ပေါ့"

"ဗျာ"

"ရှည်ရှည်ဝေးဝေး ဘာကြောင့်လုပ်ရတာတုန်း၊ ဘယ် လိုသဘောလဲ၊ ဘာလဲမေးမနေတော့ပါဘူးရှင်၊ ဒီပဲပြော တာကောင်းပါတယ်၊ အဲဒါအပြစ်လုပ်တာပဲ၊ အပြစ်လုပ်သူကို အပြစ်ပေးလိုက်တာပဲ"

သို့ဆိုတော့လည်းဟုတ်သလိုလို

"ကောင်းပြီလေ၊ ပြောချေတော့၊ အပြစ်ပေးတာကို ခံယူလိုပါတယ်"

"အဲလိုသဘောပေါက်လွယ်စမ်းပါ၊ ကဲ ကျွန်မပြော့မှယ် နားထောင်မှတ်ထား၊ အယူခံဝင်သလိုမျိုးအကြောင်းပြ ချက်တွေနဲ့ငြင်းဆန်ဖို့ မစဉ်းစားနဲ့နော်၊ ကျွန်မအဲသည်အတွက် အချိန်ပေးမစဉ်းစားနိုင်ဘူး"

"ဟုတ်ပါပြီကော်ဗျာ၊ ပြောမှာ အဲလေ ပေးချင်တဲ့ အပြစ်ကျွန်တော်လုပ်ရမှာကိုသာပြော"

"ညီ (၅)ပိန်လိုသေးကွေးကို ကျွန်မဆီခေါ်လာပေးပါ"

"ဘာလုပ်ဖို့တုန်း"

"အိုရှင် ပြောပြီးမဟုတ်လား၊ စောဒကမတက်ပါနဲ့လို့ ကျွန်မခိုင်းတာသာဖြစ်အောင်လုပ်ခဲ့စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ညီ (၅)ပိန်လှီသေးကွေးကို ခေါ်လာပေးမယ်"

"နေဦး အဘွားရဲ့မြေကျင်းကိုသေသေသပ်သပ်ပြန်ဖို့ပေးခဲ့ဦး"

"ဟွန်း"

အစိမ်းသက်ပြင်းချလိုက်လေပြီး မြေကျင်းကိုမြေပြန်ဖို့လိုက်လေတော့၏။

သူမသည် ခပ်လှမ်းလှမ်းသစ်ပင်အောက်တွင်ထိုင်၍သူ့ကိုစောင့်ကြည့်နေလေ၏။

အတန်ကြာ သူမအဘွား၏မြေကျင်းကို ကျကျနနသေသေသပ်သပ်ပြန်ဖို့ပြီးသွားချိန်တွင်

"ကဲ ကျွန်တော် ညီ (၅)ပိန်လှီသေးကွေး ခေါ်လာပြီး ဘယ်လာခဲ့ရမလဲ" လို့ မေးလိုက်၏။

"သည့်နေရာကိုလာခဲ့ပေါ့၊ ဘယ်တော့ အရောက်လာပို့နိုင်မလဲ"

"ခုပဲလာပို့ပြီ"

သို့အသံကြောင့် အစိမ်းအံ့သြသွားရသလို မြစိမ်းသည်လည်းအံ့သြသွားရတော့၏။

တပြိုင်နက်ဆိုသလိုပင် အစိမ်းကောမြစိမ်းပါ အသံလာရာသို့လှည့်ကြည့်လိုက်ကြတော့၏။

"ဟင်"

"ဟာ"

အစ်ကို(၁)ပါတလား၊ သူနှင့်အတူ ညီ (၅)ပိန်လှီသေး





ကွေး ပါလာချေ၏။

"မင်းက ညီ (၅)ပိန်လှီသေးကွေးကို သိပ်လိုလား၊ တောင့်တနေတယ်ပေါ့ဟုတ်လား၊ ညီ (၅)ပိန်လှီသေးကွေးက အသက်လည်းငယ်ပါသေးတယ်၊ ပြီးတော့ လူစဉ်မမီ သူ့ရဲ့တစ္ဆေလေးလိုပဲ၊ ဘာ့လို့များ ညီ (၅)ပိန်လှီသေးကွေးကို လိုလားနေရတာတုန်း"

အစ်ကို(၁)က မြစိမ်းကို စိမ်းစိမ်းကားကားကြည့်၍ ပြောလေ၏။ အစိမ်း နားမလည်နိုင်ပါကလား၊ မြစိမ်းနဲ့ အစ်ကို(၁)တို့ ဘယ်လို ပတ်သတ်မှုတွေရှိနေပါလိမ့်။

သူသိလိုလှ၏။ သို့ကြောင့် နံဘေးမှပင်အသာရပ်ငြိမ်သက်စွာ အရိပ်အကဲလှမ်းကြည့်နေလိုက်၏။

'ဝေးပါသေးတယ်'

မြစိမ်းက သို့နှုယ်ပြောလိုက်၏။

"နို့ဖြင့် စောစောကဘာလိုများ ညီ (၅)ပိန်လှီသေးကွေးကို ခေါ်လာပေးပါလို့ သူ့ကိုပြောရတာတုန်း"

အစ်ကို(၁)က သို့ပြောပြီး အစိမ်းကိုကြည့်နေရင်းမှ–

"မင်းကလဲ တယ်ဟုတ်တဲ့ကောင်ဝါလား၊ မင်းသည်ကောင်မအကြောင်း ဘယ်လောက်သိလို့တုန်း၊ ရေသွားရှာမယ်ဆိုပြီးထွက်သွားလိုက်တာ၊ ခုဘယ်လိုကြောင့် သည်ကောင်မနား ရောက်နေတာတုန်း၊ သည်မယ် ညီ (၅)ပိန်လှီသေးကွေး သည်လိုလူမျိုးကိုမင်းမပေါင်းသင်းသင့်ဘူး၊ မင်းနဲ့ငါ နောက်မှ စာရင်းရှင်းမယ်၊ ခုတော့ သည်ကောင်မနဲ့ အရင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ချေဦးမယ်"

အစ်ကို(၁)စကားကြောင့် အစိမ်းတုန်လှုပ်သွားမိ၏။

နောင်မှ သူနဲ့စာရင်းရှင်းမယ်ဆိုပါကလား၊ ဘယ်လိုရှင်းမှာပါ လိမ့်။

"ကဲ ပြောလေ၊ ဘာလို့ညီငယ်တွေးကိုလိုချင်တာ တုန်း၊ သည်မယ် မင်းရေ့ရောက်ပြီလေ၊ ညီ (၅)ဝိန်လိုသေးကွေးကို မင်းဘာဆက်လုပ်ချင်လဲပြော"

သို့ဆိုလျက် ညီ (၅)ဝိန်လိုသေးကွေးကို အစ်ကို(၁)က မြစိမ်းဆီ တွန်းလွှတ်လိုက်လေ၏။

အေး ကျွန်မလိုချင်တာ ညီ (၅)ဝိန်လိုသေးကွေး မဟုတ် ဘူး၊ ရှင့်ကိုပဲ၊ ဘာလို့လဲဆိုတော့ ညီ (၅)ဝိန်လိုသေး, ကွေးကို ရှင်တို့ကသိပ်ချစ်ကြတယ်လေ၊ နို့ကြောင့် ညီ(၅)ဝိန်လိုသေး ကွေးကို ကျွန်မခေါ်ထားနိုင်ရင် ရှင်ကျွန်မဆီ မလွဲမသေ ရောက်လာမှာမို့ပဲ ရှင်းပြီလား

"ဘာကွ ဘာပြောတယ်၊ ငါ့ကိုမင်းဘာလို့လိုချင်ရတာ တုန်း၊ မင်းလိုချင်တိုင်းကောရမှာတဲ့လား၊ မင်းသိထားဖို့က ငါဟာ စတုတ္ထညီလို မဟုတ်ဘူးနော်"

သည့်တွင် မြစိမ်းသည် အစ်ကို(၁)ကို စူးစူးဝါးဝါး ကြည့်လိုက်လေပြီး

"လုပ်မနေစမ်းပါနဲ့ရှင်၊ ရှင်ဟာလေ ယောကျ်ားမဆန် တဲ့လူ ယောကျ်ားမပီသတဲ့သူ" ဟု ဒေါသသံလေးဖြင့် ပြောလေ၏။

"ဘာကွ၊ ဘာပြောတယ်၊ ငါယောကျ်ားမဆန်ဘူး





ဟုတ်လားအိမ်ယောကျ်ားပီသတဲ့လူဆိုး မပီသတဲ့လား၊ မဲ့ငိုးဘယ်လိုလုပ် သိသလဲ၊ မင်းက မသိသေးလျှင့်ဖြင့်လည်း စမ်းချင်သလို စမ်းလို့ရပါတယ်၊ အချိန်မရွေးပဲလေ၊ နို့ပေမင့်လို့ တအိမ်ခါပြီးရ မယ်"

"ဘာရှင့်၊ ရှင်ဘာတွေကားပြောတာလဲ၊ အဲဒီလိုအောက် တန်းကျတဲ့အတွေးအခေါ်နဲ့ အပြောအဆို မအပြုအမူရှိလို့ပဲ ယောကျ်ားမပီသဘူးပြောတာပေါ့၊ ဒီမှာ ကျွန်မနဲ့ အစ်ကို အဖျင်းပြောရတယ်လို့"

"ဟားဟား ဟားဟား ဟားဟား"

မြစိမ်းစကားကို အစ်ကို(၁)က ဘယ်လိုသဘောပေါက် သွားလေသည်မသိ၊ တဟက်ဟက်ဝက်ယက် ရယ်မောနေလေ တော့၏။

"အား ရအောင် ရယ်တော့စမ်းပါ ရှင်၊ သိပ်မကြာ လောက်တဲ့အချိန်မယ် ရှင်ရယ်နိုင်ဖို့ မပြောနဲ့၊ စကားပြောဖို့ တောင် အခွင့်အရေးရတော့မှာမဟုတ်ဘူး"

"ကြောက်စရာကြီးပါကလား၊ အေးလေ မင်းပြော ကြည့်ပါဦး၊ ငါဘာဖြစ်မှာလဲ၊ အဲဒီ ဘယ်သူ့ကို ပြောလို့တုန်း၊ ငါ့ကိုသတင်းမပြောလေ့ ပြောသူ ရှိတာပေါ့"

"အော် ဘာလဲ ဒဲ့လား၊ သူတစ်ပါးအကြောင်းဆို မဟုတ်မဟပ် လုပ်ကြံဖာထိုးနက်ချလက်စားရိုက်နိုးစပ် နာရှူးနေတွေကိုပြောတဲ့ စကားသာ ဖြစ်နိုင်မပါမလားရှင်၊ အတင်းပဲဖြစ်တော့မပေါ့"

"ရှင်းအောင်ပြောကြည့်ပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



အကို(၁)ကမြစိမ်းကိုမဲ့ရွဲ့ပြုံးပြမေးလိုက်ပြန်၏။

"ကောင်းပြီလေ၊ ပြောမှသိမယ့်လူစားမျိုးကိုပြောကို ပြောရဦးမယ်"

မြစိမ်းကသို့ဆိုလျက် စကားစဖြတ်လိုက်ပြီး အစိမ်းဘက်ကို လှဲ့ကာကြည့်လိုက်လေပြီ။

"သည်မယ်ရှင့်ကို ကျွန်မမေးမယ်၊ အမှန်အတိုင်း အမြင်အတိုင်းဖြေပါ" လို့ပြောလာသဖြင့် အစိမ်းခေါင်းညိတ်ပြပြီး အကို(၁)ဘက်လှည့်ကြည့်လိုက်၏။

အကို(၁)ကသူ့ကိုပြုံးပြလေ၏။ ဘယ်လိုသဘောနှင့်ပြုံးလေသည်တော့မသိပါချေ။

"ကျွန်မအဲ့သက်ဘယ်လောက်ရှိပြီလို့ထင်သလဲ"

မထင်မှတ်သောမေးခွန်းကြောင့် အစိမ်းအံ့သြခြင်းနှင့်အတူ မှင်တက်မိသွားရတော့၏။

"ပြောကြည့်လေ"

သို့မြစိမ်းကသတိပေးပြောလာသံကြောင့် အစိမ်းတစ်ယောက် မြစိမ်းကိုအသေအချာကြည့်လိုက်၏။ ပြီးလေမှ

"အမြင်အတိုင်းအမှန်အတိုင်းပြောရလျှင် နှစ်ဆယ်ကျော်အစိတ်ပေါ့ဗျာ၊ အရွယ်နဲ့မလိုက်အောင်နုတယ်လို့ဆိုဦးတော့ သုံးဆယ်ထက်ဘယ်လိုနည်းနဲ့မှမပိုနိုင်ဘူးဗျာ"

"ခစ် ဟင်း ဟီး ဟင်း ခစ်"

မြစိမ်းသဘောကျသွားရှာ၏။ သို့နှယ် ခိုးခိုးခစ်ခစ်ရယ်လိုက်လေပြီး အကို(၁)ဘက်သို့လှည့်ကာ

"ကဲ ရှင်ဘာပြောချင်သေးလဲ၊ ကျွန်မအသက်၃၀ မပြည့်သေးဘူး၊ ရှင်ဟာလေ ဘာဖြစ်လို့ကျွန်မကိုအသက်





(၇၀)ကျော် (၈၀) လောက်ရှိပြီလို့သွယ်ဝိုက်သောစကားလုံးတွေနဲ့ လူတွေကိုပြောနေရတာတုန်း"

"ဟင်"

အစိမ်းအံ့သြသွားရပြန်၏။ ပြီးတော့အကို(၁)ပြောခဲ့ဖူးသော စကားကိုလည်းပြန်ကြားယောင်မိတော့၏။ ဘာတဲ့

"လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်က မြစိမ်းကိုမြင်မိလျှင်ဖြင့် အံ့သြတကြီးဖြစ်မိမှာအသေအချာပဲ၊ ငါ့အသက်အခု ၆၀ရှိပြီ၊ သည်ကိုရောက်စက မြစိမ်းကိုမြင်ဖူးတာ သည်အရွယ်ပဲကွ" ဆိုခဲ့ပါကလား၊ အကို(၁)ပြောစကားအရ မြစိမ်းအသက် ၈၀၊ ၁၀၀ လောက်ရှိချေပြီပေါ့၊ မဖြစ်နိုင်တာ ချည်း။

"ရှင်ဟာလေ ရှင့်စတုတ္ထညီက ကျွန်မအချစ်ကိုတောင်းခံမရလေတိုင်း မှိုချိုးမှျစ်ချိုးပြောတတ်ပလေတယ်၊ ကဲ ရှင်ဘာပြောချင်သေးလဲ"

မြစိမ်းကသို့ဆိုတော့ အကို(၁)ဘယ်လိုတုန့်ပြန်လေမလဲသိချင်သည်ကြောင့်အစိမ်းသည် နားစွင့်နေလိုက်တော့၏။

"အေး မင်းပြောသလို ငါယောကျ်ားပီသအောင်ပဲနေပြတော့မယ်ကွာဟုတ်လား၊ ငါမင်းကိုဘာမှမပြောချင်တော့ဘူး။ ငါရဲ့စတုတ္ထညီလည်း ဝံကုတ်ခံရတဲ့ဒဏ်ရာကြောင့် သွေးထွက်လွန်သေသွားပြီ၊ ဟိုကောင်ကလည်း ရေသွားရှာချေဦးမယ်ဆိုပြီး အတော်နဲ့ပြန်မလာဘူး"

သို့ အကို(၁)ကအစိမ်းဘက်လှည့်ကြည့်လိုက်လေ ပြီး၊ တဖန် မြစိမ်းဘက်ပြန်လှည့်ကာ

"အေး တခုတော့ရှိတယ်၊ မင်းကိုငယ်ငယ်ရွယ်ရွယ်နဲ့သမင်းနိုင်ငံပို့ရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ပြောပြီးသည်နှင့် အစ်ကို(၁)သည် မြစိမ်းထံသို့ ပြေးသွားလေပြီး သူ၏လက်ကြမ်းကြမ်းဖြင့် မြစိမ်း၏ဖျော့ဖျော့ရှောင်းလိုလည်တိုင်လေးကိုဖျစ်ညစ်လိုက်လေတော့၏။

"အီး အား အု အား အား"

'ဟင့်'

အစိမ်းတုန်လှုပ်ခြောက်ခြားသွားတော့၏။

ယောက်ျားကြီးတန်မဲ့ မိန်းမပျိုလေးကို ကြမ်းကြမ်းတမ်းတမ်း လည်ပင်းညှစ်သတ်ဖို့ကြံရတယ်လို့

အစိမ်းသည် မနေသာတော့ပြီ။ မြေပြင်တွင်တွေ့ရသည့်ကျောက်တုံးတိုကို ကောက်ယူ၍ အစ်ကို(၁)၏နောက်စေ့ကို ပြေးထုလိုက်လေတော့၏။

"ခွပ်"

အား

"ဟင်"

ညီ(၅)မိနစ်လိုသေးကွေးသည် သူ၏အစ်ကို(၁)အား အစိမ်းကသို့ ရက်ရက်စက်စက် လုပ်ရလေမလားဟုဆို ကာ အစိမ်းကိုပြေးထိုး ကန်ကြောက်လေတော့၏။ သို့ပေမင့် သူသာလျှင်အစိမ်း၏ လက်ဖြန့်ရိုက်ချက်ကြောင့်မြေပေါ်သို့လဲသွားရတော့၏။

အစ်ကို (၁) တစ်ယောက် အတ်ဆက်ပွင့်သွားရှာလေပြီ။ ညီ(၅)မိနစ်လိုသေးကွေးတစ်ယောက်ကမူ အစိမ်းကို မယှဉ်သာသိလေခြင်းကြောင့် ထိုနေရာလေးမှ လူးလဲထကာပြေးထွက်သွားလေတော့၏။

"အစ်ကို (၂)၊ (၃) ကယ်ပါဦးဗျာ၊ အစ်ကို (၂) (၃)





ကယ်ပါဦးဗျ" လို့လည်း အသံကုန်အော်ဟစ်သွားလေတော့သည်။

အစိမ်းတစ်ယောက် အသက်ရှူလမ်းကြောင်းပိတ်ကာမူးမေ့ နွဲ့လဲနေသော မြစိမ်းကို ပွေ့ယူ၍ ထိုနေရာလေးမှ ခြေဦးတည့်ရာ ပြေးထွက်ခဲ့လေတော့သည်။

ထင်မှတ်မထားသော ဖြစ်ရပ်တွေပါတလား။

ရွာဘုရားပွဲ၌ မြစိမ်းကိုတွေ့လိုက်၍စွဲလန်းမိ၏။ သို့ကြောင့်ခြေရာကောက်လိုက်ခဲ့သည်။ ခက်ခက်ခဲခဲရှာရမည် ထင်ထားသော်လည်း မမျှော်လင့်ဘဲ တွေ့ရချေပြီဖြစ်သည့်ပြင် သူမကိုလည်း ကယ်တင်နိုင်ခဲ့လေပြီဖြစ်၏။

သို့ဆိုတော့ မြစိမ်းတစ်ယောက် သူ့ကိုကြည်ဖြူနိုင်တော့မည်။ သို့အတွေးဖြင့် သူပီတိဖြစ်နေတော့၏။

အစိမ်းသည် မြစိမ်းကိုတွေ့လိုက်၍သာ တောတိုးပြေးလွှားလာခဲ့ရသည်။ ဘယ်သွားလို့ဘယ်လာရမှန်း မသိပါချေ။

ဘယ်ရောက်လို့ ရောက်နေမှန်းလည်း မသိပါချေ။ ဖြစ်ပျက်ခဲ့သောနေရာနှင့် အတော်ဝေးဝေးသို့ပင် ရောက်လာပြီဆိုခြင်းကိုတော့ အစိမ်းသိလိုက်ရလေ၏။

မဖြစ်ချေပြီ။ သတိမေ့နေသောမြစိမ်းကို သတိရအောင်လုပ်ဦးလေမှ။ သို့မှသူမဘယ်သွားလိုသည်ကို သူသိရမှလိုက်ပို့နိုင်မည်မဟုတ်ပါလား။

သို့ဖြစ်၍ အစိမ်းသည် ရေစီးချောင်းလေးတစ်ခု အနားတွင်ရှိ ပျဉ်းမရွက်ကြီးပင်အောက်တွင် နားလိုက်၏။

မြစိမ်းကို မြေပေါ်သို့ အသာချလိုက်လေ၏။ ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ရေခပ်ယူရန် ပြေးသွားလိုက်၏။

ချောင်းစပ်တွင်ရှိ အခေါင်းပွဝါးတစ်လုံးကို ခုတ်လိုက်လေပြီး ဝါးခွက်လုပ်လိုက်ကာ ရေခပ်ယူလာလိုက်၏။

မြစိမ်း၏မျက်နှာပေါ်သို့ အသာအယာလောင်းချလိုက်၏။ သာသာညှင်းညှင်းလှုပ်ခတ်လိုက်၏။

"မြစိမ်း. . . မြစိမ်း" ဟုလည်း တိုးညည်းသောလေသံနှင့်ခေါ်လိုက်၏။

"ဟင်"

မြစိမ်းတစ်ယောက် သတိပြန်ရလာလေ၏။

"ဟိုလူရော"

မြစိမ်းတစ်ယောက် သူဘာဖြစ်ခဲ့သည်ကို သိပုံရပေမင့် ဘယ်လိုကြောင့် သည်ရောက်လာသည်ကို မသိသလို အစ်ကို (၁)ဘယ်ရောက်သွားလေသည်ကို သိပုံမပေါ်သဖြင့် အစိမ်းသည် ဖြစ်ကြောင်းကုန်စင်ပြန်ပြောပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သို့ မြစိမ်း ပြောလာခြင်းကြောင့် သူ ပီတိဖြစ်ရချေ၏။

"အိုး နေပါဦး၊ ခင်ဗျားကို ဘယ်ပို့ပေးရမတုန်း"

သို့သူကပြောလိုက်လေမှ မြစိမ်းသည် ပတ်ဝန်းကျင်ကို လှေလာအကဲခတ်ကြည့်လိုက်၏။

"သည်ချောင်းက ဆင်သေချောင်းပဲ၊ သည်မှာက ဖွင့်မတောရှိတယ်။ ဟာ ဟုတ်ပြီ သည်ဆင်သေချောင်းအတိုင်း ပြန်စုန်ဆင်းသွားကြမယ်။ ကတွတ်မြောင်ဝရောက်လို့ သစ်တောကိုကျော်လိုက်လျှင်ဖြင့် ကျွန်မတို့တဲစုကို ပြန်ရောက်ပြီလို့





ပြောလို့ရမှာပဲ"

"ဟုတ်ပြီလေ၊ နို့ဖြင့် မြစိမ်း အဆင်ပြေပြီဆိုလျှင် အချိန်ရှိ တုန်းသွားကြတာပေါ့"

"ရပါတယ်ရှင် လည်ပင်းအညှစ်ခံရတော့ မွန်းကြပ်ပြီး အသက်ရှူကြပ်သွားလို့ မေ့မျောသွားတာထင်ပါတယ်။ အခြားဘာမှမဖြစ်တော့ပါဘူး။

"နို့ဖြင့် ဆာနေရောပေါ့"

"ရပါတယ်၊ စခန်းရောက်မှ စားကြတာပေါ့၊ မငေးလောက်ပါဘူး"

သို့ဖြင့် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

"နို့ နေပါဦး၊ သည်ညီအစ်ကို ငါးယောက်နဲ့ခင်ဗျား ဘယ်လိုပတ်သက်မှုတွေရှိခဲ့တာတုန်း"

သို့ဆိုသလို တောတိုးလျှောက်ခဲ့ကြရင်းမှ အစိမ်းက မေးလိုက်လေ၏။

"ကျွန်မအဖိုးက ဝါးခုတ်ရင်း အဲဒီစခန်းနေရာလေးကို သဘောကျတယ်လေ။ သူ့ မိတ်ဆွေတွေ ဝါးခုတ်သမားတွေနဲ့ တိုင်ပင်ပြီး အဲဒီဝါးခုတ်စခန်းလေးမှာ မိသားစုနေကြဖို့ တိုင်ပင်ကြတယ်။ အဲဒီလိုနဲ့ အဘိုးနဲ့စိတ်တူကိုယ်တူရှိတဲ့သုံးလေးယောက်မိသားစုနဲ့ စုစုစည်းစည်းနေလိုက်ကြတယ်လေ။ အဘိုးဖြစ်ချင်သလို အဘိုးနေချင်သလိုနေချင်စရာနေရာလေးပေါ့။ အဘိုးအဘွားကနေ သားသမီးမြေးတွေပါ ဆင့်ပွားဆက်နေကြတာပေါ့။ သည်လိုနဲ့ အိမ်ခြေလေးငါးခြေက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လောက်ရှိတဲ့ တဲစုလေးဖြစ်လာတာပေါ့။ အဲ လွန်ခဲ့တဲ့သုံးလေးနှစ်က အဲဒီညီအစ်ကိုငါးယောက် ကျွန်မတို့တဲစုလေးကို ရောက်လာကြတယ်။ ကျွန်မတို့တဲစုကလူတွေက သူတို့ကို မလိုလားကြဘူး။ ဘယ်ကမှန်းမသိ ဘယ်သူတွေမှန်းလည်း မသိဆိုတော့ လက်မခံကြဘူး။ သည်တော့ သူတို့ညီအစ်ကို ငါးယောက်က ရှင်ရောက်ခဲ့တဲ့ သူတို့ရဲ့ဝါးအိမ်စုနေရာလေး မယ်နေလိုက်ကြတော့တာပေါ့။ သူတို့နေရာနဲ့ ကျွန်မတို့နေရာ ဘယ်တူပါ့မလဲ။ သူတို့နေရာကို သားရဲကောင်တွေ ခဏခဏ ရောက်လာတတ်ကြတယ်။ ဆင်ရိုင်းတွေလည်း တစ်ခါတစ်ရံ ဖြတ် သန်းသွားကြတယ်။ သည်တော့ သူတို့ညီအစ်ကိုက ကျွန်မတို့တဲစုမှာနေလိုကြတော့ အမျိုးမျိုးကြိုးစားကြတာ ပေါ့။ အဲဒီလိုကြိုးစားကြတဲ့အထဲမှာ အင်မတန်အောက်တန်း ကျတဲ့နည်းကို သုံးလာကြတယ်။

သူမစကားကြောင့် အစိမ်း လွန်စွာစိတ်ဝင်စားသွားရ တော့၏။ အင်မတန် အောက်တန်းကျတဲ့နည်းဆိုပါကလား ဘယ်လိုများပါလိမ့်။

"ပြောစမ်းပါဗျာ၊ သူတို့ညီအစ်ကို ယုတ်မာရက်စက် နည်းသုံးပုံကတော့"

သို့ အစိမ်း စကားလမ်းကြောင်းပေးလိုက်၏။

သူတို့ညီအစ်ကိုထဲမယ် စတုတ္ထလူက သတ္တိရှိတယ်၊ ယောကျ်ားလည်းပီသတယ်။ လုပ်ရဲကိုင်ရဲပြောရဲဆိုရဲပေါ့၊ ကျွန်မကိုလည်း အတော်ကလေးမေတ္တာရှိပုံရတယ်။ နို့ပေမင့်





အဲဒီလူကသူ့အစ်ကိုတွေနဲ့ညီကိုပိုပြီး ကျွန်မထက်ပိုချစ်ပုံရတယ်။ ပထမ ကျွန်မသူ့ကိုစဉ်းစားမိပါသေးတယ်။

သို့ စကားကြားလိုက်သည်ကြောင့် အစိမ်းသည် သူမကိုမကျေမနပ်ဖြစ်သယောင်ယောင်အကြည့်မျိုးဖြင့် ကြည့်လိုက်လေ၏။ ပြီးကာမှ

"ဆက်ပြောပါဦး" လို့ စကားစ ခံလိုက်ပြန်၏။

"ကျွန်မသူ့ကို ပြောကြည့်ပါတယ်"

"ရှင် ကျွန်မကို မေတ္တာရှိလျှင် ကျွန်မနဲ့ရှင်လာနေပါ၊ ရှင်တို့ညီအစ်ကိုတွေနဲ့ ကျွန်မအတူမနေနိုင်ဘူးလို့ပေါ့"

"သည်တော့ သူကဘာပြောတုန်း"

"သူကျွန်မနဲ့လိုက်နေပါမယ်တဲ့၊ သို့ပေမင့်လို့ သူ့ညီ အစ်ကိုတွေလည်းကျွန်မတို့တဲစုမှာ နေခွင့်ပေးရမယ်တဲ့လေ"

"အဲဒီတော့"

"ဘယ်ဖြစ်နိုင်ပါ့မလဲရှင်။ သူကိုတောင်မှ ကျွန်မက အဘွားကိုလက်ခံအောင် မနည်းပြောကြည့်ရဦးမှာ။ သူ့ညီ အစ်ကိုတွေကို ဘယ်စဉ်းစားပေးလို့ဖြစ်နိုင်မှာတုန်း။တကယ် တော့ သူတို့ညီအကိုတွေက လူရှုတ်လူပွေတွေ၊ ယဉ်ကျေးမှုမရှိ ကြဘူး၊ ကျွန်မတို့တဲစုလေးနေရာကိုလိုချင်နေကြတော့၊ ယောကျ်ားကြီးတန်မဲ့ အတင်းအဖျဉ်းပြောတက်တာလဲ ရှင်အသိပဲမဟုတ်လား၊ အရှက်တရားဆိုတာလဲမရှိကြဘူး။ အဲလိုလူစားမျိုးတွေကျွန်မရွံ့တယ်၊ မုန်းတယ်၊ စတုတ္ထလူက လည်းသိမ်ဖျဉ်းတဲ့အကြံအစီနဲ့ ကျွန်မကိုချဉ်းကပ်လာပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထက် သူ့ညီအစ်ကိုတွေကို ပိုသံယောဇဉ်ရှိပုံရှိတဲ့ပုံ ပဲလေ။ နို့ကြောင့် ကျွန်မလည်း သူ့အချစ်ကိုလက်မခံတော့ ဘူး။ အဲဒါကို အစ်ကို (၁) က မကျေမနပ်ဖြစ်ပြီး သွားပုတ်လေလွင့်ပြောနေတော့တာပဲ။ မြစိမ်းကသို့ပြောလေမှ အစိမ်း သက်ပြင်းချလိုက်နိုင်တော့၏။

'ဟင်း'

"ရှင်ဘာဖြစ်လို့ သက်ပြင်းချတာလဲ"

"အော် ဘာမှ မဟုတ်ပါဘူး"

"မပြောချင်လည်းရပါတယ်၊ ကျွန်မ သိပါတယ်၊ ဟင်း . . ဟင်း"

ကျွန်တော် မြစိမ်းကို ပြောစရာရှိတယ်။

"ပြောလေ"

သို့သော မြစိမ်းကပြောပေမင့် လှမ်းနေသောခြေလှမ်းကိုရပ်တန့်ခြင်းမရှိသည်ပြင် ပို၍သွက်သွက်လျှောက်လိုက်လေသည်။

"ပြောလေဆိုဗြား ဘာလို့ သွက်သွက်လျှောက်နေတာတုန်းဗျာ"

"အို ဘာရယ်မဟုတ်ပါဘူး။ ရှင်ပြောမှာသာပြောပါ။ လျှာဖျားလေးကပြောတဲ့စကားပဲဖြစ်ဖြစ်၊ ရင်ထဲကညှစ်ထုတ်လာတဲ့စကားပဲဖြစ်ဖြစ်၊ ကျွန်မအလေးအနက်ထား နားထောင်ပါမယ်ရှင်၊ ရှင်လည်းခပ်သုတ်သုတ် ကျွန်မ့နောက်က လိုက်ရင်းပြောကြည့်ပါ။ စခန်းကို မမှောင်ခင်ရောက်သွားနိုင်အောင်လို့ပါ။ နို့မဟုတ် –





သို့သော မြစိမ်းကပြောပြီး စကားကို ရပ်လိုက်ကာ အသွားနှုန်းကို ရပ်လိုက်သည်။

"နို့မဟုတ် ဘာဖြစ်တုန်းဗျ"

အစိမ်းကလည်း သူမကို အမီလိုက်လျှောက်ရင်း မေးလာ၏။

"အော် ဘာမှမဟုတ်ပါဘူးရှင်"

"ဟွန်း"

အစိမ်းသည် သူမကို နားမလည်နိုင်အောင်ပါပဲလား။ အင်းလေပြောချင်တဲ့စကားပဲ ပြောလိုက်တာ အကောင်းဆုံးဖြစ်မှာပါလို့တွက်ပြီး သူမြစိမ်းကိုချစ်နေမိကြောင်းသူသည် တစ်ယောက်တည်းသမားမို့ (ဖခင်ဖြစ်သူစောထွန်းရွှေရှာတွင်ရှိသေးသည်ကိုတော့ဖြင့် မပြောရန်ဆုံးဖြတ်ထားပြီးဖြစ်၏) သူမတို့တဲစုလေးတွင် လိုက်ပါနေနိုင်ပါကြောင်း ပြောမည်ဟု ဆုံးဖြတ်လိုက်ကာ–

"နို့ဖြင့်လည်း သွားရင်းလာရင်း နားထောင်ပေးစမ်းပါဗျာ" အစချီလျက် စကားစကို ခေတ္တမျှဖြတ်ထားလိုက်ပြီး သူမနားသို့ ကပ်နိုင်သမျှ လိုက်ပါလျှောက်လိုက်လေသည်။

"ကျွန်တော် ခင်ဗျားကို ချစ်တယ်ဗျာ၊ ကျွန်တော့်အချစ်ကိုလက်ခံပါဗျာ" လို့ ပြောလိုက်လေတော့သည်။

"ဟား . . . ဟား . . . ဟား"

"ဟား . . . ဟား . . . ဟား"

'ဟာ'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ။

ဘယ်ကနေ ဘယ်လိုရောက်လာပါလိမ့်။

အစ်ကို (၂) (၃) အမွှာညီအစ်ကို နှစ်ယောက်ပါက လား။ သူတို့၏လှေျာက်လမ်းရှေ့တွင် ပိတ်ရပ်နေကြ၏။

သူတို့လက်တွင်း၌လည်း ဓားကိုယ်စီဖြင့်ဖြစ်၏။

တစ်ယောက်က ငှက်ကြီးတောင်ဓားကိုင်ထား၏။

တယောက်က "ကင်ဒို" ဓားကို ကိုင်ထား၏။

"အစိမ်းနဲ့မြစိမ်း တယ်လိုက်ဖက်ပါကလား"

သို့အသံနှင့်အတူ အမွှာညီအစ်ကိုနောက်မှ ညီ(၅) မိန်းလှီသေးကွေး ရှေ့ထွက်လာချေ၏။

သူတို့ညီအစ်ကိုသုံးယောက်ကြည့်ရသည်မှာ သူနှင့် မြစိမ်းကို အလွတ်ပေးမည်ပုံမပေါ်။ သို့ကြောင့် အစိမ်းသည် ဟန်ကိုယ်ဖို့ဆိုသကဲ့သို့ မြစိမ်းရှေ့သို့ တိုးသွားရပ်လိုက်ကာ သူတို့ ညီအစ်ကိုသုံးယောက်ကို ရင်ဆိုင်လိုက်လေတော့၏။

"ကဲ ဘာဖြစ်ချင်လဲပြော"

"ဟင်း ဟင်း ဟင်း အချစ်က မွေးဖွားပေးတဲ့သတ္တိ တွေပါကလား"

သို့ဆိုသလို ညီ(၅)မိန်းလှီသေးကွေးက ပြောလေ၏။

"အဲလိုလည်း မဟုတ်ပါဘူးကွာ၊ သတ်မယ်ဖြတ်မယ် အဆင့်သင့်ပဲဆိုတဲ့အခိုပ္ပာယ်မျိုးမဟုတ်ပါဘူး၊ မင်းတို့ခုလာ ကြတာ ငါနဲ့စာရင်းရှင်းမလို့ မဟုတ်ဘူးလား၊ ငါမင်းတို့ အစ်ကိုကြီး (၁) ကို ခြေလွှန်လက်လွန် လုပ်လိုက်မိတယ်လေ။ သည်အတွက် ငါမယ်အပြစ်ရှိတယ်။ မင်းတို့ပေးတဲ့အပြစ်၊





ဖြစ်စေချင်တဲ့အပြစ်ကို ငါခံပါ့မယ်။ မြစိမ်းနဲ့တော့မဆိုင်ဘူး ထင်တယ်။ မြစိမ်းကိုတော့ အလွတ်ပေးလိုက်ပါ"

သို့ဆိုသလို အစိမ်းက ပြောလိုက်၏။ မြစိမ်းကိုလည်း ကြည့်လိုက်၏။

"ရှင် ကျွန်မဆီကအဖြေမကြားချင်တော့ဘူးလား"

"ဘယ်လိုအဖြေမျိုးပဲဖြစ်ဖြစ် မကြားချင်တော့တဲ့ အခြေအနေရောက်နေပြီပဲဗျာ၊ ကျွန်တော်ကကျွန်တော်ဖြစ် ချင်တာတစ်ခုပဲ လိုအပ်ပါတယ်"

"ရှင်းအောင်ပြောကြကွာ"

ငှက်ကြီးတောင်ဓားကိုင် အစ်ကို (၂) က စိတ်မရှည် သောလေသံဖြင့်ပြောလေ၏။

"ဒါ မင်းနဲ့မဆိုင်ပါဘူး၊ မင်းတို့သိစရာလည်းမလိုပါ ဘူး"

"အလိုလေဗျား၊ ဆိုပြီးကောဗျာ မင်းပဲမြစိမ်းကို အလွတ်ပေးပါ၊ ငါကိုစွငါနဲ့ပဲပြီးပါစေဆိုကွ"

"အစ်ကို(၂)ရာ သည်လူဖြစ်ချင်တာဖြစ်ဖို့ဆိုတာ ညီ(၅)မိန်းလှီသေးကွေးသိပါတယ်ဗျာ။ လုပ်မနေနဲ့ သမလိုက် ဗျာ။ အလကားလူ တစ်လုပ်စားဖူးသူ့ကျေးဇူးဆိုတာ သိတာမှမဟုတ်တာချည်း။ သည်မယ် ဟော့လူ အစ်ကိုကြီး (၁) ကျွေးတဲ့ပြောင်းဖူး။ အစ်ကို (၂) ကျွေးတဲ့ ငှက်ပျောသီး၊ အစ်ကို (၂) (၃)ကျွေးတဲ့ ရုံးပတီသီးနဲ့ အကို (၄)ကျွေးတဲ့ ဆိတ်သားခြောက်စားခဲ့ရတာတွေကိုကော မှတ်မိရဲ့လားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမက ခင်ဗျားကို ဘာကြွေးဖူးလို့လဲ အခုမှစားချင်လို့ တောင်းတာပဲရှိတာ မဟုတ်လား ဟား ဟား ဟား"

'တောက်'

မြစိမ်းသည် ညီ(၅)ပိန်လိုသေးကွေးစကားကြောင့် ဒေါသထွက်ရတော့သဖြင့် 'တောက်' တစ်ချက် ပြင်းပြင်း ခေါက်လိုက်တော့သည်။

"အောင်မယ် နင်ကများငါတို့ညီ(၅)ပိန်လိုသေးကွေး ကိုများ တောက်ခေါက်မာန်မဲရတယ်လို့။

အစ်ကို(၃)သည် သို့နယ်ပြောပြီး မြစိမ်းကိုတစ်စုံ တစ်ရာလုပ်ရန် ရှေ့သို့တိုးထွက်လာသည်ကြောင့် အစိမ်းသည် ကပျာကသီ ကာဆီးရပ်လိုက်တော့၏။

"မဟာသူရဲကောင်းကြီးပါကလား"

သို့နှယ်ပြောလျက် အစ်ကို (၃) သည် သူ့လက်တွင်းရှိ ကာင် ဓိုဓားကြီးဖြင့် လွှဲခုတ်လိုက်လေ၏။

အစိမ်းသည် သို့ဖြစ်လာမည်ကို ကြိုတင်တွက်ထား လေပြီးဖြစ်သည်ကြောင့် အစ်ကို(၃)၏ ဓားခုတ်ချက်ကို ရှောင် တိမ်းလိုက်လေပြီး။ ခြေတောက်ဖြင့် ကြောက်ကန်ကန်လိုက် သဖြင့် အစ်ကို(၃)သည် နောက်သို့ယိုင်လဲသွားလေ၏။

သို့ကြောင့် သူ့နောက်တွင်ရှိ အစ်ကို(၂)နှင့် ညီ(၅) ပိန်လိုသေးကွေးသည် အစ်ကို(၂)၏ ခန္ဓာကိုယ်ကြီးဖြင့်တွန်း တိုက်ခံလိုက်ရသဖြင့် သူတို့ဘာသာသူတို့လဲကျသွားတော့၏။

ထိုသည်ကို အခွင့်ကောင်းယူပြီး အစိမ်းသည် မြစိမ်း ၏လက်ကိုဆွဲ၍ ထိုနေရာလေးမှ အပြေးထွက်ခဲ့လေတော့





သည်။

သို့သာ သူ့လုပ်ရပေတော့မည်မဟုတ်ပါကလား။ 'မြစိမ်း' ကို သူတို့အလွတ်ပေးမည့်ပုံမမြင်ပါချေ။

နှစ်ယောက်စလုံးကို သူတို့အလွတ်ပေးမည် မဟုတ် သည့်အတူတူ ခုလိုထွက်ပြေးလာခြင်းသည် သူတို့နှစ်ဦး၏ ကံကြမ္မာတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည် မဟုတ် ပါကလား။

အစိမ်းသည် မြစိမ်းကို လက်ဆွဲလျက်ခြေဦးတည့်ရာ ပြေးလာခြင်းဖြစ်၏။သို့ပေမင့် မြစိမ်းက လမ်းညွှန်ပေးခြင်း ကြောင့် သဖန်းတောသို့ရောက်ခဲ့တော့သည်။ အချိန်သည် လည်း ညနေစောင်းလေပြီဖြစ်၏။

"မောလျှင်ဖြင့် ခဏနားချေပေါ့"

"သည်သဖန်းတောလွန်လျှင်ဖြင့် မြစိမ်းတို့တဲစုရွာက လေးကို လှမ်းမြင်ရပြီလေ"

"မြင်ရတာပဲရှိတာလေ၊ ရောက်သေးတာမှမဟုတ်တာ ချည်း၊ ရှေ့နားလေးက ကုန်းမြေပြောင်ပြောင်လေးမယ် နား တာပေါ့"

သို့ဖြင့် အစိမ်းနှင့်မြစိမ်းသည် ခြေပစ်လက်ပစ်ထိုင်ချ နားလိုက်လေ၏။ သို့ဆိုငြား အစိမ်းသည် လာရာလမ်းဘက် လှမ်းကဲကြည့်နေရလေ၏။ သူတို့လိုက်လာလေပြီလား။

"ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား"

လှိုက်လှိုက်လှဲလှဲရယ်မောလိုက်သံကြောင့် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ထိတ်လန့်သွားသည့်ကြားမှ နောက်သို့လှည့်ကြည့်လိုက်၏။

အလိုလေးဗျာ၊ ဘယ်အချိန်က သည်နေရာရောက်နေကြပါလိမ့်။ သူတို့နားနေသည့်နေရာ နောက်ကျောဘက်ရှိ ချုံပုတ်နွယ်ပင်ကြား နောက်ကွယ်မှ အမွှာညီနောင်နှင့် ညီ(၅)ဗိန်လိုသေးကွေး ထွက်လာကြတော့၏။

သို့ကြောင့် အစိမ်းသည် ကပျာကသီထိုင်ရာမှ ထလိုက်ကာ သူတို့ကိုရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"မြစိမ်း မင်းပြေးတော့"

"ရှင်လည်း သတိထားနေပါ၊ ကျွန်မ တိုးလုံကိုခေါ်ပြီး ပြန်လာခဲ့မယ်"

မြစိမ်းက ဆိုလျက် ထိုနေရာလေးမှ ပြေးထွက်သွားလေတော့၏။

အမွှာညီနောင်က အလွတ်မပေးလို၍ မြစိမ်းနောက် ပြေးလိုက်ကြမည်လုပ်လေသဖြင့် အစိမ်းသည်သို့အဖြစ်မခံလိုသည့်ကြောင့် သူကပင်စတင်၍အမွှာညီနောင်ကို အတင်းဝင်ပူးတိုက်ခိုက်လေတော့၏။

သို့ အစိမ်း ရဲရဲတင်းတင်းလုပ်လာလိမ့်မည်ဟု အမွှာညီနောင်က တွက်မထားသည့်ကြောင့် ပွဲဦးထွက်ခံလိုက်ကြရတော့၏။

"အွန့်"

"အား"





အမွှာညီနောင် နောက်ပြန်လဲကျမတတ်ဖြစ်သွား၏။

ညီ(၅)ဗိန်လိုသေးကွေးသည်လည်း ခေသူမဟုတ် သူကအစိမ်းကိုအလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လေ တော့၏။

"အွန့်"

သို့ပေမင့် ညီ(၅)ဗိန်လိုသေးကွေး၏ ရိုက်ချက်သည် ပျော့ညံ့လေသည်ဖြစ်၍ တော်ပေတော့၏။

သို့သော် အမွှာညီနောင်တွင် ဓားကိုယ်စီရှိကြ၏။ သို့ကြောင့် အစိမ်းသည် ကဗျာကသီ ဝါးတုတ်တစ်ချောင်းကို ပြေးဆွဲလေတော့၏။

လက်မတင်ကလေး အချိန်မီလိုက်ခြင်းဖြစ်၏။

အမွှာညီအစ်ကိုက သူကိုဓားကိုယ်စီဖြင့် စီးမိုးခုတ်လေတော့၏။

"ဒုတ်"

"ဖြောက်. . . ဒုတ်"

အစိမ်းသည် သူလက်တွင်းရှိ ဝါးတုတ်ဖြင့် စီးမိုးကာလိုက်၏။ ဓားနှင့်တုတ်တွေ့တော့ ဒုတ်ကျိုးပြီးပေါ့ ကျိုးလေသည်မှ ထက်ပိုင်းပြတ်ကျိုးခြင်းဖြစ်၏။

သူသည် မြစိမ်း ဘယ်ရောက်လေပြီ လျှပ်တပြက်နောက်သို့လှည့်ကြည့်လိုက်၏။

ဟူး တော်ပါသေးရဲ့၊ မြစိမ်း အဝေးသို့ရောက်သွားလေပြီ။

မြစိမ်းအတွက် အနည်းငယ်စိတ်အေးသည်ဆိုပေမင့်



www.burmeseclassic.com

www.burmeseclassic.com



သူမနောက်သို့ ညီ(၅)ပိန်လှီသေးကွေး ပြေးလိုက်သွားသည့်ကြောင့် စိတ်ပူမိသည်တော့အမှန်ပင်။ သည်တော့ အစိမ်းဘာလုပ်ရမည်လဲ။ ဓားကိုင်လူနှစ်ယောက်ကို လက်နက်မဲ့ သူက ဘယ်လိုယှဉ်လို့ရလိမ့်မည်နည်း။ သူအနစ်နာခံ၊ အညှဉ်း ခံလို့၊ အသေခံလို့ မြစိမ်းလွတ်သွားလျှင်တော့အကြောင်း မဟုတ်။ ယခုတော့ မြစိမ်း၏ကံကြမ္မာကပြောလို့မရသေး။ သို့ကြောင့် သူ သည် ဓားကိုင်နှစ်ယောက်ကိုလည်း လက်တလောရင်ဆိုင်ဖို့ထက် သူတို့လက်မှလွတ်မြောက်အောင်ပြေးထွက်ဖို့အခွင့်အရေးကိုကြည့်လိုက်၏။ ဟုတ်ပြီ။

အမွှာညီနောင် သူထံသို့ တစ္စတ်ထိုးဝင်ရောက်တိုက်ခိုက်လာခြင်းမရှိသေး။ သူ၏ဟာကွက်ကိုစောင့်နေကြရုံသာရှိသည်။ ဘယ့်တွက်မှ သူ့လက်ထဲ၌ တုတ်ပိုင်းနှစ်ခုရနေသေးသည်ကိုး သူကလည်း လက်နှစ်ဖက်ဝှေ့ယမ်းနေခြင်းဖြစ်၏။

ဟုတ်ပြီ။

အစိမ်းသည် ရုတ်ခြင်းဆိုသလို သူ၏ပြေးပေါက်ရရန်အလို့ငှာ လက်တွင်းရှိတုတ်ပိုင်းနှစ်ခုဖြင့် အမွှာညီနောင်ကိုလှမ်းပစ်လိုက်တော့၏။

အမွှာညီနောင်သည်သူတို့ထံ တန်းတန်းမတ်မတ်ရောက်လာသော တုတ်ပိုင်းတို့ကို ရှောင်ပြေးလိုက်ကြ၏။

သို့အချိန်ကလေးတွင် အစိမ်းသည် နောက်လှည့်ပြေးသွားလေတော့၏။

အစိမ်းပြေးသွားသောနေရာသည် မြစိမ်းပြေးသွားရာ





နောက်ဖြစ်လေတော့၏။

"မြစိမ်း ကိုယ်လိုက်လာပြီ" လို့လည်း အော်ဟစ်လိုက်တော့၏။

သူ၏ အသံကြောင့် မြစိမ်းနောက်ပြေးလိုက်နေသော ညီ(၅)ပိန်လှီသေးကွေးသည် ခြေလှမ်းတန့်သွားလေ၏။

အစိမ်းနောက်မှလည်း အမွှာညီနောင် ထပ်ကြပ်မကွာပြေးလိုက်လာကြ၏။

သို့ လေးဦးသား တစ်ဦးနောက်တစ်ဦး အမိပြေးလိုက်နေကြသည့်ကြားမှ ရှေ့မှ ပြေးနေသောမြစိမ်းသည် မှောက်လျက်လဲသွားလေ၏။

"ဟာ"

အစိမ်းတစ်ယောက် စိုးရိမ်စိတ်များသွားလေတော့၏။ ညီ(၅)ပိန်လှီသေးကွေးသည် မြစိမ်းလဲသွားသည်နှင့် သူမထံအပြေးကလေးသွားလိုက်လေပြီ။ သူ့ခြေအစုံဖြင့် မြစိမ်းကိုအားယူလွှဲကန်လေတော့၏။

မြစိမ်းတစ်ယောက် မြေပြင်တွင် လူးလိမ့်နေ၏။ အစိမ်းတစ်ယောက် အတော်လှမ်းလှမ်းတွင်ရှိနေပေ၏။ သို့သော် အစိမ်းသည် ညီ(၅)ပိန်လှီသေးကွေးကိုသာ အာရုံစိုက်ပြေးသွားလေခြင်းဖြစ်၏။ သူ့နောက်လိုက်လာကြသော ညီနောင်အမွှာကို ဂရုမစိုက်တော့ချေ။

"ဟိတ်ကောင်၊ မလုပ်နဲ့ မလုပ်နဲ့"

သို့နယ်လည်း အဝေးက အော်ဟစ်ကာနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ညီ(၅)ပိန်လိုသေးကွေးသည် မြစိမ်းကိုသာ အသေအလဲကာန်နေခြင်းဖြစ်၏။ သို့ရှိစဉ်

"ဂါး . . . ဂရား . . .ဂါး . . . ဂရား"

"ဟာ"

"ဟင်"

ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ဝံနက်တစ်ကောင်သည် မြစိမ်းကိုကန်ကျောက်နေသော ညီ(၅)ပိန်လိုသေးကွေးကို တိုးတိုက်သတ်ပုတ်လေတော့၏။

ဟင် အားခြင်းမမျှပါကလား။

လူဖလံ လူစဉ်မမီညီ(၅)ပိန်လိုသေးကွေးတစ်ယောက်ဝဋ်လည်လေချေပြီပဲ။ မြစိမ်းခံရသည်ထက်ပင် စိုးဝါးလေတော့၏။

ဝံကောင်၏ ဒေါသမာန်ပါ တိုက်ခိုက်ခြင်းကို ခုခံဖို့မပြောနှင့် အလွတ်ရုန်းပြေးထွက်ဖို့ပင် အခြေအနေမရရှာချေ။

မြစိမ်းအပေါ် ကယ်သူပေါ်လာလေပြီဖြစ်၏။ သို့ကြောင့် မြစိမ်းသည်သူ့နောက်မှလူနှစ်ယောက်ကို သတိထားလှည့်ကြည့်မိတော့၏။

"ဟာ"

အမွှာညီနောင် သူ့ကိုရန်မူရန်လိုက်လာကြသည်ဆိုငြား ညီ(၅)ပိန်လိုသေးကွေး၏အဖြစ်ကိုမြင်လိုက်သည် ကြောင့် သူ့ကိုမင်ဂရုမစိုက်လေတော့ဘဲ။ သူ့ကိုကျော်သွားကာ ညီ(၅)ပိန်လိုသေးကွေးကို ကယ်ရန်ကြိုးစားလေတော့၏။





တိုက်ပွဲကား တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့၏။

မြစိမ်းသည် မြေပေါ်မှလူးလဲထကာ တဲစုလေးရှိရာဘက်ပြေးသွားလေတော့၏။

အစိမ်းတစ်ယောက် မြစိမ်းအတွက် စိတ်အေးသွားရသော်လည်း ဝံကောင်၏တိုက်ခိုက်ခြင်းကို လူးလိမ့်ခံနေရရှာသော ညီ(၅)ပိန်လိုသေးကွေးကိုမြင်လိုက်ရ၍ လွန်မင်းစွာစိတ်မကောင်း ဖြစ်သွားရတော့၏။

အမွှာညီနောင်သည် သူတို့လက်တွင်းဓားကိုယ်စီကိုင်ထားသော်လည်း ဝံနက်ကောင်ကို လဲအောင်တိုက်ခိုက်ဝံ့ခြင်းမရှိချေ။ အဝေးနှယ်နေ၍ ဟန်တပြုပြုဖြင့် ခြောက်လှန့်နေခြင်းသာရှိချေ၏။ မဖြစ်ချေပြီ။ အစိမ်းသည် ထိုနေရာသို့ပြေးသွားလိုက်၏။

"ပေးစမ်းပါဗျာ"

ဆိုလျက် အမွှာညီနောင်၏အစ်ကို (၂) ဖြစ်သူထံ ဓားကြီးတောင်ဓားကိုစောင့်ယူဆွဲလိုက်ပြီး မိုက်မိုက်ကန်းကန်း ပင်ဝံကောင်ကို အတင်းဝင်ရောက်ထိုးခုတ်လေတော့၏။

"ဂါး ဂရား ဂါး ဂူး ဂူး"

"ဂါး ဂရား"

အမွေးထူထူကြမ်းကြမ်းရှိသည့် ဝံကောင်သည် အစိမ်း၏ ဒါးခုတ်ဓားကို မမှုပါချေ။ သို့ပေမင့်လို့ အမွေးအမြင်တို့ ပြတ်ထွက်ကုန်၏။ အရေပြားကိုအနည်းငယ်မျှ ပြတ်ရှစေ၏။ သို့ကြောင့် နာကြင်မှုဖြစ်သွားသည်ကြောင့် ညီ(၅)

www.burmeseclassic.com



ပိန်လှီသေးကွေးကိုသတ်ပုတ်ဆွဲကုတ်ခြစ်နေရာမှ အစိမ်းဘက်သို့လှမ်းရန်မူလာလေ၏။

"ကဲကွာ. . .ကဲကွာ"

အစိမ်းသည် အလျင်မပြတ် ဓားကိုဝင့်လွဲခုတ်ချက်တို့မှ ထင်မှတ်မထားသော ဝံကောင်၏မျက်နှာကို ထစ်ချက်မျှ ခုတ်မိသွားလေ၏။

"ဂါး ဂရား ဂါး"

ဝံကောင် မျက်နှာတွင် သွေးတို့ဖြာထွက်လာတော့၏။ ထိချက်ပြင်းလေသည်ကြောင့် ဝံကောင်သည် တိုက်ပွဲမှ ပြေးထွက်သွားတော့၏။ ဝံကောင်ပြေးထွက်သွားသည်မှာ မြစိမ်းတို့နေသော တဲစုဘက်သို့ပြေးလေ၏။

သူသေကိုယ်သေတိုက်ပွဲ ပြီးဆုံးသွားလေသည်နှင့် ညီ(၅)ပိန်လှီသေးကွေးတစ်ယောက် သေလုမျောပါးကျန်ရစ်ခဲ့လေသည်။

အမွှာညီနောင်အစ်ကို (၂) နှင့် (၃) သည် ညီ(၅)ပိန်လှီသေးကွေးအတွက် ဝမ်းနည်းကြေကွဲကြရတော့၏။ ငိုယိုနေကြတော့၏။ အစိမ်းသည် ညီ(၅)ပိန်လှီသေးကွေးကို ဂရုဏာသက်စိတ်ဖြင့် ကြည့်လိုက်၏။

ညီ(၅)ပိန်လှီသေးကွေးသည် သွေးအလိမ့်လိမ့်ကြားမှ မျက်ရည် တို့စီးကျနေသည့်ကြားမှ ဆို့နင့်သောအသံဖြင့်

"ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ" လို့ ပြောလာ၏။ အစိမ်းသည် ခေါင်းညိတ်ပြလိုက်၏။





"အစ်ကို (၂) နဲ့ (၃) သူ့ကို အလွတ်ပေးလိုက်ပါဗျာ"

လို့လည်း အစ်ကိုနှစ်ယောက်ကို ပြောလိုက်လေ၏။ ပြီးတော့မှ ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

"ဟာ"

ညီ(၅)ပိန်လှီသေးကွေးသေပြီ။

အစိမ်း လုံးဝစိတ်မကောင်းဖြစ်သွားတော့၏။ ဘယ်လိုပင်ဆိုစေ ညီ(၅)ပိန်လှီသေးကွေးသည် သူ့အပေါ်ကောင်းခဲ့သည် မဟုတ်ပါကလား။

"သူ ခုလိုဖြစ်သွားရတာ ကျွန်တော့်ပရောဂ မကင်းပါဘူးဗျာ။ ပေးချင်တဲ့အပြစ်ကိုပေးကြပါဗျာ"

သို့ဆိုလျက် အစိမ်းသည် အမွှာညီနောင်ထံသို့ သူ့လက်တွင်းမှ ငှက်ကြီးတောင်ဓားကို ပြန်ပေးလိုက်လေတော့၏။

"ငါ့ညီ ပြောခဲ့ပြီပဲ။ မင်းကို အလွတ်ပေးလိုက်ပါတဲ့၊ သို့ကြောင့် မင်းသွားလို့ရသွားတော့ကွာ"

သို့ဆိုသလို အစ်ကို (၂) ကပြောလာသည်။

အစ်ကို (၃) ကလည်း-

"အေး တစ်ခုတော့ရှိတယ် မင်းကို မြစိမ်းက ခွင့်လွှတ်မှာမဟုတ်ဘူး"

လို့ ပြောလာသဖြင့် အစိမ်းအံ့သြသွားတော့၏။

"ဘာလို့တုန်းဗျ" လို့ ပြောကာ မေးလိုက်၏။

မဖြစ်နိုင်တာချည်းလေ။ မြစိမ်း သူ့အပေါ်နားလည်နေပြီပဲ။ သူအနစ်နာခံ၍ မြစိမ်းကိုစောင့်ရှောက်ခဲ့လေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြောင့် မြစိမ်းကခွင့်မလွတ်နိုင်ရမှာလဲ။ နားမလည်နိုင်အောင်ပါကလား။ သို့ပေမင့် အစ်ကို (၃) ၏နောက်ဆက်တွဲစကားကိုကြားလိုက်ရ၍ ထိတ်လန့်တုန်လှုပ်သွား၏။

"မင်းကငါတို့နဲ့ပူးပေါင်းပြီး သူ့အချစ်တော်တိုးလုံကို ရက်ရက်စက်စက်ဒါးနဲ့ခုတ်လိုက်တာကိုး"

"ဟင်"

အစိမ်း ငေးငိုင်သွားရလေ၏။ မည်မျှငေးငိုင်သွားလေသည်မသိချေ။ သူသတိရ၍ အမှောင်ညီတောင်ကို ကြည့်လိုက်သည်တွင် သူတို့အဝေးရောက်သွားကြလေပြီဖြစ်သည်။

အစ်ကို (၂) က ညိုငယ်ထွေး၏အလောင်းကို ပွေ့ပိုက်သွားလေ၏။ အစ်ကို (၃) က နောက်မှ လိုက်သွား၏။

အစိမ်း ဘာလုပ်ရမည်လဲ။ မှောင်စပျိုးလေပြီ။

မြစိမ်းတို့တဲစုလိုက်သွားလျှင်ကောင်းမလား။ အစ်ကို (၃) ပြောပုံဆိုလျှင် ဖြစ်နိုင်ပါ့မလား။

သို့ဆိုတော့ အစိမ်းသည် အပုပ်ချိန်ဖြစ်သော ခုလိုမှောင်စပျိုးအချိန်တွင် မြစိမ်းတဲစုထံမသွားတာအကောင်းဆုံးဟုတွက်လိုက်ကာ ထိုနေရာလေးမှ လေးလံသောခြေလှမ်းဖြင့် လှမ်းထွက်ခဲ့တော့၏။ အစိမ်းတစ်ယောက် သည်တည ဖြစ်သလိုအိပ်ရပေမည်။ မနက်လင်းလင်းထင်းထင်းမှ မြစိမ်းတို့တဲသွားလျှင်အကောင်းဆုံးဖြစ်မည်ဟု တွက်လိုက်တော့၏။

ကံအားလျော်စွာ အစိမ်းအတွက် ခွဆုံကောင်းကောင်း သစ်ပင်ကို တွေ့လိုက်ရသည်။





ထိုသစ်ပင်ခွဆုံတွင် အိပ်လိုက်တော့၏။ အစာစားချင်စိတ်လည်း သူ့တွင်မရှိတော့ချေ။

ထိုအပင်ပေါ်မှ သူသည် တဲစုများရှိရာ လှမ်းကြည့်လိုက်၏။ မီးရောင်လှဲ့လှဲ့များမြင်ရသည်မှလွဲ၍ ထူးခြားမှုမည်သို့မျှ မရှိပါချေ။

ကိုယ်လက်တို့လည်း ကိုက်ခဲနေသည်ကြောင့်သစ်ပင်ခွဆုံတွင် အိပ်ပျော်ရန် ကြိုးစားလိုက်လေ၏။

ကိုယ်လက်တို့နာကြင်နေခြင်း သက်သောင့်သက်သာမလဲလျောင်းရခြင်းကြောင့် အိပ်မပျော်ချေ။ သို့ပေမင့်လို့ မိုးလင်းလုတွင် အိပ်ပျော်သွားသည်။

"ရှီး"

"ရှစ် ရှီစ်း"

ငှက်ဆိုးတစ်ကောင်၏ ရူးရှရှအသံကြောင့် အိပ်ယာမှနိုးလာရ၏။

"ခွေးမသား ငှက်ဆိုးကောင် စောစောစီးစီး မင်္ဂလာမရှိလိုက်တာ"

သို့နှယ် ညည်းတွားလိုက်ပြီး သစ်ပင်ပေါ်မှ ဆင်းလိုက်၏။

'ဟာ ဟုတ်ပြီ'

ခပ်လှမ်းလှမ်း ချုံနွယ်ပင်တို့နောက်ကွယ်မှ ခပ်သဲ့သဲ့ကြားလိုက်ရသော အသံကြောင့် ဝမ်းသာသွားတော့၏။

သွင်သွင်စီးဆင်းနေသော ရေစီးသံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အစာမဟုတ်ပေမင့် ဆာလောင်မှုကို ရေသောက်၍ ခဏမျှထိန်းထားရန် စဉ်းစားလိုက်ကာ ရေသံကြားရာသို့ လှမ်းထွက်ခဲ့လေတော့သည်။

ချုံပုတ်နွယ်ပင်ကို တိုးထွက်လိုက်သည်နှင့် ချောင်းတော့ဖြင့်မဟုတ် ရေစီးမြောင်လေးတစ်ခုတွေ့လိုက်ချေတော့၏။

အစိမ်းကံကောင်းသည်မှာ ထိုမြောင်လေးတွင် ကျောက်ရေအိုင်လေးတစ်ခုရှိလေ၏။ ထိုရေအိုင်လေးထဲတွင် ငါးရံ့ခေါင်းတိုများရှိကြလေ၏။ ကျောက်ရေအိုင်လေးဖြစ်ခြင်းကြောင့် ရေကြည်သည်အေးသည်။ ဖက်ပုပ်တို့လည်းမရှိ ရေစီးလည်းဖြစ်နေသည်ကြောင့် အစိမ်းသည် အားပါးတရ ရေကိုငုံ့သောက်လိုက်၏။ သို့ဖြစ်၍ ရေလှုပ်ခတ်သွားသော်လည်း ရေအိုင်လေးအောက်ခြေတွင်းရှိ ငါးရံ့ခေါင်းတို တို့သည် အခြေအနေအနည်းငယ်မျှ ပျက်သွားခြင်းမှလွဲ၍ ပြေးထွက်ကူးခတ်သွားခြင်း၊ ကျောက်တုံးကျောက်ခဲတို့အောက်တိုးဝင်သွားခြင်းမရှိပေ။ အစိမ်းသည် ရေတဝသောက်လိုက်ပြီးနောက် ရေအိုင်တွင်းသို့ လက်ထိုးသွင်းနိုက်ကာ ငါးရံ့ခေါင်းတိုတို့ကို ဖမ်းလေတော့၏။

ထိုနှစ်ကောင်နှင့် အစိမ်းသည် နံနက်စာကို ပြီးစေလိုက်တော့၏။ သို့တောင်မှ သူ့တွင်မီးခြစ်လာပါခြင်းကြောင့် မီးကင်စားလိုက်ခြင်းဖြစ်၏။

သူ့တွင် ဆာလောင်မွတ်သိပ်ခြင်းမရှိသေးချေ။ သို့ကြောင့် မြစိမ်းရှိရာ တဲစုသို့ ထွက်ခဲ့တော့၏။





မြစိမ်းတစ်ယောက် သူ့ကို ပူပင်မှုဖြင့် စောင့်နေလေမည်လား။

အင်းလေ သူထွက်နှင့် အမှာညီနောင်ကို ရင်ဆိုင်ခဲ့ရသည်မဟုတ်ပါကလား။ သူနှင့်လည်း မြစိမ်းရင်းနှီးပြီးဖြစ်သည်ပဲ။

အစိမ်းသည် မြစိမ်းကို တွေ့ရန်း တောတိုးလျှောက်ခဲ့ရာမှ တဲစုနားရောက်လာသည်တွင်

"ဟာင်"

သူ့ရှေ့ခပ်လှမ်းလှမ်းရှိ လမ်းကြောတစ်ခုထိပ်တွင် ဝံနက်ကောင်တစ်ကောင် ရှိနေပါကလား။ မှန်း။

"ဟာင်"

တိုးလိုဆိုသော ဝံနက်ကောင်ဖြစ်လေ၏။ မျက်နှာတွင်လည်း ဓားခုတ်ခံရသည့် ကန့်လန့်ဖြတ်အနာရှတ်ကြီးနှင့်ဖြစ်ချေလေတော့၏။

သူလာမည့်သိ၍ စောင့်နေလေသည်များလား။

သို့လည်းမဖြစ်နိုင်။ သို့သော်လည်း အသိဉာဏ်ရှိလိမ့်မည်မဟုတ်။ သို့ပေမင့်လို့ တဲစုရှိရာသွားနိုင်သည့် တစ်ခုတည်းသောလမ်းထိပ်တွင် ရှိနေခြင်းဖြစ်၏။

ထိုနေရာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဆူးနွယ်ပင်တို့သာရှိချေ၏။ အများအားဖြင့် ကင်မွန်းရိုင်းပင်များဖြစ်ချေ၏။

အစိမ်း မည်သို့ဆက်လုပ်ရမည်ကို ရပ်တန့်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်၏။ သူ့တွင် စားကလည်း မရှိချေတော့ပြီ အမွှာညီနောင်သို့ ပြန်ပေးလိုက်ပြီပဲ။ ထိုနေရာလေးမှ ထိုဝံကောင် တိုးထွက်သွားမည့်အချိန်ကို စောင့်ရလေမည်လား။ သို့လည်း မဖြစ်နိုင်။ ဝံကောင်သည် ထိုနေရာလေးမှ တစ်စုံတစ်ဦးကို စောင့်နေဟန်ဖြစ်၏။ ထိုနေရာလေးမှ အတော်နှင့်ထွက်သွားမည့်ပုံမမြင်မိပါချေ။

သို့ကြောင့်–

ချုံပုတ်ပင်တစ်ခုနောက်ဘက်သို့ဝင်ကာ ပုန်းခိုလိုက်လေပြီး၊ ကျောက်ခဲတလုံးကိုကောက်၍ ဝံနက်ကောင်ရှိရာသို့ လှမ်းပစ်ပေါက်လိုက်လေတော့၏။

ဝံနက်ကောင်သည် သူ့နားရောက်လာသော ခဲလုံးကြောင်း ဟိုဒီလှည့်ပတ်စေ့စိုက်ကြည့်နေလေတော့သည်။

သူရှိရာ ချုံပုပ်သို့လည်း စူးစူးရဲရဲကြည့်လေပြန်၏။ သူ့ကိုတွေ့မြင်သည့်ပုံတော့ဖြင့် မမြင်ပါချေ။

သို့ကြောင့် အစိမ်းသည် ဝံကောင်မျက်နှာလွှဲသွားသည်နှင့် အတန်အသင့်ကြီးမားသည့်ခဲလုံးဖြင့် ဦးခေါင်းကို ချိန်ရွယ်ပစ်လိုက်၏။

ဝံကောင် ကြောက်လန့်ထွက်ပြေးသွားစေရန် စဉ်းစားမိ၍လုပ်လိုက်ခြင်း ဖြစ်တော့၏။ သို့ပေမင့် ဝံကောင်သည် တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ဘယ်နေရာမှလှမ်းပစ်လိုက်သည် ကို သိလိုက်သောကြောင့်–





"ဂါး. . .ဂရား. . .ဂရူး"

လို့ အသံပြာအော်ဟစ်လိုက်ရင်း သူပုန်းကွယ်ရာ ချုံနွယ်ပင်နေရာသို့ လေးဘက်သွားပြေးလွှားလာချေတော့သည်။

"ဟာ"

အစိမ်း လုပ်လိုက်သည်မှာ ထိုချုံပုတ်နွယ်ပင်အခြေမှ နောက်ဘက်သို့ သုတ်ခြေတင် ပြေးလွှားသွားတော့သည်။

"ဂါး. . .ဂရား. . .ဂရူး"

ဝံကောင်သည် သူ့မြင်သွားလေသည်ကြောင့် ဟူးရှူးထိုး ပြေးလိုက်လာလေတော့၏။

အစိမ်းတစ်ယောက် ညီ(၅)ပိန် လို သေးကွေးလို အဖြစ်မခံလိုချေ။ သုတ်ခြေတင်ပြေးသွားလေခြင်းဖြစ်တော့၏။

သို့ကြောင့်လည်း ဝံနက်ကောင်သည် မီလိုမီငြား နောက်မှလိုက်ခဲ့ခြင်းမှ ခရီးအတန်ငယ်အရောက်တွင် အတော်ပင် အလှမ်းကွာသွားရလေသဖြင့် စိတ်ပြေလျော့ကာ ပြေးလိုက်လာရာလမ်းသို့ ပြန်လှည့်သွားချေသည်။

"ဟူး တော်ပါသေးရဲ့"

အစိမ်း လွတ်မောလေပြီဖြစ်ခြင်းကြောင့် မြေပေါ်တွင် ထိုင်ချလိုက်လေ၏။ စားထားသောငါးရံ့ခေါင်းတို့နှစ်ကောင် ၏ အသားတို့ ဘယ်ရောက်သွားလေပြီမသိချေ။

ဆာလောင်ခြင်းပြန်ဖြစ်လာပြန်၏။

'ဟင် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ကာ မြေပြင်တွင် ပက်လက်လှန်လှဲချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



အမောပြေနေလေ၏။ သို့သည်ကြားမှ ငိုက်မြည်းလာကာ အိပ်ပျော်သွားလေတော့၏။

“အား”

မည်မျှကြာအောင် အိပ်ပျော်သွားလေသည်မသိ။ ခါးစောင်းယောက်တွင် ပုရွက်တစ်ကောင်၏ ကိုက်ခဲမှုကြောင့် နာကျင်မှုဖြစ်သွားရသည်ကြောင့်

ဆက်ခနဲ လူလိုမ့်ထလိုက်၏။

နာကျင်သည့်နေရာများကို လက်ဖဝါးဖြင့် ပွတ်သပ်ချလိုက်၏။ ပုရွက်ပျံတို့ဖြစ်ချေ၏။

အလို လေးဗျာ၊ နေထန်းတဖျားရောက်လို့နေပါကလား။ မဖြစ်ချေပြီ။ မြစိမ်းတို့တဲစုပြန်သွားလေမှ –

သို့ဖြင့် အစိမ်းသည် မြစိမ်းတို့တဲစုရှိရာ ပြန်သွားလိုက်သည်။

ဟင် ဝံနက်ကောင် ရှိနေသေးပါကလား။ သေရှာချေပြီ။ ဝံနက်ကောင်သည် သူ့ကို သဲကြီးမဲကြီးစောင့်နေခြင်းသာ ဖြစ်နိုင်လေ၏။

တဲစုရှိရာ လှမ်းကဲကြည့်လိုက်တော့၏။

မြစိမ်းကို လှမ်းတွေ့ပါလျှင် အရဲကိုးလှမ်းအော် အကူအညီတောင်းရပေမည်။

သို့ငြား မြစိမ်းမပြောလေနှင့် လူသူတစ်ယောက် အရိပ်အယောင်ပင်မမြင်ရပါချေ။ အစိမ်း လုံးဝစိတ်ပျက်သွားချေတော့၏။





သည်သို့ပုံဆိုပါလျှင် နောက်နေ့ နောက်နေ့တွေမှာပင် သည်သို့နှယ်ဆိုပါက မခက်ချေပြီကော။

အစိမ်း စဉ်းစားလိုက်မိ၍ သူ မြစိမ်းရှိရာနေရာသို့ ကောင်းကောင်းလာတတ်ချေပြီပဲ၊ လက်ရှိအခြေအနေအရ တိုးလုံဆိုသည့် ဝံကောင်ကို ကျော်လွှားနိုင်လေမှ မြစိမ်းရှိရာ တဲစုရောက်ပေမည်မဟုတ်ပါကလား။

သူတစ်ယောက်တည်းအားဖြင့် တိုးလုံဆိုသည့် ဝံနက်ကောင်ကို ကျော်လွှားနိုင်လိမ့်မည်မဟုတ်။ သို့ကြောင့်သူ့ရွာ ပြန်သွားရန်စဉ်းစားလိုက်မိ၏။

သူ့ သူငယ်ချင်း စောလော်တီကို အကျိုးအကြောင်း ပြောပြ မဖြစ်မနေကူညီနိုင်းရပေမည်။ စောလော်တီဆိုပါလျှင် ဝံနက်ကောင်ကို ယှဉ်နိုင်ပေမည်ဟုသူယုံကြည်၏။

စောလော်တီသည် မြန်မာ့ရိုးရာ သိုင်းပညာကို တဖက်ကမ်းခတ် တတ်မြောက်လေသူဖြစ်၏။

သို့ စိတ်ကူးဖြင့် အစိမ်းသည် ရွာသို့ အပြေးကလေး ပြန်ခဲ့လေသည်။

“မဖြစ်နိုင်ဘူးထင်ကွ”

စောလော်တီက အစိမ်းကို ပြောလာလေခြင်းဖြစ်၏။

“မဖြစ်နိုင်စရာအကြောင်းမရှိဘူး။ စစ်မရောက်ခင် မြားမကုန်ချင်စမ်းပါနဲ့ကွာ။

“မဖြစ်နိုင်ဘူး”

“ဖြစ်ပါတယ်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးနော်"

"ဖြစ်နိုင်ပါတယ်ကွာ"

သို့ဆိုသလို အပြန်အလှန်ပြောကြရင်းကြားမှ စိတ်မရှည်သော စောလော်တီသည် ဓားလွတ်တစ်ချောင်း (ငှက်ကြီးတောင်ဓား) ကိုယူ၍ "မင်းလမ်းပြကွာ" ပြောကာ အစိမ်းနောက်လိုက်ခဲ့ချေတော့သည်။

သို့ဆိုတော့ ရွာနှင့်အလှမ်းဝေးနေရာသို့ ရောက်သည်တွင် ရွာမှယူလာသော ထမင်းထုပ်ကို ဖြည်စားလိုက်ကြပြီး ထိုနေရာလေးမှာပင် ညအိပ်စခန်းချရန် ဆုံးဖြတ်လိုက်လေသည်။

"သည်ကနေ မနက်စောစောထသွားလျှင် မြစိမ်းတို့တဲအိမ်စုလေးကို နေ့လယ်ခင်းလောက်ရောက်ပြီ"

"နို့ဖြင့် မင်းပြောတဲ့တိုးလုံက ဘယ်မှာတုန်း အဲဒီတဲစုလေးမှာလား။

အစိမ်း ခေါင်းခါပြသည်။

ပြီးလေမှ–

'တိုးလုံက ရွာအဝင်လမ်းထိပ်မယ် ရှိဖို့များတယ်"

သို့ အစိမ်းပြောသလို တကယ်ပင် တိုးလုံတစ်ကောင် ရွာအဝင်လမ်းမြောင်လေးအဝတွင် ရှိချေတော့၏။

"ဝံနက်ကောင်တွေ ရုပ်ဆိုးအကျည်းတန်ကြတယ်ဆိုပေမင့် ဘီလူးမျက်နှာလောက်တော့ဖြင့်မဆိုးသေးပါဘူး။ သည်ကောင်က မျက်နှာပေါ်မှာလည်း ဓားခုတ်ခံရလဲ ဒဏ်ရာကြီးနဲ့ဆိုတော့ ပိုရုပ်ဆိုးပေမပေါ့"





"ကဲပါဗျာ စောလော်တီရာ သည်ကောင်ကြီးကို မင်းရှင်းပေးနိုင်မဟုတ်လား။ မင်းရှင်းလင်းနိုင်မှ ငါ မြစိမ်းဆီကို ရောက်နိုင်မှာလေ"

သို့ပြောလာသည့် အစိမ်းကို စောလော်တီသည် ပြုံးစိစိကြည့်နေလိုက်ပြီး–

"မင်းက ငါ့အားကိုးတော့ လုပ်ပေးရတာပေါ့ကွာ၊ ဆိုလျက် စောလော်တီသည် သူ့လက်တွင်းရှိ ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်လေပြီး ဝံနက်ကောင်ထံ ပြေးသွားလေတော့သည်။

စောလော်တီ၏ လှုပ်ရှားမှုသည် လွန်မင်းစွာ မြန်ဆန်ပါပေသည်ဟု ဆိုရပေငြား။ ဝံနက်ကောင်က စောလော်တီထက်ပိုဖြတ်လတ်ပုံရလေ၏။

'ဟာ'

'အလိုလေးဗျာ'

အစိမ်းကော စောလော်တီပါ ထင်မှတ်မထားသော လုပ်ရပ်ကို ဝံနက်ကောင်က လုပ်လာလေခြင်းဖြစ်တော့၏။

ဝံနက်ကောင်သည် သူတို့ထံ တဟုန်ထိုး ပြေးဝင်လာလေတော့၏။

ဝံကောင်ကို အပိုင်ပြေးခုတ်မည် ဆုံးဖြတ်လိုက်သော စောလော်တီတစ်ယောက် သူ့ကိုယ်သူ ကာကွယ်ရလေမည်လား၊ ဝံနက်ကောင်ကိုပင်ဆီး၍ ဓားဖြင့်ခုတ်ရလေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားတတ်အောင်ဖြစ်သွားလေတော့သည်။

"စောလော်တီ ဘယ်လိုလုပ်မလဲ"

အစိမ်းက မေးလိုက်လေ၏။

"လွတ်အောင်ပြေးရုံကလွဲလို့ ဘာလုပ်ရမှာတုန်း သည်လိုတိုက်ခိုက်လာပုံမျိုးကို ငါရင်ဆိုင်ဝံ့ခြင်းမရှိဘူးကွ"

သို့ဆိုသလို စောလော်တီက စန်ခံပြောရင်း ဝံနက်ကောင်ကြီး သူတို့ထံ ရောက်မလာမီ နောက်လှည့်ပြေးခဲ့တော့သည်။ ဝံနက်ကောင်သည် သူတို့နှစ်ယောက်ကို အလွတ်ပေးချင်ပုံမပေါ်ချေ။ ခြိမ်းခြောက်အော်ဟစ်ရင်း ပြေးလိုက်နေဆဲဖြစ်ချေ၏။ သို့ကြောင့်–

"ငါတို့တွေ လူခွဲပြေးကြမယ်ကွာ"

သို့ စောလော်တီအကြံပြုလေသည့်အတိုင်း ကန့်ကျုနီချောင်းနံဘေးသို့ရောက်သည်နှင့် လမ်းခွဲတခုတွေ့သည်နှင့် လူခွဲကြလေသည်။

အစိမ်းသည် ကန့်ကျုနီချောင်းတွင်းဆင်းပြေးခဲ့တော့၏။

စောလောတီသည် ကန့်ကျုနီ ချောင်းကမ်းတောင်ကြောလေးအတိုင်း တောတိုးပြေးသွားခြင်းဖြစ်လေသည်။

သို့ကြောင့်လည်း–

အစိမ်းပြောသည့်ဇာတ်လမ်းကို နားထောင်ပြီးနောက် လင်းမြင့်လှိုင်သည် ကျွန်တော့်ကိုကြည့်၍ ပြုံးစေ့စေ့လုပ်နေလေ၏။





"အလကားသည်ကောင် ပေါက်ပန်းသေး လျှောက်ပြောနေတာ သည်ကောင်အရူး၊ ဆရာလေးတို့ သူ့စကားကိုယုံလား"

သို့ဆိုသလို ဖထီစောထွန်းရွှေက ပြောလေ၏။

"အပါး မယုံလည်းနေ သည်ဆရာနှစ်ယောက်ယုံတယ် ပေါ့၊ ဟုတ်လား"

အစိမ်း၏အမေးကို ကျွန်တော်နှင့်လင်းမြင့်လှိုင်က ခေါင်းဆက်ညိတ်ပြလိုက်၏။

ပြီးလေမှ–

"နို့ဖြင့် ငါတို့ကို မြစိမ်းနေတဲ့တဲစုခေါ်သွားပေးပါ ကလား။ မင်းမြစိမ်းနဲ့တွေ့ချင်တယ်ဆို မင်းကြောက်တဲ့ တိုးလုံကို ငါတို့မကြောက်ဘူး။"

လင်းမြင့်လှိုင်ကပြောလိုက်သည်တွင်

"သိုင်းတတ်တဲ့ စောလော်တီတောင် သေပြီလေ ဆရာလေး ကိုယ်ကသိုင်းတတ်တယ်ပဲထားဦး တိုးလုံကို ယှဉ်နိုင်မှာမဟုတ်ဘူး" လို့ ပြောလာသဖြင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ကိုထုတ်ပြလိုက်သည်။

"တွေ့တယ်လား ဒါသေနတ်လို့ခေါ်တယ် သားကောင်တွေကိုသေစေနိုင်တယ်။ လူကိုသေစေနိုင်တယ်။ သည်သေနတ်လက်နက်ရှိတဲ့သူကို တိရစ္ဆာန်တွေကကြောက်ကြတယ်။ သိုင်းတတ်တဲ့ သူတွေကလည်း ကြောက်ကြတယ်။ ဟင်း. . .ဟင်း"

သို့ဆိုသလို ကျွန်တော်က ခပ်တည်တည်ဖြင့် ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"သေချာလား"

"သိပ်သေချာတာပေါ့"

"နို့ဖြင့် တိုးလုံကို အရင်ရှာမယ်။ ဆရာလေးတို့က တိုးလုံကို အပြတ်သာဆော်ဗျာ။ ပြီးမှ ကျွန်တော်ကမြစိမ်းဆီကို သွားမယ်။

"တောက်"

အစိမ်းစကားဆုံးသည်နှင့် စောထွန်းရွှေသည် ဒေါသဖြင့် တောက်ခေါက်လိုက်ကာ သားဖြစ်သူအစိမ်းကို မျက်စောင်းခဲကြည့်လေတော့၏။

"သည်ကောင်ကို အရူးထောင်အမြန်ပို့မှဖြစ်မယ်" လို့လည်း ပြောလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့ ကြိတ်ရယ်မိကြတော့သည်။

"ဖထီးရယ် တဆိတ်လောက်သည်းခံလိုက်စမ်းပါ၊ သူပြောတာတွေ ဟုတ်မဟုတ် သူခေါ်ရာလိုက်ကြည့်လျှင် အဖြေပေါ်ပြီ"

သို့ လင်းမြင့်လှိုင်ကပြောလေမှ စောထွန်းရွှေနုတ်ဆိတ်သွားတော့၏။ သို့ဖြင့်လည်း ကျွန်တော်တို့ထိုနေရာလေးမှထွက်ခဲ့ကြလေသည်။

သို့ထွက်ခဲ့ကြသည်ဆိုရာ၌ နွယ်ရှင်တောကို ဖြတ်ခဲ့ရမြန်လေသည်ကြောင့် ဂရုတစိုက် ရှိကြချေ၏။ သို့ကြောင့်လည်း ခရီးနှေးဒင့်နှေးကြွဲကြာရခြင်းဖြစ်၏။





ရှေ့မှလမ်းပြသွားနေသော အစိမ်းသည် မြစိမ်းနှင့်တွေ့ရလေမည်ကို တွက်ဆထားလေခြင်းကြောင့်ရယ်လား မသိ။ တက်ကြွလို့နေချေ၏။

"ငါတို့ လျှောက်လာတဲ့ခရီးများ မှားနေလား၊ မင်း မြစိမ်းတို့တဲစုသွားလမ်းများမှားနေလားမသိ"

သို့လင်းမြင့်လှိုင်က ပြောသည်တွင် အစိမ်းက နောက်လှည့်မကြည့်လေဘဲ။

"ဟို ရှေ့က တောင်ကြောပေါ်ရောက်လျှင်ဖြင့် မြစိမ်းတို့နေတဲ့ တဲစုလေးလှမ်းမြင်ရပြီပဲ"

သို့ဆိုလေတော့ မည်သည့်စကားမျှစော၍ကတောက်ပြောနေစရာမလိုတော့ချေပြီဖြစ်ခြင်းကြောင့် နှုတ်ဆိတ်နေလိုက်ကြတော့၏။

အစိမ်း တောတိုးသွားရာနောက်အမီလိုက်ဖို့သာရှိချေလေသည် မဟုတ်ပါကလား။

မကြာလိုက်သောအချိန်လေးတွင် အစိမ်းပြောသော တောင်ကြောပေါ်သို့ ရောက်ခဲ့ကြတော့၏။

သူပြောသလိုပင် ထိုတောင်ကြော အစပ်မှလှမ်းတွေ့ရသော တောင်ကြောတို့ရှေ့နားလောက်ဆီမှ သစ်ပင်အုပ်တို့ကြားရှိ ဝါးတဲကလေးများကို ခပ်စိပ်စိပ်ခပ်ကျဲကျဲတွေ့လိုက်သည်။

"ကျွန်တော်ပြောတာ ယုံပြီလား"

သို့ ပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သစ်ပင်ချုံပုပ်နွယ်ပင်တို့ကြားမယ် တဲလေးတွေလို တော့တွေ့မိသား။ အနားရောက်မှ ဒါတဲပါကလားလို့ ပြောရမယ့်သဘောဖြစ်နေပြီ။

သို့ကျွန်တော် အစိမ်းကို ပြန်ပြောလိုက်ခြင်းဖြစ်၏။

"နို့ဖြင့်လည်းလာဗျာ သွားစို့"

အစိမ်းတစ်ယောက် ဒေါသထွက်သွားပုံရ၏။

ကျွန်တော်ကိုလည်း သူ့စကားမယုံရကောင်းလားဆို ပြီး မကျေမနပ်ကြည့်လာချေ၏။

ထိုသည်ကို ရိပ်မိသော စောထွန်းရွှေက

'ဟိုကောင် ဖိုးခွား၊ မင်း ဘယ်လိုဖြစ်နေတာတုန်း၊ မင်းအခုအကြည့်ပြင်လိုက်စမ်း။ ပြီးတော့ ငါ့မိတ်ဆွေကို တောင်းပန်လိုက်ချေ။

"ဘာဆိုင်လို့လဲ"

"ဘာဆိုင်ရမှာလဲ မင်းက ဆရာပိုက်ကို မကျေနပ် သလို ကြည့်နေတာကိုး၊ ပြီးတော့ သူတို့နားချင်သေးမှာပေါ့ ဘာအလောတကြီးဖြစ်နေရတာတုန်း"

သို့နှယ် စောထွန်းရွှေက အစိမ်းကို မာန်မဲနေလေခြင်း ကြောင့်

"ဖထီးရယ် ကျွန်တော်က သက်သက် သူ့ကိုစချင်လို့ ပါ။ သူပြောတာ ဟုတ်ပါတယ်။ ဟိုးရှေ့မယ် မြစိမ်းတို့နေတဲ စုလေး ဟုတ်တယ်လေ။ မြင်တယ်လေ ကိုလင်းလဲမြင်တယ် မဟုတ်လား။"





သို့ဆိုသလို ကျွန်တော်က လင်းမြင့်လှိုင်က လှည့် ပြောလိုက်၏။ လင်းမြင့်လှိုင်သည် လှမ်းကဲကြည့်လိုက်ပြီး

"မြင်ပါတယ်ကိုပိုက်ရဲ့ ဘာဖြစ်လို့တုန်း"

ကိုလင်းမြင့်လှိုင်သည် ပြုံးစိစိမျက်နှာသေးဖြင့် ပြော လာချေတော့၏။ လင်းမြင့်လှိုင်စကားကြောင့် အစိမ်းတစ် ယောက်ပြုံးလာချေတော့၏။ ကျွန်တော် ဘာကိုလှည့်၍လည်း မေးဆက်ပြတွေ့ပြီကြားပြီမဟုတ်လားလို့ ပြောလာသည့်နှယ် ဖြစ်တော့၏။

စောထွန်းရွှေတစ်ယောက်ကတော့မူ အဝေးသို့ လှမ်း ကြည့်လိုက်။ လင်းမြင့်လှိုင်နှင့်ကျွန်တော့်ကို ကြည့်လိုက်ဖြင့် အလုပ်ရှုပ်နေတော့၏။ အံ့အားသင့်နေပုံလည်းရ၏။

"ဆရာလေးတို့"

"အဲဒါ မြစိမ်းတို့တဲစုပေပဲပေါ့။ ဘာလဲ ဖထီးမမြင် ဘူးလား။ အင်းလေဘယ်မြင်နိုင်ပါ့မလဲ။ အသေအချာကြည့်မှ တဲစုဆိုတာကို ကွင်းကွင်းကွက်ကွက် သိနိုင်မြင်နိုင်မှာ။"

သို့နှယ် ကျွန်တော်က စောထွန်းရွှေကို ပြောရင်း ပြုံးစိစိ လုပ်ပြလိုက်၏။

"အော် အင်း အင်း"

စောထွန်းရွှေတစ်ယောက် မျက်နှာတွင် အံ့ဩမှုတို့ ဖုံးလွှမ်းသွားချေတော့သည်။

"ကဲ ဖိုးခွား မင်းပြောတဲ့ မြစိမ်းတို့နေရာလေးကို လှမ်းမြင်ရပြီ၊ နို့ပေမင့် ပြီးမှသွားကြတာပေါ့၊ သည်မယ်



www.burmeseclassic.com

www.burmeseclassic.com



ခဏနားဦးမယ်ကွာ ဆာလည်းဆာပြီ”

သို့ ကျွန်တော်ကစလိုက်၏။

‘အဲဒီကို မမှောင်ခင်သွားမှ ဖြစ်မှာနော်” လို့ ပြောလာလေ၏။

“အေးပါဗျာ၊ ခုဘာရှိသေးတာမှတ်လို့ ခဏတဖြုတ်ပဲ နားမှာပါ။ ပြီးတော့သွားကြတာပေါ့”

“ကိုပိုက်ရေ ကျွန်တော် စားစရာသွားရှာချေဦးမယ်ဗျာ”

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကျွန်တော်တို့ နားနေသည်တောင်ကြောအောက်ဘက်သို့ သေနတ်စွဲ၍ ထွက်သွားလေတော့၏။

လင်းမြင်လှိုင်ထွက်သွားသည်နှင့် ကျွန်တော်တို့သည် အရွက်ဖါးဖါးအုပ်အုပ်ဆိုင်းဆိုင်း ကျွန်းပင်ကြီးအပင်ခြေတွင် ထိုင်နားလိုက်သည်။

‘ဒိန်း’

မကြာ[illegible]ကသောအချိန်ကလေးတွင် တောင်ကြောအောက်ခြေဘက်မှ ပြင်းထန်သောယမ်းအားပေါက်သံကိုကြားလိုက်ရချေ၏။

“လင်းမြင့်လှိုင် သားကောင်တွေ့လိုက်ပြီထင်ပါရဲ့” လို့ ကျွန်တော်ကပြောလိုက်၏။

သို့ပေမင့် လင်းမြင့်လှိုင်တစ်ယောက် ပြန်လာသည်တွင် လက်ချည်းသက်သက်ပြန်လာလေ၏။ သို့ငြား–

“အောက်ဘက်မြောင်ဝမယ် ကျွန်တော်ဝံတစ်ကောင် ပစ်လိုက်တယ်၊ အဲဒီနားမလဲစခန်းသာတယ်၊ ရေလည်းနီး တယ်၊





ကျွန်တော်တို့ရှေ့ဆက်သွားရမယ်ခရီးကလည်း အဲဒီကဖြတ်သွားရမှာဆိုတော့ အဲဒီနားမှာစခန်းချကြတာပေါ့”

သို့ဖြင့် ကျွန်တော်တို့သည် လင်းမြင့်လှိုင်ဦးဆောင်ခေါ်သွားရာနောက်လိုက်သွားကြတော့၏။

လင်းမြင့်လှိုင်တို့ပြောသည့် မြောင်ဝသို့ရောက်သည်တွင် ဝံကောင်သေတစ်ကောင်ကိုတွေ့လိုက်ကြရ၏။

လင်းမြင့်လှိုင်ပစ်ထားသောဝံကောင်ကြီးဖြစ်၏။

ဝံကောင်သေနားရောက်သည်တွင် မှောက်ခုန်ကြီးဖြစ်နေသဖြင့်ဆွဲလှန်လိုက်၏။

“ဟာ”

“ဟင်”

ကျွန်တော်သည် ဝံကောင်ကိုကြည့်လိုက် အစိမ်းမျက်နှာကိုကြည့်ဖြင့်ရှိချေတော့၏။

ဝံကောင်ကြီး၏မျက်နှာတွင် ကန့်လန့်ဖျတ်အမာရွတ်ဒဏ်ရာကြီးရှိနေလေတော့၏။

သို့ဆိုပါလျှင် လင်းမြင့်လှိုင်ပစ်လိုက်သောဝံကောင်သည် တိုးလုံဖြစ်နေသည်ပေါ့။

တိုးလုံသေပြီပေါ့။

အစိမ်းတစ်ယောက်ပြောခဲ့သည်မှာ စိတ်ရူးပေါက်ပြောခဲ့ခြင်းများမဖြစ်နိုင်ဟုထင်ရမလိုဖြစ်မိလေတော့၏။

ဟုတ်ပြီ၊ ရှေ့လျှောက်မြစိမ်းတို့တဲစုတွေ့မည်။

မြစိမ်းကိုတွေ့မည်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အကို(၂) (၃)ဆိုသည့်အမွှာညီနောင်ကိုတွေ့ကြရမည် ဆိုပါလျှင်အစိမ်းပြောသည့်စကားများကိုလက်မခံ၍မဖြစ်ချေတော့ပြီ။

သို့ဆိုပါလျှင် ကျွန်တော်သည်စောထွန်းရွှေကိုစေ့စေ့ကြည့်လိုက်လေပြီး

"ဖထီးသားကိုအိမ်ထောင်ချပေးသင့်ပြီနော်"လို့ နောက်ပြောင်ပြောလိုက်မိတော့၏။

"ဟုတ်တယ်နော်အပါး" သို့အစိမ်းကဝင်ပြောလေသည်။

"အစိမ်းသည်ဘက်လာကြည့်လေ၊ သည်ဝံကောင်က တိုးလုံလား"

ကျွန်တော်ကအစိမ်းကိုလှမ်းခေါ်လိုက်သည်ကြောင့် အနားရောက်သော်ဝံကောင်ကိုစူးစူးရဲရဲကြည့်လိုက်လေပြီး

"ဟာ ဒါ တိုးလုံပေပဲ"

လို့စမ်းသာအားရပြောလေတော့၏။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။ လင်းမြင့်လှိုင်က ပြုံးစိစိလုပ်ကာခေါင်းဆတ်ပြလာချေတော့သည်။ ပြီးနောက်

"တဲ နားဦးမယ်"ဆိုလျက် လင်းမြင့်လှိုင်သည် သစ်တပင်အောက်တွင် သစ်ပင်စည်ကိုကျောမှီလျက် ခြေပစ်လက်ပစ်ထိုင်လိုက်လေတော့၏။

"ရင်အုံသားကိုအရင်ဖြတ်ယူမီးကင်ချေဗျာ"

သို့ကျွန်တော်ပြောပြီး လင်းမြင့်နားသွားထိုင်လိုက်၏။ ဝံကောင်ကိုဖျတ်သည့်အလုပ်ကို စောထွန်းရွှေတို့သားအဖဆက်လုပ်ကြပေရှာမည်။





"ကိုလင်း ဘယ်လိုသဘောရသလဲ"

လင်းမြင့်လှိုင်အိပ်မပျော်သေးမှန်းသိသည်ကြောင့် တိုးတိုးကပ်ပြောလိုက်၏။

လင်းမြင့်လှိုင်သည်မှိတ်ထားသောမျက်လုံးကို ဖွင့်မလာ။

"သူ့ပြောတဲ့တဲစုလေးနားသွားကြည့်ကြဦးမယ်ဗျာ၊ ပြီးတော့မှ ဘာဆက်လုပ်လျှင် ကောင်းမလဲတိုင်ပင်ကြတာ ပေါ့"

"အင်း"

ကျွန်တော်သည် သည်မျက်လုံးအစုံကိုမှိတ်သစ်ပင်ကိုကျောမှီအိပ်လိုက်တော့သည်။

အတန်ကြာတွင် မျက်လုံးများလေးလံလာ၏။

အိပ်ပျော်လုပျော်ခင်အချိန်ကလေးတွင်

"စားလို့ရပြီ"

သို့အသံကြောင့်မျက်လုံးကျယ်လာတော့၏။

စောထွန်းရွှေသည် နံဘေးမှနေ၍ဝံသားမီးကင်တစ်ချောင်းကို အငွေ့တထောင်းထောင်းရှိနေသည့်ကြားမှ အားပါးတရ ကိုက်ဝါးစားနေလေ၏။

သို့ကြောင့် ကျွန်တော်သည် ဆာလောင်နေသည်ကြောင့် လင်းမြင့်လှိုင်ကိုလှုပ်နှိုးလိုက်၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဝံသားကင်ကိုစား ရင်း ဝီစကီသောက်လိုက်ကြ၏။

အစိမ်းတစ်ယောက် ငဏာမငြိမ်ဖြစ်နေလေ၏။

"ဘာဖြစ်နေတာလဲ စားလိုက်ဦးလေ"

စောထွန်းရွှေကလှမ်းကြည့်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မစားချင်သေးဘူးအပါးရာ၊ ငါမြစိမ်းတို့ဆီသွားနှင့်လျှင်ကောင်းမလားမသိဘူး"

အလိုလေးဗျာ၊ အစိမ်းတစ်ယောက်တော့ မငြိမ်ဖြစ်ကာဖင်တကြွကြွရှိနေသည်မှာ မြစိမ်းထံသွားလို၍ ဖြစ်နေပါကောလား။ သို့ကြောင့်

"မင်းတစ်ယောက်တည်းသွားရဲလို့လား၊ တော်နေ့တိုးလုံနဲ့တိုးလျှင် ဘယ်နှယ်လုပ်မလဲ"

ကျွန်တော်က အတည်ပေါက်ပြောလိုက်၏။

"အင်း ဒါလည်းဟုတ်ပေသားပဲ"

သို့သာပြောပြီး အစိမ်းသည် မီးပုံနံဘေးနားမှာပင်ခြေပစ်လက်ပစ်ထိုင်လိုက်လေ၏။

စောထွန်းရွှေသည် လင်းမြင့်လှိုင်ဘက်အဓိပ္ပါယ်ပါပါပြုံးပြလိုက်ပြန်၏။ သူပြောတဲ့တိုးလုံအသား ကျွန်တော်တို့စားနေကြတယ်ဆိုတာ သူသတိမေ့လျော့သွားပုံပါပဲ။

"ကျွန်တော်တော့သဘောပေါက်လိုက်ပြီကိုလင်း ရေ၊ သည်ကနေပဲလှည့်ပြန်ကြရင်ကောင်းမလား"

သို့ကျွန်တော်ကအံ့သြလေတော့၏။

"အဲလိုလည်းမဖြစ်နိုင်တော့ဘူးဗျ၊ ဆန္ဒမစောပါနဲ့ဦးကိုပိုက်ရယ်၊ သူပြောတဲ့တဲစုလေးနားသွားကြသေးတာပေါ့၊ ခိုင်လုံတဲ့သက်သေတွေ့ရပြီဆိုလျှင်ဖြင့် အစိမ်းအတွက်အကောင်းဆုံးဖြစ်အောင်လုပ်ပေးရတော့မပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် စားသောက်ပြီးသည်တွင် အစိမ်းကိုဦးဆောင်စေ၍ ထိုနေရာလေးမှထွက်ခဲ့ကြတော့၏။





"ဟာ ဟိုမယ် ဟိုမယ် တိုးလုံ တိုးလုံ"

ရှေ့မှသွားနေသော အစိမ်းသည်သို့နှယ်ပြောရင်းနောက်ပြန်လှည့်ပြေးလာသဖြင့် သူညွှန်ပြရာလှမ်းကြည့်လိုက်၏။

"ဒိန်း"

ကျွန်တော်သည် လက်တွင်းရှိသေနတ်ဖြင့်လှမ်းပစ်လိုက်၏။ ပြီးတော့မှ

"မင်းပြောတဲ့တိုးလုံပြေးသွားပြီ၊ ဘာမှမကြောက်နဲ့တော့"လို့ပြောလိုက်ရတော့၏။

"မြစိမ်း" "မြစိမ်း" "မြစိမ်း"

အစိမ်းက နှုတ်မှတတွတ်တွတ်ရွတ်ဆိုရင်း တောတိုးလျှောက်သွားပြန်လေ၏။

သို့နှယ်အော်ဟစ်သွားရင်းမှ

"သည်မယ်လေ တဲတွေ တဲအိမ်တွေ၊ လူနေတာတစ်ယောက်မှမတွေ့ပါကလား၊ ဘယ်သွားနေကြပါလိမ့်၊ မြစိမ်းမြစိမ်း၊ မြစိမ်း"

သို့နှယ် တစ်ယောက်တည်း "မြစိမ်း"ရယ်လို့ အကြိမ်ကြိမ်အလီလီခေါ်နေတော့၏။

သူပြောသည့် ဝါးတဲတွေဆိုလို့ တဲဟောင်းတဲပျက်တဲဆွေးများသာရှိချေတော့၏။

ဝါးခုတ်သမားတို့စခန်းဟောင်းနေရာဖြစ်ပေတော့ ၏။ လူနေတဲတွေလိုမဟုတ်၊ ခဏတာယာယီတဲလေးများဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်း" "မြစိမ်း" "မြစိမ်း"

အစိမ်းသည် သို့နှယ်တတွတ်တွတ်အော်လိုက်တဲ့ပျက်များအနားသွားလေ့လာအကဲခတ်နေလေသဖြင့် ကျွန်တော်တို့သည် အစိမ်းကိုကြည့်ကာရင်မောလျက်ရှိတော့၏။

"ငါတို့ပြန်သင့်ပြီထင်တယ်"

စောထွန်းရွှေကသူ့သားကိုကြည့်၍ စိတ်မကောင်းစွာပြောလာတော့၏။

သို့ဖြင့် ကျွန်တော်သည် အစိမ်းနားသို့သွားလိုက်လေပြီး –

"မြစိမ်းတို့မရှိကြဘူးထင်တယ်၊ ပြန်ကြမယ်"လို့ပြောလိုက်၏။

"အေးဗျာ ဘယ်များသွားလဲမသိဘူး"

"တစ်နေရာမယ်ရှိမပေါ့၊ ငါတို့တွေရှာပြန်ကြတာပေါ့"

သို့ကျွန်တော်ကပြောလိုက်သည့်တွင် အစိမ်းတစ်ယောက်ခေါင်းကိုခါယမ်းလိုက်လေပြီး

"ငါ မြစိမ်းကိုရှာတွေ့ပြီးမှ သူ့ကိုခေါ်ပြီးပြန်မယ်" လို့ပြောလာသဖြင့် လင်းမြင့်လှိုင်သည် ကျွန်တော်တို့နှစ်ယောက်နား ရောက်လာလေပြီး–

"အကို (၂)နဲ့ (၃)ကဖမ်းသွားပြီလားမသိဘူး"

လို့ပြောလေသဖြင့် –

"ဟာမဖြစ်နိုင်တာ၊ ဘယ်လိုလုပ်မလဲ"လို့စိုးရိမ်ပူပန်မှုလေးဖြင့် မေးလာလေ၏။

"အကို(၂)နဲ့အကို(၃)ကိုရှာရမပေါ့၊ သူတို့ကိုတွေ့မှ





မင်းရဲ့မြစိမ်းကိုတွေ့မှာလေ"

"ကူကြပါဦးဗျာ၊ သည်ကောင်တွေမြစိမ်းကိုအလွတ်ပေးမှာမဟုတ်ဘူးဗျ"

"အေးပါ၊ ကဲ လာလာ သူတို့နောက်အမီလိုက်ရလိမ့်မယ်"

ကျွန်တော်သည်အစိမ်းကိုသို့နှစ်သိမ့်ပြော၍ လက်ဆွဲခေါ်လာလမ်းပြန်လှည့်လိုက်လေ၏။ သည်တော့လည်း အစိမ်းတစ်ယောက် ကြည်ကြည်သာသာလိုက်ပါလာလေတော့၏။

သို့ဖြင့်ကျွန်တော်တို့တောတိုးပြန်ခဲ့ကြရာမှ ခရီးအတန်ရောက်သည့်တွင် ကျွန်တော်တို့နှင့်အတူလင်းမြင့်လှိုင်ပါမလာခြင်းကိုသိလိုက်သည်ကြောင့်–

"ကိုလင်းနောက်ကျန်ခဲ့ပြီထင်တယ် စောင့်ကြဦးစို့"

ဆိုလျက် နားနေထိုင်လိုက်ကြတော့၏။

အတန်ကြာတွင် လင်းမြင့်လှိုင်နောက်မှအပြေးကလေးရောက်လာလေသည်။

"ဘယ်လိုဖြစ်လို့ နောက်ကျန်ခဲ့တာတုန်း"

ကျွန်တော်ကမေးလိုက်၏။

"နောက်ဘက်လမ်းခွဲလေးတခုမယ် ဝါးခုတ်သံကြားလိုက်လို့ သွားကြည့်နေတာကြောင့်ကျန်ခဲ့တာပါ"

"အော်"

"ကဲ ဆက်သွားကြစို့"

သို့နေရာလေးမှထွက်ခဲ့ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့လျှောက်ခဲ့ကြရင်း ကျွန်တော်တို့နောက်ဘက်မှသော်လည်းကောင်း၊ နံဘေးမှသော်လည်းကောင်း ခြေသံကြားလိုက်သဖြင့် ဂရုတစိုက်ကြည့်လှမ်းလေ့လာအကဲခတ်မိလေ၏။

"ဘာကောင်များလေလဲ၊ ခြေရာခံလိုက်နေတဲ့ပုံဗျ"

သို့ဆိုသလို ကျွန်တော်ကပြောလိုက်၏။

"အေးဗျ"

လင်းမြင့်လှိုင်ကလည်းပြောရင်း သူ့လက်တွင်းရှိသေနတ်ကိုမောင်းတင်လိုက်၏။ အန္တရာယ်ကောင်ဖြစ်ပါက လက်ဦးမှုရယူရန်ဖြစ်သည်။

အစိမ်းသည်လည်း စိတ်ဝင်စားနေပုံဖြစ်၏။ ကျွန်တော်တို့ကိုကြည့်လိုက် နံဘေးနားရှိချုံမှတ်နွယ်ပင်တို့ကို ကြည့်လိုက်ဖြစ်နေလေတော့၏။

စောထွန်းရွှေကလည်း တစုံတရာကိုတွေ့ရနိုး ကဲကြည့်နေလေ၏။ အန္တရာယ်လေလား၊ အကောင်လေလား။ စိတ်ဝင်တစားရှိကြပုံပင်။ သို့ရှိစဉ်–

"ဟာ ဟိုမယ်" ဆိုလျှက်လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်လေ၏။

"ဒိန်း"

"ဟာ"

"ဟင်"

လင်းမြင့်လှိုင်၏ပစ်ချက်လွဲချော်သွားပုံရ၏။ သို့လည်းခပ်စောင်းစောင်းလို့ဖြစ်ရပေမည်။ သို့မဟုတ်ပါက လင်းမြင့်လှိုင်တစ်ယောက်လူသေမှုဖြင့် အချုပ်ခံရပေလိမ့်မည်။





"တော်ပါသေးရဲ့၊ သားကောင်ထင်တာ လူဖြစ်နေတယ်၊ ကိုပိုက်တွေ့လိုက်လား"

"တွေ့တယ်၊ နှစ်ယောက်ဗျ"

"ဟာ နို့ဖြင့် အကို(၂)နဲ့(၃)ဖြစ်မယ်ဗျ"

အစိမ်းကပြောလာလေ၏။

"ဟုတ်တယ်မင်းပြောသလို အကို(၂)နဲ့(၃)ဖြစ်မယ်၊ သူတို့နောက်လိုက်ကြရအောင်၊ နို့မှမြစိမ်းကိုတွေ့ရမှာလေ ကွာ"

"ဟုတ်တယ်၊ ဟုတ်တယ်" လို့အစိမ်းကပြောလာလေသည်။

သို့ဖြင့် ကျွန်တော်တို့သည် ထွက်ပြေးသွားသူနောက် မျက်ခြေမပြတ်လိုက်သွားကြတော့၏။

အလိုလေးဗျာ တောတိုးလိုက်ခဲ့ကြရင်းတောစပ်နားသို့ရောက်လာကြပါကလား။

သို့ဆိုလျှင်ဖြင့် 'အကို(၂)နှင့်(၃)သည် တောနက်တွင်းမှရွာသို့ပြန်ပြေးလာကြခြင်းပါကလား။

စောထွန်းရွှေသည် ရွာနားသို့ချဉ်းကပ်လာပြီဖြစ် သည်သိလိုက်ခြင်းကြောင့် ဝမ်းသာသွားကာ–

"ဆရာကလည်း ဟိုလူနှစ်ယောက်ကိုမတွေ့ရင်နေ၊ ရွာကိုရောက်နေပြီပဲ၊ ဖိုးခွားလေးကိုရွာပြန်ခေါ်သွားကြတာပေါ့ကွာ၊ ဟုတ်လား" လို့ပြောလေတော့၏။

"နို့ကြောင့်လည်း ကျွန်တော်တို့ရွာဘက်ပြန်လာခဲ့တာပေါ့" ဆို့လင်းမြင့်လှိုင်ပြောလေသဖြင့် ကျွန်တော်အံ့သြမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့်ပါလဲ။ အကို(၂)နှင့်(၃)နောက်လိုက်ခဲ့ကြလေပြီး လက်လျော့လေတော့မှာလား"

သို့မေးအကြည့် ကိုလင်းမြင့်လှိုင်သဘောပေါက်သွားပုံရချေ၏။

"လောကကြီးမယ် မရှိတဲ့လူနှစ်ယောက်နောက်ကို ဘာလို့လိုက်စရာလိုမလဲဗျာ"လို့ပြောလေတော့၏။

"ကိုလင်းရှင်းအောင်ပြောဗျာ"

သို့ပြောလိုက်ပြန်၏။

"အရှင်းဆုံးပြောရလျှင် ကျွန်တော်တို့နောက်ယောင်ခံလိုက်နေကြတာ အကို(၂)နဲ့ (၃)ဆိုတာမဟုတ်ဘူးဗျ၊ ဝါးခုတ်သမားနှစ်ယောက်ဗျ"

"ကိုပိုက် သတိထားလိုက်မိလား၊ ကျွန်တော်နောက်ကျန်ခဲ့တာလေ"

"အေးလေဗျာ ဘာဖြစ်လဲ"

"ကျွန်တော်အဲဒီဝါးခုတ်သများနှစ်ယောက်ဆီသွား ပြီးအကူအညီတောင်းခဲ့တာဗျ"

"ဘာလဲဗျာ၊ ရှုတ်နေတာပဲ"

"ဘာမှမဟုတ်ဘူး၊ ရှင်းရှင်းလေးပါဗျာ၊ အစိမ်းကစိတ်မမှန်ပေဘူးဗျ၊ သွက်သွက်ခါတော့မဟုတ်ဘူး၊ ယဉ်ယဉ်လေးအဆင့်ပဲရှိပါတယ်။ အကို(၂)(၃)တကယ်မရှိဘူး၊ အိုဗျာ (၁)လဲမရှိ၊ ဘာမှမရှိဘူး၊ အစိမ်းရဲ့စိတ်ကဖြစ်နေတာ၊ နို့ကြောင့်ဟိုဝါးခုတ်သမားနှစ်ယောက်ကို အကူအညီတောင်းရတာပေါ့၊ အကို(၂)(၃)အဖြစ်နဲ့ဟန်ဆောင်ခိုင်းလိုက်တာလေ၊





ကျွန်တော်တို့နောက် နောက်ယောင်ခံလိုက်ခဲ့ပါ၊ ကျွန်တော်သေနတ်နဲ့ပစ်လိုက်လျှင် ထွက်ပြေးကြပေါ့လို့၊ နို့မှ ကျွန်တော်အစိမ်းကိုရွာဘက်ပြန်ခေါ်လာလို့ရမှာလေ"

"အော်နို့ကြောင့် ဝါးခုတ်သမားနှစ်ယောက်ကကျွန်တော်တို့ကိုအရိပ်အယောင်ပြပြီး ရွာဘက်ပြေးလာကြတာကိုး"

ကျွန်တော်လင်းမြင့်လှိုင်အဘောကိုသိလိုက်ကြ၏။ သို့ပေမင့်လို့ ကျွန်တော်မရှင်းတာရှိလေသဖြင့်

"နို့ဖြင့် မြစိမ်းကောဗျာ" လို့ပြောလိုက်၏။

လင်းမြင့်လှိုင်ကခေါင်းခါပြပြန်၏။ ပြီးလေမှ စဉ်းစားဟန်ပြုလိုက်လေပြီး

"ဘုရားပွဲမှာတွေ့လိုက်တဲ့အစိမ်းရောင်ဝတ်ကောင်မလေးကိုစွဲလန်းမိပြီး စိတ်ကူးယဉ်ရာတနေ တကယ်အဟုတ်လို့ထင်သွားတာနေမပေါ့"

"ကိုလင်းရယ် နို့ဖြင့် တိုးလုံကော"

ခေါင်းခါလေသဖြင့် ကျွန်တော်သည် လင်းမြင့်ကိုကြည့်၍ပြုံးရုံပြုံးလိုက်လေကာ–

"တိုးလုံကို ကိုလင်းပဲပစ်သတ်လိုက်တာလေ၊ အဲဒီဝံကောင်မျက်နှာမယ် ဒါးခုတ်ခံရဒဏ်ရာကြီးရှိနေတယ်လေ၊ ဒါဟာအစိမ်းခုတ်လိုက်တာမဟုတ်လား၊ နို့ဖြင့် ဝံကောင်တိုးလုံတော့တကယ်ရှိနေပြီး မြစိမ်းတို့ ညီနောင်ငါးဖော်တို့မရှိဘူး၊ ရှိတယ်ဆိုတာဘယ်လိုပြောနိုင်မလဲ"

သို့ကျွန်တော်ကမေးလိုက်၏။

"ခက်ပါပြီကောကိုပိုက်ရယ်၊ ဝံကောင်တစ်ကောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူထိတ်တိုက်ရင်ဆိုင်ခဲ့ရပါလိမ့်မယ်၊ နို့ပေမင့်လို့ အဲဒီဝံကောင်ကိုပဲသူကတိုးလုံလို့စိတ်ထဲဆွဲမှတ်လိုက်တာပေါ့ဗျာ"

"ဒါထားပါဦး၊ စောလော်တီသေရတာကော"

"စောလော်တီကလည်း အစိမ်းခေါ်ရာနောက်ကိုမယုံမရဲလိုက်ခဲ့ရာကနေ အဲဒီဝံကောင်နဲ့တွေ့ပြီး တိုက်ခိုက်ခံရလို့သေသွားတာပဲဖြစ်မပေါ့ဗျာ"

သို့လင်းမြင့်လှိုင်ရှင်းပြလေမှ ကွက်ကွက်ကွင်းကွင်းသိလိုက်ရတော့၏။

"နို့ဖြင့် အစိမ်းကိစ္စကိုလင်းဘယ်လိုဆက်လုပ်မလဲစိတ်ကူးလဲ"

"ဖထီစောထွန်းရွှေနဲ့တိုင်ပင်ပြီး စိတ်ကျန်းမာရေးဆေးရုံပို့ရမှာပေါ့ဗျာ"

တကယ်တော့ အစိမ်းဆိုသောကောင်လေးသည် စွဲလန်းမှုလွန်ကဲပြီး စိတ်ကူးယဉ်မိရာမှ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားရခြင်းပင်ဖြစ်တော့၏။

သူ၏စိတ်ကူးယဉ်ခြင်းကို ကျွန်တော်သည်ပင် ဖြစ်ရပ်မှန်ဟုထင်ခဲ့လေသည်ပဲ . . . . ။

စာဖတ်ပရိသတ်အားလေးစားကြိုးစားလျက်

ကိုပိုက်
၂၁-၅-၂၀၀၆
၃း၀၅ စာ



www.burmeseclassic.com